www.burmeseclassic.com

နွမ်ဂျာသိုင်း
မောင်ပိန်ဝင်း (ပုတီးကုန်း) နှင့်
မျက်သွယ်

# ခရမ်းရင့်
# အလွမ်းသစ်နဲ့
# မောင့်ချယ်ရီ

BURMESE CLASSIC

ပန်းမင်းမဂ္ဂ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်
၅၀၁၄၂၇၀၆၁၁

မျက်နှာဖုံးခွင့်ပြုချက်
၅၀၁၃၆၅၀၆၁၁

၂၀၀၆ ခုနှစ်
ဒီဇင်ဘာလ

ပထမအကြိမ်

စောင်ရေ ၅၀၀
တန်ဖိုး ၅၀၀

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်ခင်အေးမြင့်
ရာပြည့်ပုံနှိပ်တိုက်
အမှတ် ၁၉၉၊
လမ်း ၅၀ (အထက်)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်
ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊
ပုလဲမြို့ (၃)၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ကွန်ပျူတာ
NEW LIFE
အမှတ် ၁၇၇၊
၃၅လမ်း(အလယ်)၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချိရေး
ကံ့ကော်ဝတ်ရည်စာပေ
အမှတ် ၅၁၊
ရေကျော်လမ်းမကြီး
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။

စာအုပ်ချုပ်
ကိုခင်မောင်မြင့်
ဖူးပွင့်မွှေး

ပန်းမင်းမဉ္ဇူ စာပေ

အမှတ် ၁၃၉ (ပ)ထပ်၊ လမ်း ၅၀ (အထက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ချမ်းရင့် အလွမ်းသစ်နဲ့ မောင့်ချယ်ရီ

မောင့်ချယ်ရီဦး ---------------------- နွမ်ဂျာသိုင်း

အလွမ်းသစ်နဲ့ ကျွမ်းရစ်တော်မူ ---------- မောင်စိန်ဝင်း(ပုတီးကုန်း)

ချမ်းရင့်ရင့်မိုးတိမ် ------------------ မျက်သွယ်

www.burmeseclassic.com

www.burmeseclassic.com

# မောင့်ချယ်ရီဦး

နှမ်ဂျာသိုင်း

www.burmeseclassic.com

www.burmeseclassic.com



သည်နေ့ ၁၉၈၅ ခုနှစ်၊ ဇန်နဝါရီလ တစ်ရက်နေ့။

နှစ်တစ်နှစ်ရဲ့ အဦးဆုံး၊ အသစ်ဆုံး၊ နှစ်သစ်ဦး၊ နှစ်သစ်ကူး နေ့။ ချယ်ရီ့ကို သတိရအောက်မေ့သည်။

အိပ်ရာမှ ခုချက်ချင်းထ၍ နေ့သစ်ရဲ့ အရုဏ်တက်ချိန်အစ နံနက် ၅ နာရီမထိုးမီ ဘုရားရောက်အောင်သွားမည်။ တနင်္လာထောင့်တွင် ပန်း ၁၇ ခိုင်၊ ဆီမီး ၁၇ တိုင်၊ ရေချမ်း ၁၇ ခွက် ဘုရားတွင် ကပ်၍ ဆုတောင်းမည်။

သည်နေ့ ချယ်ရီ၏ ၁၇ နှစ်မြောက် မွေးနေ့။

၁၉၈၃ ခုနှစ်၊ ဇန်နဝါရီလ တစ်ရက်နေ့ကလည်း နံနက် ၅ နာရီမထိုးမီ ဘုရားပေါ်သို့ တစ်ခါရောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တဖျာလည်းရေး၊ ပေဒင်လည်းတွက်၊ တက္ကသိုလ်ကျောင်းသားလည်းဖြစ်သောသူငယ်ချင်းတစ်ယောက်က ဆတ်ဆတ် ဆော့ဆော့လုပ်ပြီး ကျွန်တော့်ကို ပေဒင်တွက်သည်။ ဘာဘာညာညာ မေးမြန်းပြီး စာရွက်တစ်ရွက်၌ တောင်ခြစ် မြောက်တွက်လုပ်ပြီး သကာလ ၁၉၈၃ ခုနှစ်တွင် မောင်ရင်လုံးဝမကောင်း၊ ယတြာချေပေးလျှင်ကောင်းမည်ဟု ပြောသည်။

ကျွန်တော်က လူပေဒင်ကို သိပ်မယုံ။

"နေပါဦး၊ ငါကဒီနှစ်မှာ မကောင်းဘူးဆိုတော့ ဘာမကောင်းတာလဲ၊ ပညာရေးလား၊ စီးပွားရေးလား၊ လူမှုရေးလား"

"အကုန်ပဲ"

'ဟာ . . . မဟုတ်သေးပါဘူးကွာ၊ ငါကြားဖူးတာတော့ ပေဒင်မှာ တော်ရုံမကောင်းရင် တစ်ခု နှစ်ခုဘဲ မကောင်းတာပါ၊ အကုန်လုံးမကောင်းမှတော့ ငါသေရုံရှိတော့တာပေါ့"

'ပြောလို့ဘယ်ရမလဲဟ၊ အဲဒီလိုဖြစ်ချင်လဲ ဖြစ်မှာပေါ့'

'ဟင် . . . နို့ . . . မင်းပဲပြောတော့ ၈၄၊ ၈၅ ကျတော့ ပြန်ကောင်းလာမယ်ဆို'

"အေးလေ။ အဲဒါဟုတ်တာပဲ"

"ဟ . . . ၈၄၊ ၈၅ မှာ ကောင်းမယ့် ကောင်က ၈၃ မှာ သေသွားနိုင်မလားကွ၊ မကောင်းရင်တစ်ခုတစ်လေပဲ မကောင်းရှိမှာပေါ့"

"ဒီလိုမဟုတ်ဘူး။ မင်း ၈၄ ၊ ၈၅ မှာ ကောင်းမယ်။ ဒါပေမယ့် အဲဒီ ၈၄၊ ၈၅ မှာ အသက်နဲ့တကွ ကောင်းနေမယ်လို့မှ ငါမပြောဘဲ။ အသက်မရှိဘဲ ကောင်းချင်ကောင်းနေမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"သောက်ကျိုးနဲ၊ မင်းပေဒင်ကလည်း ရက်စက်လှချည်လားကွာ"

"အေး အဲဒါကြောင့် ငါပြောတာပေါ့။ ယတြာသွားချေ။ ၈၃ ခုနှစ် ဇန်နဝါရီလတစ်ရက်နေ့ အရုဏ်မတက်ခင် ၅ နာရီအရောက် ဘုရားပေါ်သွား"

"မွေးနံထောင့်မှာ ဆီမီးသက်စေ့၊ ရေသက်စေ့၊ ပန်းသက်စေ့ လှူခဲ့"

'ဒါပဲလား'

"အေး ဒါပဲ။ လှူပြီးတော့ မင်းလိုရာဆုတောင်းခဲ့ပေါ့"

'တောင်းရင်ပြည့်မလား'

'ပြည့်တယ်၊ ငါအာမခံတယ်'

'ဟော့ကောင် ဝရဲကြီးမယ်နော်၊ ဘုရားအတွက်မင်းက အာမခံရအောင်မင်းကဘာကောင်မို့လဲ'

'ငါလား ၊ ငါ့နာမည်သေချာမှတ်၊ ငါ့နာမည် ပါဠိလိုစိန္တဝင်း မြန်မာလို စိန်ဝင်း၊ ပါဠိလို ပုတိ-ကုနန္ဒရ အရပ်ကလာတာ၊ မြန်မာလို ပုတီးကုန်းမြို့'

ဤသို့သော ပုဂ္ဂိုလ်၏ ညွှန်ကြားချက်အတိုင်း ဘုရားပေါ် ဘွန်တော်ရောက်လာခြင်းဖြစ်သည်။ ထိုနှစ်က ရန်ကုန်တက္ကသိုလ်မှ ဘွဲ့နှင်တော် တတိယနှစ်။

ချယ်ရီနှင့်မတွေ့ဆုံရသေး။

*** *** ***

www.burmeseclassic.com

www.burmeseclassic.com



ပုတိကုနန္ဒရအရပ်မှ စိန္ဒဝင်း၏ အိဂျစ်ဆရာကိုင်ရှိနှင့် ယောက်ဖနှစ်ဝမ်းကွဲတော်သော ထိုင်ဝိုနည်းစနစ်များဖြင့် ဟောကြား ချက်မှန်မမှန်တော့ မပြောတတ်။ ဘုရားပေါ်ရောက်၍ စနေထောင့်မှာ ဆီမီးရေချမ်း ပန်းတပ်လှူ၍ လိုရာဆုလေး တစ်ဆုတောင်းအပြီး လက်ယာရစ်အပတ်၊ ရာဟုထောင့်အလွန်လေးမှာ အတန်းထဲက သူငယ်ချင်းတစ်ယောက် ပါဝင်သောအုပ်စုတစ်စုနှင့် သွားဆုံသည်။

'ဟော့တောင် ထွန်းလတ်'

'ဟာ နေပါစိကြီးပါလား၊ ဘာလာလုပ်လဲ'

'အံမာ ဘုရားပေါ်လာတွေတာများ ဘာလာလုပ်တာလဲတဲ့၊ ဘာလဲ ဒီနေ့မနတ် အရှုဏ်တက်ဘုရားပေါ်မှာ အငြိမ့်လာကနေ တယ် များမှတ်နေလား'

တွန်တော်ရယ်လိုက်သည်။

'မဟုတ်ပါဘူး မမြရင်ရယ်၊ ရှုတ်တရက် တွေ့တွေ့ချင်း ဘယ်လို နှုတ်ဆက်ရမယ်မှန်းမသိလို့ ပါးစပ်ထဲအဆင့်သင့်ရှိတာနဲ့ နှုတ်ဆက် လိုက်ရတာပါ'

'အေးပြီးရော ဒါဖြင့်လဲဒီကိစ္စနဲ့ပတ်သက်လို့ ဘယ်လိုမှအရေး မယူထိုက်ကြောင်း စာတစ်စောင် ရေးပြီးငါ့အိမ်ပို့လိုက်ကြားလား'

'ဟုတ်ကဲ့ မမ'

'ကောင်းပြီ သွားတော့"

ပထမနှစ်ကတည်းက ခင်ခဲ့ပြီးတက္ကသိုလ်အနုပညာအသင်း မှာအတူတူကခုန်လှုပ်ရှားနေသူများမို့ နေပါစိမမြရင်နှင့် ကျွန်တော် တို့က အရမ်းခင်နေသည်။ သူနာမည်ရင်း ဖြူဖြူဆွေ ဆိုတာပင် ဘယ် ရောက်သွားမှန်းမသိအောင် ပျောက်နေ၏။

အငြိမ့်ကလျှင် သူကမင်းသမီးလုပ်၊ လေပါတီ သီချင်းများကို ကောင်းလည်းကောင်း၊ ကြိုက်လည်းကြိုက် ဆိုတတ်သူမို့ သူ့ကို ပြောင်ပြီး လေပါတီလိုတော့ လူကြိုက်မှာမဟုတ်ဘူး။ ပွဲငှားတွေက နေပါစေ ဒီမင်းသမီးဆို မငှားတော့ပါဘူးလို့ ပြောကြမှာပဲ ဒါကြောင့် နင့်နာမည်

www.burmeseclassic.com

www.burmeseclassic.com



နေပါစီမမြရင်ဖြစ်စေဟု အမည်သစ်ပေးပြီးကတည်းက ထိုနာမည်ပဲ တွင်တော့သည်။

နေပါစီကသွားတော့ဟု ဆိုသဖြင့် ကဗျာကယာ လှည့်ထွက်ရန်ပြင်သည်။ ကျွန်တော့်မလဲ ကျွန်တော့်အကြောင်းနှင့်ကျွန်တော်၊ သူသာကိုယ်ကဦးအောင် ဘုရားပေါ်ဘာလာလုပ်တာလည်း မေးမိ တာ။ ကျွန်တော့်ကို သည်မေးခွန်းပြန်မေးလျှင် အလွန်ဒုက္ခရောက် မည်ဖြစ်၏။

သည်အသက်အရွယ်နှင့် ဗေဒင်ယုံပြီး ယတြာလာချေသည် ဟုပြောမိလျှင် သူတို့ဝိုင်းနောက်တာနှင့် ကျောင်းမှာခေါင်းပင်ဖော် ဝံ့မှာမဟုတ်။ အခြားတစ်ခုခု လှည့်ပြောစရာစကားလည်း ကျွန်တော့် မှာအဆင်သင့်မရှိ။

သို့အတွက် သူတို့အုပ်စုမှာ ကောင်မလေးသုံးလေးယောက် ပါသည့်အနက် တစ်ယောက်လားနှစ်ယောက်လားမသိ တော်တော် ချောချောလေးတွေ ပါတာတွေသည့်ကြားက ကျွန်တော်ကြာကြာပင် မကြည့်အားဘဲ လှည့်ထွက်ရန်ပြင်သည်။

သည်နှစ်ထဲမှာ မကောင်းဆိုသော ဆရာစိန္တဝင်း၏ ဗေဒင် တစစချင်းပင် မှန်နေပြီဖြစ်၏။

*** *** ***

'ထွန်းလတ် ထွန်းလတ် ၊ ခဏ'

မြတ်စွာဘုရား၊ အကုသိုလ်ကတော့ နောက်ထပ်ရထား တစ်စင်းနှင့်ပါလာပြန်ပြီထင်၏။ လှည့်ထွက်၍ သုံးလေးလှမ်းပင် မပြည့် သေး။ ကသောကမျော လှမ်းခေါ်လိုက်သော နေပါစီအသံကြောင့် ကျွန်တော့်ခြေလှမ်းများ အထိတ်တလန့် ရပ်သွားသည်။

လှမ်းကြည့်လိုက်သောအခါ သူကလက်ရပ်ခေါ်၍ . . .

'နေပါဦး ၊ အရေးကြီးလို့'

ကျွန်တော်ပြန်လှည့်၍ ရပ်စောင့်သည်။ သူတို့အုပ်စု အနား ရောက်လာပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ငါ့သူငယ်ချင်းတွေက နင်နဲ့သိချင်လို့တဲ့၊ မိတ်ဆက်ပေး မလို့'

'ဪ . . . အင်းအင်း'

ရင်ထဲက အလုံးကြီးပြုတ်ကျသွားသံကို အီသီယိုးပီးယား လောက်ကပင်ကြားရမည်ထင်သည် ။ သို့သော်သူက မရိပ်မိ။

'ထွန်းလတ် ဒါငါ့သူငယ်ချင်း ယုယုလှိုင်၊ ဒါကခင်မာဆွေ၊ ဒါတနီလာထွေး မှတ်ထားနော်၊ သူကထွန်းထွန်းလတ်၊ နင်တို့သိချင်တဲ့ ထယ်ထီးအေးရှင်းလူဖျတ် ပါပရာ၊ ငါနဲ့တစ်တန်းထည်းပဲ သိပ်ခင်တယ်။

'တွေ့ရတာ ဝမ်းသာပါတယ်ရှင်'

'ဟုတ်တဲ့၊ ကျွန်တော် ပါပရာပါ'

'ထိတိ' တု ရယ်သံလေးများ သူတို့ဆီမှကြားရသည်။ သူတို့ ရယ်သော်လည်း ကျွန်တော်ကောင်းစွာမရယ်နိုင်။ နေပါစီမိတ်ဆက် ပေးသည့်ထဲတွင် သူနားကပ်ရပ်နေသော ကောင်မလေး ဖြူဖြူလေး တစ်ယောက်မပါ။ ဘာကိစ္စသည်တစ်ယောက်ကို ချန်၍မိတ်ဆက်ပေး သည်ကို ကျွန်တော်မသိ။ သူချန်ခဲ့သည့် တစ်ယောက်က အငယ်ဆုံးနှင့် အလှဆုံးလေး။ ကျွန်တော် စိတ်မကောင်းဖြစ်သွားသည်။

ကောင်မလေးမျက်နှာ မသိမသာ စူပုပ်သွားသည်ကို သတိ ထားမိသည်။ ကျွန်တော် မနေနိုင်တော့။

'ဟဲ့ . . . နင်ကလဲ မိတ်ဆက်ပေးမယ့်ပေး၊ အကုန်လုံးနဲ့ မိတ်ဆက်ပေးလေဟာ ၊ ဒီမှာ တစ်ယောက်ကျန်သေးတယ်'

နေပါစီမျက်စောင်းဒိုင်းခနဲရောက်လာသည်။ အဖြူရောင် ကောင်မလေးရှက်ပြုံးနှင့်ခေါင်းငုံ့သွား၏။

'သေချင်းဆိုး၊ နင်နဲ့တမင်မိတ်ဆက်မပေးချင်လို့ ချန်ထားတာ ဟဲ့၊ ဒါငါ့ညီမ ငါနဲ့တစ်ဝမ်းပဲကွဲတယ် ပြင်ဦးလွင်က'

'ဪဟုတ်လား၊ တွေ့ရတာဝမ်းသာပါတယ်နော်၊ ကိုကိုလဲ အစ်ကိုလိုပဲ သဘောထား၊ အားရင်အိမ်တွေဘာတွေ လာလည်၊ တို့က ခင်တတ်တယ်'

www.burmeseclassic.com



ကျွန်တော်က နေပါစီကိုနောက်ချင်၍ တမင်ပျာပျာသလဲ လုပ်ပစ်လိုက်သည်။ နေပါစီ့မျက်နှာကြီး ရဲတွက်နေဆဲ။ အဖြူအသေး လေးက သွက်တော့၏။

'ဟုတ်ကဲ့ရှင့်၊ သမီးနာမည် ချယ်ရီပါ၊ ပြင်ဦးလွင် အထက(၁)မှာ တက်ပါတယ်။ ဒီနေ့သမီးမွေးနေ့မို့ ဘုရားမှာလာပြီး ကုသိုလ်ပြုတာပါ'

'ဩော် . . ဒီနေ့သမီး အဲ ချယ်ရီ့မွေးနေ့လား၊ မင်္ဂလာရှိတဲ့ မွေးနေ့ဖြစ်ပါစေကွယ်၊ တို့လဲ ဘုရားမှာထပ်ဆုတောင်းပေးပါမယ်'

'ဟုတ်ကဲ့ ၊ ကျေးဇူးတင်ပါတယ်ရှင်'

'ကဲ. . . သွားမယ်သွားမယ်၊ သိပ်လောကွတ်တွေ ပိုမနေနဲ့ နော်ထွန်းလတ်၊ ငါ့ညီမက ခုမှ ကိုးတန်းရှိသေးတယ် သိရဲ့လား'

နေပါစီပေါ်ပေါ်ထင်ထင်ကြီးကို ပြောတော့၏။ ကျွန်တော် တရယ်လိုက်ပြီး ကောင်မလေးဘက် မျက်စိတစ်ဖက်မှိတ်၍ တမင်စ နေတာဟု သိအောင်အချက်ပေးလိုက်ပြီး . . .

'ဟုတ်လား ၊ ဒါဖြင့် ဘယ်ငယ်တော့မလဲ၊ နောက်နှစ်နှစ်ဆို တက္ကသိုလ်ရောက်တော့မှာ တက္ကသိုလ်ထဲလျှောက်ကြည့်ထားချင်ရင် တို့ကိုပြောနော်၊ အားမနာနဲ့. တို့အိမ်ဖုန်းနံပါတ်လဲ ချယ်ရီအစ်မဆီမှာ ရှိတယ်။ မေးမရရင်လဲခုတစ်ခါတည်းမှတ်သွား၊ ၆၃၄၇၅ မှတ်လို့ လွယ်ပါတယ်'

'ဟုတ်ကဲ့ ၊ မှတ်မိပါတယ်ရှင့်'

ဘေးနားမှ တခစ်ခစ်ရယ်မောသဘောကျနေသော နေပါစီ သူငယ်ချင်းများ၊ ဒေါကန်နေသော နေပါစီ့နှင့် ပြုံးပြုံးလေးကြည့်နေသော ချယ်ရီ့ကို နှုတ်ဆက်၍ ကျွန်တော်ထွက်လာခဲ့သည်။

နေပါစီ့ကို စခဲ့ရသဖြင့် အပြန်လမ်းတစ်လျှောက်လုံး ကျွန်တော် သဘောကျစွာ ရယ်မောလာခဲ့သည်။ ဒီလောက် အငယ်စားလေးတို့ မြင်မြင်ချင်း ခင်သွားသော်လည်း ကျွန်တော်လုံးဝ မပြစ်မှားမိသေးဆို တာတိုတော့ တကယ်ကျိန်၍ ပြောဝံ့ပါ၏။

*** *** ***

www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းခေါ်သံကြောင့် ကျွန်တော်ကောက်ကိုင်လိုက်သည်။

'ဟုတ်ကဲ့ အမိန့်ရှိပါ'

'တောင်စုတ်၊ ဘာအမိန့်ရှိပါလဲ၊ နင် မနက်က ဘာလုပ် တာလဲ တင်၊ ငါ့ညီမက ငယ်ငယ်လေးရှိသေးတယ် ကောင်စုတ်ရဲ့'

'ဟဲ့လို ဘယ်သူနဲ့ ပြောချင်လို့ပါလဲ'

တစ်ဘက်ကကြားလိုက်ရသော အသံက နေပါစီအသံမှန်း တန်းသိလိုက်ရသည်။ သို့သော် နောက်လက်စနှင့် ဆက်နောက်ချင် သဖြင့် ကျွန်တော့်အသံကို တမင်ခပ်တည်တည်လုပ်၍ ပြန်မေးသည်။

'အံမာ ငါ့ကို အတည်ပေါက်လာလုပ်မနေနဲ့နော်၊ ထွန်းလတ် နှင့်အသံ ခွဲချီသွားတာတောင် မှတ်မိတယ်'

'ဒီမှာတလေး၊ အရမ်းကာရော လျှောက်လျှောက်ပြောမနေ နဲ့၊ မင်းဘယ်သူနဲ့ ပြောချင်တာလဲ၊ ထွန်းလတ်နဲ့လား၊ ထွန်းလတ်နဲ့ ပြောချင်ရင်ထွန်းလတ်ကိုခေါ်ပေးမယ်'

နေပါစီအသံတိတ်သွားသည်။ ကျွန်တော်အတည်ပေါက် လေသံ ကြောင့် ဇဝေဇဝါ ဖြစ်သွားပုံရသည်။ ပြီးမှ မဝံ့မရဲလေသံဖြင့် . . .

'ခုပြောနေတာ ဘယ်သူပါလဲ'

'ဒါ အရေးမကြီးပါဘူး၊ ခု မင်းဘယ်သူနဲ့ စကားပြောချင် တာလဲ'

'ထွန်းလတ်နဲ့ပါ'

'ထွန်းလတ်မရှိဘူး'

'ရှင်၊ ဘယ်သွားနေလို့လဲ'

'ပြင်ဦးလွင် သွားနေတယ် ဟဲဟဲ'

'ဟာ . . . နင်ငါ့ကို အကြောင်ရိုက်တာပေါ့ ထွန်းလတ်၊ ဟုတ်လား'

'ဘယ်ရမလဲ နေပါစီမရယ်၊ နင်ကြောက်သွားတယ်ဟုတ် လား၊ မကြောက်ပါနဲ့ ငါအစစ်ပါ၊ မမကို ကျွန်တော် မညာတာပါဘူး'

'ဘာ မမလဲ နင်နော်'

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်အစ်မမို့ မမလို့ခေါ်တာပေါ့ဟ၊ တစ်ဝမ်းပဲ ကွဲတဲ့ညီစွာ'

'သေချင်းဆိုး'

ဘဲလ်သံနှင့် ဖုန်းချသံ တပြိုင်တည်းကြားရသည်။ ကျွန်တော် ရယ်လိုက်သည်။

*** *** ***

'ဟဲလို'

ညနေပိုင်းတွင် တစ်ခါဖုန်းသံကြား၍ ကောက်ကိုင်လိုက် သည်။ ကျွန်တော်မကြားဖူးသော အသံစိမ်းလေး။

'ဟုတ်ကဲ့ ပြောပါ'

'ကိုပါပရာနဲ့ စကားပြောချင်လို့ပါ'

'ကျွန်တော်ပါ'

'ဩော် ကိုကြီးလား သမီးပါ ချယ်ရီပါ'

'အဲ . . . ဩော် . . . ချယ်ရီ ပြော'

'မနက်က ကိုကြီးပြောခဲ့တဲ့ကိစ္စလေ၊ မနက်ဖြန် ကျောင်းထဲ လျှောက်သွားချင်လို့ အဲဒါကိုကြီးဘယ်လို လိုက်ပို့မလဲ"

'အယ်'

ကျွန်တော် နည်းနည်းလန့်သွားသည်။ မနက်တုန်းက ပြော ခဲ့သည်က နေပါစီကိုနောက်ပြီး ပြောခဲ့သည့်ကိစ္စ။ ခုကျွန်တော် ဘာပြန် ပြောရမှန်းမသိ။ ခေါင်းထဲတွင် တစ်ခုခုထင်လိုက်သဖြင့် . . .

'ဘာလဲ ချယ်ရီ၊ ချယ်ရီ မမ နေပါစီက နောက်ခိုင်းလို့ လှမ်း နောက်နေတာလား'

'အို . . . ဟုတ်ပါဘူး၊ ချယ်ရီ တကယ်ပြောနေတာ၊ ခုဖုန်း ဆက်တာ မမ မသိဘူး၊ မမလစ်တုန်း ခိုးဆက်နေတာ'

'အား . . . တကယ် ပြောတာလား'

'တကယ်ပေါ့၊ ဘာလဲခုမှ ကိုကြီးကလိုက်မပို့ချင်တော့လို့ လား အဲလိုတော့ မလုပ်ပါနဲ့ကိုကြီးရယ်၊ လူဆိုတာ ပေးထားတဲ့ ကတိကို တည်

www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ ချယ်ရီကမနက်ကျရင် ကိုကြီးဆီကို ဘယ်လိုခိုးထွက်လာရမလဲဆိုတာတောင် စိစဉ်ပြီးပြီ'

ဒုက္ခပါလားဟု စိတ်ထဲကရေရွတ်မိသည်။ သို့သော် ဒုက္ခကသည်လောက် မဟုတ်လိုက်ဘဲ မျက်လုံးထဲ ချာတိတ်မလေး၏ ပြုံးစိစိမျက်နှာလေးရုတ်တရက် ပြန်မြင်လိုက်မိသဖြင့် ..

'အင်းလေ ဟာ မဟုတ်ပါဘူး၊ လိုက်မပို့ချင်လို့မဟုတ်ပါဘူး၊ ဖို့မှာပေါ့၊ ပြော ဒါဖြင့် ကိုယ်ဘယ်ကို လာခေါ်ရမလဲ'

'မစေတို့ အိမ်ကို ကိုကြီးသိလား'

'သိတယ်'

'အဲဒီလမ်းထိပ် လာခေါ်ပါလား၊ မနက်ကိုးနာရီလောက် လေ၊ ချယ်ရီက ရန်ကုန်ကိုသိပ်မကျွမ်းဘူး၊ အဝေးကြီး မလာတတ် ဘူး'

'ဖြစ်ပါ့မလား ချယ်ရီ'

'ချယ်ရီဖြစ်အောင်လာမှာပေါ့၊ ကိုကြီးသာ ကတိတည်ရင်ပြီးတာပဲ'

'အင်း အင်း ၊ ဒါဖြင့် လာခေါ်မယ်လေ'

'လာဖြစ်အောင် လာနော် ကိုကြီး၊ ချယ်ရီလမ်းထိပ် ထွက်လာလို့ ကိုကြီးကို မတွေ့ရင်တော့ တစ်ယောက်တည်း ရောက်ရာပေါက်ရာလျှောက်သွား ပစ်လိုက်မှာပဲ'

'ဟာ . . . မလုပ်ပါနဲ့'

'မလုပ်စေချင်ရင်ကိုကြီးတကယ်လာပေါ့၊ နော် . . . ကိုကြီးဒါပဲ၊ မနက်ဖြန်မှတွေ့မယ်'

'ဂွပ်'

ကျွန်တော် တယ်လီဖုန်းခွက်ကို ငုံ့ကြည့်ရင်းငိုင်နေမိသည်။ ကျွန်တော်လုပ်နေတာ ဟုတ်မှဟုတ်ရဲ့လား။ ကျွန်တော့်ကို ကျွန်တော်ဝေခွဲမရ။

ကျွန်တော် ဘာတွေလုပ်နေမိပါလိမ့်။

*** *** ***

www.burmeseclassic.com

www.burmeseclassic.com



'ငါတော့ ကောင်းကောင်း အပျားခံနေရပြီ ထင်တယ်'

နာရီကြည့်လိုက်သောအခါ ကိုးနာရီနှင့် ငါးမိနစ်ရှိနေပြီ။ ခုထိ ဘယ်သူမှရောက်မလာ။

မနေ့က နေပါစီကို အကြောင်ရိုက်သည့်ကိစ္စအတွက် ကောင်းစွာဝင့်လည်နေပြီ ထင်မိ၏။ ချယ်ရီဆိုသည့် ချာတိတ်နှင့် နေပါစီတို့ ပူးပေါင်းကြံစည်ပြီး ကျွန်တော့်ကို သည်နေရာချိန်း။ ကျွန်တော် ဒီနေရာ ရောက်၍ အူကြောင်ကြောင်ဖြစ်နေဆဲမှာ တစ်နေရာက စောင့်ကြည့်ပြီး တဟားချင် ဟားနေပေလိမ့်မည်။ သို့မဟုတ် သည်နားထိပင် အပင်ပန်းခံ လာမနေတော့ဘဲ အိမ်ထဲကနေပင် စိတ်ကူးနှင့်မှန်း၍ ဟားချင်ဟား နေပေလိမ့်မည်။

သည်တစ်ချီတော့ ကျွန်တော်ကောင်းစွာခံလိုက်ရပြီထင်၏။ နာရီတစ်ခါပြန်ကြည့်သည်။

ကိုးနာရီဆယ့်ငါး။

သည်လောက်ဆိုရင်တော့ ပြန်မှကောင်းလိမ့်မည်။ သိက္ခာဆိုသည်မှာ အဆင့်တစ်ခုခုအထိသာ ကျသင့်သည်။ အချိန်များများကြာလေ ပိုရှက်ဖို့ ကောင်းလေမို့ ဤနေရာမှ အမြန်ဆုံးပြန်လစ်သော် ကောင်းအံ့ဟု ယူဆပြီး နောက်ကြောင်းသို့ တစ်ချိုးတည်းပြန်လစ်ရန် ပြင်သည်။

'အဲ'

ကျွန်တော် အံ့အားသင့်စွာဖြင့် အသံများပင်ထွက်သွားသည်။ လွဲ၏။

ကျွန်တော်ထင်သည်မှာ များစွာလွဲ၏။ ကျွန်တော်က မလာတော့ဘူးထင်နေသော ချယ်ရီဆိုသည့် ချာတိတ်မ အလှစား၊ အငယ်စား လေးသည် ချယ်ရီရောင် ဝတ်စုံလေးဆင်တူဝတ်၍ လမ်းအဆုံး အစွတ်သွက်လေး လျှောက်လာသည်ကို မြင်ရ၏။

*** *** ***

www.burmeseclassic.com

www.burmeseclassic.com



'ကိုကြီး စောင့်နေတာ ကြာပြီလား'

ချာတိတ်မပုံစံက မနေ့က ဘုရားပေါ်မှာလို မဝံ့မရဲလေး မဟုတ်တော့။ သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ်လေး ဖြစ်နေပြီ။ တိုကြီးဆိုသော အခေါ်လေးကလည်း ဘယ်လိုနားဝင်ချိုစရာ ကောင်းသည်မသိ။

တိုကြီး . . . လေးတစ်လုံးနှင့်ပင် ရွှေမြင်းမိုရ်တစ်တောင်လုံး တုံးမှုတ်လို့ခုန်ချင်စရာ ကောင်းနေသည်။

'ကြာသေးဘူးချယ်ရီ ကိုကြီး ခုပဲရောက်တယ်'

'တော်ပါသေးရဲ့၊ ချယ်ရီလဲ မနည်းလှည့်ပတ်ပြီး ထွက်လာရတာတိုကြီးရဲ့ ဖြင်ဦးလွင်က ဆရာမတစ်ယောက် ရန်ကုန်ပြောင်းလာတာ သွားတန်တော့ချင်လို့ဆိုပြီး ညာတာပါတေးနဲ့ထွက်လာတာ'

'နေပါစီကြီးကော'

'မမ မရှိဘူး၊ မမက မနက်ရှစ်နာရီတည်းက ထွက်သွားတာ။ ဒါကြောင့် ချယ်ရီတစ်ယောက်တည်းလာလို့ရတာပေါ့၊ နို့မို့သူပါ ကန့်လန့်တန့်လန့်နဲ့ ပါလာမှာပေါ့'

ဟာ . . . ဒီကလေးမ မလွယ်ပါလားဟု အောက်မေ့သည်။ ကျွန်တော်နေရာမှာ ကျွန်တော်ရှိနေ၍ပင်။ ကျွန်တော်မဟုတ်ပါက လွန်စွာအန္တရာယ်များသော အဖြစ်ကို တွေးမိပြီးစိတ်ထဲ ထိတ်ထိတ်ပျာပျာပင် ဖြစ်သွားသည်။

'ဖြစ်ပါ့မလား ချယ်ရီရယ်၊ တောကြာလူကြီးတွေ စိတ်ပူပြီး လိုက်ရှာနေရင် ဘယ်လိုလုပ်မလဲ'

'သွားစမ်းပါ၊ အဲဒါ ချယ်ရီစိုးရိမ်ရမယ့်ကိစ္စပါ၊ ကိုကြီးက အလကားနေရင်း ပူမနေပါနဲ့'

'အလကားနေရင်းမဟုတ်ဘူး ချယ်ရီရဲ့၊ တော်ကြာ ချယ်ရီ အဆူအရိုက်ခံနေရမှာစိုးလို့'

'အဲဒီတော့လဲ ပြောလိုက်မှာပေါ့၊ ဆရာမဆီသွားရင်း ကိုကြီးနဲ့တွေ့တယ်၊ ကိုကြီး ပါပရာက ကျောင်းထဲလိုက်ပြမယ်ဆို့ ခေါ်သွားလို့

www.burmeseclassic.com



လိုက်သွားတယ်လို့ ပြောလိုက်မှာပေါ့'

'အင်း ကောင်းရော၊ အဲဒီတော့မှ နေပါစီက ဒေါကန်မှာပေါ့၊ သူကမနေ့ကတောင် ဖုန်းဆက်ပြီး တို့ကိုကြိမ်းထားတာ၊ ချယ်ရီကို ကျောင်းလိုက်ပို့မယ် ဘာညာပြောလို့'

'အလကားပါ ၊ မမက ခုမှစိုးရိမ်နေတာ အရင်တုန်းကတော့ သူပဲပြောပြီး ကိုကြီးကသဘောကောင်းတယ်တဲ့၊ တော်လဲတော်တယ်တဲ့၊ ဝါသနာပါတဲ့အလုပ်ကိုလဲ အောင်မြင်အောင် လုပ်နိုင်တယ်။ စာလဲ ကြိုးစားတယ်တဲ့'

ကျွန်တော်ရယ်လိုက်သည်။

'ဒါပဲလား၊ ဘာပြောသေးလဲ'

'အရင်တုန်းကတော့ ဒါပဲပြောတယ်၊ ခုမှဘာထပ်ပြောလဲ သိလား၊ အဲဒီကောင်ပြောတာ အဟုတ်မှတ်ပြီး သွားရောမနေနဲ့နော်၊ အဲဒီကောင်က ငပွေတဲ့၊ ကောင်မလေးတွေအများကြီးနဲ့ ရှုပ်နေတာတဲ့'

'ဟောဗျာ ၊ သူကဒီလိုပဲပြောလား'

'အင်း၊ ကိုကြီးက မဟုတ်လို့လား'

'ဟုတ်တယ်၊ သူပြောတာအမှန်ပဲ၊ ကိုကြီးမှာရည်းစားတွေ အများကြီးပဲ၊ ကိုကြီးမကောင်းဘူး၊ ကိုကြီးကိုမယုံနဲ့'

'ကောင်းပါတယ်၊ ရည်းစားတွေအများကြီးရှိတာ ဘာဖြစ်လဲ၊ သူတို့ကြိုက်လို့ ထားကြတာပေါ့၊ ချယ်ရီဆိုလဲ ကြိုက်မှာပဲ၊ ကိုကြီးက ချစ်စရာကောင်းတယ်'

ကျွန်တော် မျက်လုံးမျက်ဆန် ပြူးသွားသည်။ သို့သော် သူ့အမူအရာက ပကတိကလေးတစ်ယောက်၏ သန့်ရှင်းမှုမျိုးဖြင့် ပြောဆိုတ်သည့်အမူအရာ။

နုနယ်ပျိုမျစ်သော ချစ်စဖွယ်မျက်နှာလေးမှာ ဘာအစွန်း အထင်းမှမရှိ။

*** *** ***

www.burmeseclassic.com

www.burmeseclassic.com



'ကိုကြီး အင်းလျားမှာအကြော်စားချင်တယ်'

ကျောင်းထဲလိုက်ပို့ပြီး တက္ကသိုလ်ရောက်ရန် စာကြိုးစားဖို့ ဘာသာပြောရန် ရည်ရွယ်ထားသော ကျွန်တော် တွန့်ခနဲဖြစ်သွားသည်။ အွဲ့နှင်းသဘင်ခန်းမရှေ့အထိ လေးဘီးကားလေးတစ်စီး ငှားလာပြီး တားပေါ်မှဆင်းဆင်းချင်း ပြောလိုက်သောစကားဖြစ်၏။

'သွားတာပေါ့၊ ကျောင်းထဲအရင် လျှောက်သွားဦးမယ်လေ'

'ထင့်အင်း၊ ကျောင်းထဲနောက်မှသွားမယ်၊ အင်းလျားအရင်ပို့ပြီးတော့ ရေစပ်မှာထိုင်ပြီး စကားပြောချင်တယ်'

'မကောင်းဘူး ချယ်ရီ၊ အင်းလျားရေစပ်မှာ နှစ်ယောက်တည်းသွားထိုင်နေရင် ဘေးကလူတွေက တစ်မျိုးထင်ကုန်လိမ့်မယ်'

'ဘယ်လိုထင်မှာလဲ'

'ဩော် . . . တစ်မျိုးထင်မှာပေါ့'

'ဘာလဲ၊ ကိုကြီးနဲ့ ကျွန်တော့်ကို ရည်းစားထင်မှာ မဟုတ်လား'

'အင်းပေါ့'

'ထင်ပစေပေါ့၊ ဘာဖြစ်လဲ၊ ဒါမှပါပရာကြီး ရည်းစားတစ်ယောက်ထပ်ရနေပြန်ပြီလို့၊ ကိုကြီးတို့အဖွဲ့ တယ်လီဗေးရှင်းလာတိုင်း လူတွေကပြောကြမှာပေါ့'

ကျွန်တော် ရယ်ရပြန်သည်။

'ဒီလောက် ဘယ်ကမလဲ ချယ်ရီရဲ့ ပါပရာဆိုတဲ့ကောင် ဘယ်ကကလေးလေးကို ညာတာပါတေးနဲ့ ခေါ်လာလဲ မသိဘူးလို့ပြောမှာ'

'ဩော် . . . ဒါ ကလေးလား၊ ဆယ်ခြောက်နှစ်ပြည့်တော့မယ်'

'နို့ မနေ့က ချယ်ရီ့မွေးနေ့ဆို'

'အင်းလေ၊ မနေ့က ဆယ့်ငါးနှစ်ပြည့်တယ်၊ ဒီနေ့ ဆယ့်ခြောက်နှစ်ပေါ့'

အမယ်လေးဟု ယောင်၍မအော်မိရန် သတိထားလိုက်သည်။ မနေ့ကမှ ဆယ့်ငါးနှစ်ပြည့်တဲ့ ကလေးလေး၊ ဘုရား ဘုရား ငါတော့ ထောင်နှုတ်ခမ်း နင်းမိနေပြီ ထင်တယ်ဟု တကယ်ချောက်ခြားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆယ်ငါးနှစ်ဆိုတာ ရည်းစားထားရမယ့် အရွယ်မဟုတ်ဘူး ချယ်ရီရဲ့'

'အို ... ဘယ်သူကတော ရည်းစားထားမယ် ပြောလို့လဲ၊ တက္ကသိုလ်ရောက်မှ ဆယ့်ခြောက်နှစ်ပြည့်မှ ရည်းစားထားမှာ'

ဟူး ... တော်ပါသေးရဲ့ဟု စိတ်ထဲသက်သာရာ ရသွား၏။

*** *** ***

'ဒါဖြင့် သူများတွေ အထင်လွဲစရာလဲ မလုပ်နဲ့၊ အင်းလျား သွားချင်ရင်သွား စောစောကပြောသလိုပဲ အကြော်စားပြီးရင် ကျောင်းထဲ ပြန်လာမယ်၊ ရန်ကုန်တက္ကသိုလ်ဆိုတာ ဘယ်လောက် ကျက်သရေရှိ ခန့်ငြားတဲ့ ကျောင်းကြီးလဲဆိုတာ သေချာလိုက်ကြည့်၊ တက္ကသိုလ် နယ်မြေဟာ ဘယ်လောက်သာယာသလဲဆိုတာလဲ ကိုကြီးပြောပြမယ်'

'အံမယ် ဒါများ ပြောပြစရာမလိုဘူး၊ ဝတ္ထုတွေထဲမှာ အများကြီးဖတ်ဖူးတယ်၊ ရောက်ဖူးအောင်ပဲပြ'

'ပြတာတော့ ဟုတ်ပါတယ်၊ တက္ကသိုလ်ရောက်အောင် တကယ် ကြိုးစားမှာလား'

'ကြိုးစားမှာပေါ့၊ ဒါပေမယ့် ကိုကြီးတို့ တက္ကသိုလ်ကို မလာဘူး၊ ကျွန်တော်က ဆေးရရှ၊ မေဂျာရရ မန္တလေးမှာပဲ တက်ရမှာ'

'ဒါလဲ တူတူပေါ့၊ မန္တလေးတက္ကသိုလ်ကျ ဒီထက်တောင် ပျော်စရာကောင်းဦးမယ်'

'တကယ်ရောက်ရင် ပျော်မှာမဟုတ်ပါဘူး၊ စာတွေက ကျက်ရဦးမှာ မြန်မြန်ကျောင်းပြီး မြန်မြန်ယောကျ်ားယူပြီး အိမ်မှာ ဇိမ်နဲ့နေ တာပဲ ကောင်းမယ်'

'ဟဲ့ ... ဒါ ... ကိုယ့်အစ်ကို ပြောရမယ့်စကားမျိုး စကားတို ဆင်ဆင်ခြင်ခြင် ပြောစမ်း'

'အို ... ဟုတ်တာ ပြောတာပဲ၊ လူတွေက ...လိုပဲ၊ ဟုတ် တာအမှန်အတိုင်းပြောရင် ဘာဖြစ်သလေး၊ ညာဖြစ်သလေးနဲ့ ၊ ကိုကြီးလဲ

www.burmeseclassic.com



အလတားပဲ၊ အုံ့ပုန်းတွေ ကုပ်ကမြင်းတွေကျတော့ ကြွေ့ရှိသလေး ဘာလေးနဲ့၊ တကယ်မဟုတ်တာ လုပ်တော့ အဲဒါမျိုးတွေချည်းပဲ'

'မဟုတ်ဘူးလေ ချယ်ရီရဲ့၊ သူနေရာနဲ့သူတော့ ရှိသေးတာပေါ့'

'လာပြန်ပြီ ဒယ်ဒီတစ်ယောက်၊ သိပ်မုန်းဖို့ကောင်းတာပဲ၊ လုပ်တော့ မဟုတ်တာမှန်သမျှ သူတို့ချည်းပဲ၊ ပြီးတော့ သူတို့ကချည်း ဆုံးမနေတာပဲ၊ ကိုယ့်ကိုယ်ကိုတော့ တစ်ခါမှ ပြန်မဆုံးမဘူး'

"အင်း . . . အဲဒါလဲ ဟုတ်တာပဲ၊ တဲ . . . သဘော သဘော၊ ညည်းတာညည်း ပြောချင်ရာပြောတော့၊ ဒါမှ မလုံလောက်သေးရင် တို့ကြီးတိုလဲ ဆုံးမသွားဦး"

'ဆုံးမရမယ်၊ လိမ်လိမ်မာမာနေ မမိုက်နဲ့၊ ရည်းစားတွေ ထားချင်ထား၊ မိန်းမမယူနဲ့ဦး၊ ဆရာဝန်မမှုယူ၊ ကျွန်တော် အမ်စီရအောင် ကြိုးစားပေးမယ်'

'ယောဗျာ ဘယ်လို၊ တို့က ဘယ်သူ့ကို ယူရမှာလဲ'

ချယ်ရီ ခိုးခိုးခစ်ခစ် ရယ်သည်။

ပြီးမှ

'ကိုကြီး ကြိုက်တာ ယူပေါ့ဗျ ကျွန်တော်က သဘောပြော တဲ့ဥစ္စာ'

ချာတိတ်မနှင့် စကားပြောရင်း ကျွန်တော်ပျော်လာသည်။ ရွှေယုန်နှင့်ရွှေကျားတော့ သက်ကယ်ရိတ်သွားကြပြီထင်၏။

*** *** ***

'ကိုကြီးရည်းစားတွေနဲ့ ကိုကြီး ဒီလိုပဲလျှောက်သွားနေတာ ပဲလား'

ကျွန်တော် အချဉ်ရည်ပန်းကန်ထဲသို့ ဘူးသီးကြော်နှစ်ရင်း ပြုံးသည်။

'ဘာဖြစ်လို့လဲ'

'သိချင်လို့ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'အင်းပေါ့၊ တစ်ခါတစ်လေတော့ သွားတာပေါ့'

'သွားတော့ ကိုကြီးကဖက်နမ်းသေးလား'

'ဟာ . . . ဘယ်လိုကြီးမေးတာလဲဟ'

'ဒီလိုကြီးပဲမေးတာပေါ့၊ ဘာလဲ ပြောမပြချင်ဘူးလား'

'ဒါပြောပြရမယ့်ကိစ္စ မဟုတ်ဘူးချယ်ရီရဲ၊ ချယ်ရီကလဲ နားထောင်ရမယ့် ကိစ္စမဟုတ်ဘူး'

'ဘာဖြစ်လို့ နားမထောင်ရမှာလဲ'

'ဒါက ချယ်ရီတို့အရွယ် စိတ်ဝင်စားရမယ့် အကြောင်းတွေ မဟုတ်ဘူး'

'စိတ်ဝင်စားလို့ မဟုတ်ပါဘူး၊ သိချင်လို့ပါ'

'မသိချင်ရဘူး'

'ဟင့် . . . သိချင်တာများ အပြစ်ကြီးတစ်ခု ကျနေတာပဲ၊ ဖြစ်နေလိုက်တာ'

'ဒါအပြစ်ပေါ့၊ တော်ကြာ ဒါတွေစိတ်ဝင်စားပြီး ရည်းစား ထားချင်စိတ်ပေါက်လာရင် ဘယ့်နှယ်လုပ်မလဲ'

'အိုး . . . မထားပါဘူးလို့ဆို၊ ဘယ်နှစ်ခါပြောရမလဲ၊ ထတ္တသိုလ်ရောက်မှ ဆယ့်ရှစ်နှစ်ပြည့်မှထားမှာ'

'အဲဒါကိုက မကောင်းတာ၊ ဒါကြီးက စီမံကိန်းကြီးတစ်ခု လို လုပ်နေရမယ့် ကိစ္စမဟုတ်ဘူး၊ သူ့အရွယ်နဲ့သူကျမှထား၊ ထားတာ မှထားရော၊ ဒါကြီးကိုပြောမနေရဘူး'

'ဩော် . . . သူများတွေတော့ လျှောက်ပြောနေမလား ကိုကြီးရဲ့ ကိုကြီးမို့ပြောတာပေါ့'

'ဘာဖြစ်လို့ ကိုကြီးကျတော့ ပြောတာလဲ'

'ကိုကြီးကို ခင်လို့ပေါ့'

'ဟင် . . . ကိုကြီးကို ခင်ရအောင် ကိုကြီးနဲ့က ဘာနဲ့တာမှ တွေ့ဖူးတာ ကိုကြီးဟာ လူဆိုးလား၊ လူကောင်းလားတောင် ချယ်ရီသိ တာမဟုတ်ဘူး၊ ကိုကြီးက လူယုတ်မာဖြစ်နေတော့ ဘယ်နှယ်လုပ် မလဲ'

www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီရယ်ပြန်သည်။ သူကြည့်ရတာ ကျွန်တော်နှင့် ပတ်သက်၍ အရာရာစိတ်ချနေပုံရသည်။ ဘာတွေဖြစ်နေလဲတော့ ကျွန်တော် လဲမသိ။

'ကိုကြီးက လူယုတ်မာမှ မဟုတ်ဘဲ'

'ဘယ်လိုလုပ် ပြောလို့ရမလဲ ချယ်ရီရယ်၊ လူတစ်ယောက် အကြောင်းဆိုတာ အပြင်ကကြည့်ရုံ၊ ခဏတွေ့ရုံနဲ့ အကဲခတ်လို့ရတာ မျိုးမဟုတ်ဘူး၊ လူတွေကို ဒီလိုကြည့်ပြီး ဘယ်တော့မှမယုံနဲ့'

'အင်း ဒါကြောင့် ကိုကြီးကို ချစ်ရီချစ်တာ၊ ကိုကြီးကတကယ် သဘောကောင်းတယ်၊ ချယ်ရီတော့ ကိုကြီးကို ကြည့်ယင်း ကြည့်ယင်း သဘောတကျလာပြီ'

ချယ်ရီက ထိုစကားကို အကြော်စားပွဲပေါ် တံတောင်ထောက်၍ လက်ခေါက်ပေါ်မေးတင်ပြီး ချစ်စရာအမူအရာဖြင့်ပြောသည်။

'လုပ်ပြန်ပြီ၊ ချယ်ရီက ပြောလေဆိုးလေတော့ ဖြစ်နေပြီ'

'မဟုတ်ပါဘူးကိုကြီးရဲ့၊ ချယ်ရီ တကယ်ပြောတာပါ၊ ချယ်ရီ့ကို ကိုကြီးမသိပေမယ့် ကိုကြီးကို ချယ်ရီသိနေတာ ကြာပါပြီ၊ အရင်တစ်ခါ ရန်ကုန်လာတုန်းက တယ်လီပေးရှင်းမှာ ကိုကြီးတို့ အငြိမ့်ကို ကြည့်သွား ပြီးကတည်းက ကိုကြီးကို ခင်နေတာ၊ မမဆီ ချယ်ရီအမြဲတမ်း ကိုကြီး အကြောင်းမေးတယ်၊ မမက စာတိုင်းမှာ ကိုကြီးအကြောင်းအမြဲရေး တော့ ချယ်ရီအများကြီးသိပြီးသား၊ ကိုကြီး ဘာတွေလျှောက်ဖြီးလဲ ချယ်ရီ မသိတာမှ မဟုတ်ဘဲ'

ကျွန်တော် မျက်လုံးပြူးသွားသည်။

'ကိုကြီးကဖြီးတယ်၊ ဘာတွေဖြီးလို့လဲ'

'ဖြီးတာပေါ့၊ ကိုကြီးမှာ ရည်းစားရှိတာတို့၊ ပွေတာရှုပ်တာတို့ ဆိုတာကိုကြီးဖြီးတာပေါ့၊ ကိုကြီးမှာ ရည်းစားတစ်ယောက်မှ မရှိသေးဘူး၊ ကိုကြီးကို ကြိုက်တဲ့ ကောင်မလေးတွေအများကြီးပဲ၊ ဒါပေမယ့် ကိုကြီး တစ်ယောက်မှ ပြန်မကြိုက်ဘူးတဲ့၊ ကိုကြီးကသိပ်အေးတာတဲ့'

'နေပါစီ ဒီလိုပဲပြောလား'

www.burmeseclassic.com

www.burmeseclassic.com



'အင်းပေါ့ . . . ကိုကြီး ပြောဖူးတယ်ဆို၊ ကိုကြီးတစ်တယ် ချစ်တဲ့သူမတွေ့သေးဘူး၊ တကယ်ချစ်တဲ့သူတွေ့မှ တစ်ယောက်ဆို တစ်ယောက်ပဲချစ်မယ်၊ အဲဒီလိုချစ်တဲ့သူတွေ့တဲ့ အထိလဲ စိတ်ရှည်ရှည်နဲ့ စောင့်မယ် နည်းနည်းလေး ချစ်ရုံလောက်နဲ့တော့ ရည်းစားမထားဘူး . . တဲ့ ဟုတ်လား'

နေပါစီကို တစ်ခါကပြောဖူးခဲ့သည်။ တကယ်လဲ ကျွန်တော့် ဆုံးဖြတ်ချက်ဖြစ်၏။

သို့သော် ချယ်ရီကိုတော့ ဟုတ်တယ်ဟု မပြောဖြစ်။ ပြုံး၍သာ ဆိတ်ဆိတ်နေ၍ တုန့်ပြန်သည်။

ချယ်ရီကို ဟုတ်တယ်ဟု ပြောရန်မဝံ့။

ချယ်ရီထံမှ မေးခွန်းတစ်ခု ထပ်လာမှာစိုးရိမ်သည်။

ထိုမေးခွန်းက . . .

'ကိုကြီး တကယ်ချစ်တဲ့လူ ခုထက်ထိမတွေ့သေးဘူးလား' ဟု ထိုမေးခွန်းမေးလျှင် ကျွန်တော်အဖြေရခက်တော့မည်။

ကျွန်တော့်ရင်ထဲ မကြုံစဖူးထူးကဲစွာ ခုန်နေ၏။

*** *** ***

'ချယ်ရီရန်ကုန်ရောက်နေတာ ကြာပြီလား'

အကြော်ဆိုင်မှ ပြန်ခဲ့၍ ကျောင်းထဲလိုက်ပြနေသည်အထိ ကျွန်တော် အတော်လေး နှုတ်ဆိတ်နေမိသည်။

ဒါက သစ်ပုပ်ပင်၊ ဒါက သိပ္ပံခန်းမ၊ ဟိုဘက်က ဝိဇ္ဇာ အဆောက်အအုံ၊ ဒါကအပန်းဖြေရိပ်သာ၊ ဟိုကမြင်နေရတဲ့ မျှော်စင်က ဂျပ်စင်ဟော်လ်၊ လမ်းဟိုဘက်က စီးပွားရေးတက္ကသိုလ် စသည်ဖြင့် ညွှန်အစ်သလောက်သာ ပြောနေမိသည်။

အချိန်အတော်လေးလင့်၍ ပြန်ချိန်ရောက်ပြီဟု စိတ်ထဲဆုံး ဖြတ်ပြီးမှ ထိုမေးခွန်းကို မေးမိခြင်းဖြစ်သည်။

'ချယ်ရီက သူ့ကိုယ်ပိုင်သန့်စင်ကြည်လင်သော အပြုံးလေးဖြင့်

www.burmeseclassic.com



ခေါင်းညိတ်ယင်း . . .

'ဒုတိယအစမ်းပြီးလို့ ဒီဇင်ဘာကျောင်းပိတ်တည်းက ရောက်နေတာကိုကြီး'

'ဘယ်တော့ ပြင်ဦးလွင်က ပြန်မလဲ'

'ဒီည'

'ဟင် . . . ဒီည ၊ ဟုတ်လား'

'အင်း . . . ဟုတ်တယ်၊ ဒီည မန္တလေးအမြန်နဲ့ပြန်မှာ၊ လတ်မှတ်တောင်ယူပြီးပြီ'

'သြော် . . . ပြန်ရင် ဘယ်သူလိုက်ပို့မလဲ'

'ဒက်ဒီနဲ့အတူတူပြန်မှာ၊ ဒက်ဒီရောက်နေတာ နှစ်ရက် သုံးရက်တောင်ရှိပြီ'

'ဟုတ်လား ခုတော'

'သူလဲ ဒီကမပြန်ခင် မြို့ထဲမှာလုပ်စရာ ရှိတာလေးတွေ ပြတ်အောင်သွားလုပ်နေတယ်၊ ပြီးတော့ ချယ်ရီပူဆာထားတာလေးတွေလဲ တစ်ခါတည်းဝယ်ပေးမလို့တဲ့'

'ချယ်ရီက ဘာပူဆာလို့လဲ'

'တယ်လီဗေးရှင်းတစ်လုံးနဲ့ ဗွီဒီယိုတစ်လုံးလေ'

'သြော် . . ဟုတ်တာပေါ့၊ မန္တလေးမှာ မနေ့ကစပြီး တယ်လီဗေးရှင်းဖမ်းလို့ရပြီပဲ'

ချယ်ရီပြုံးသည်။

'ချယ်ရီက အများကြီးမကြည့်ချင်ပါဘူး၊ တစ်ခုပဲစောင့်ကြည့်မလို့၊ ဗွီဒီယိုကလဲ မမဆီမှာဖမ်းထားတဲ့ အခွေလေးတွေကူးသွားပြီး ကြည့်ချင်လို့'

'သြော်'

ဘာလဲဟု ကျွန်တော်မမေးဖြစ် မေးလျှင်သူပြန်ဖြေမည့်အဖြေစကားကိုမကြားရဲ။

စကားလွှဲရန် ကြိုးစားသည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတွေချည်းလဲ ကြည့်မနေနဲ့ဦးနော်၊ စာကျက်၊ ဆယ်တန်းမှာ အမှတ်ကောင်းကောင်းရအောင်လုပ်'

'စိတ်ချပါ ကိုကြီးရဲ့၊ ချယ်ရီကဆရာဝန်ဖြစ်အောင်လုပ်မှာပါ'

ကျွန်တော်မျက်နှာ နွေးတေးတေးဖြစ်သွားသည်။ ပင့်သက်တစ်ချက် မသိမသာခိုးရှိုက်ယင်း . . .

'ကောင်းတယ်ချယ်ရီ လူကြီးမိဘတွေက အလိုလိုက်တာ ချယ်ရီဗူဆာသမျှ ဝယ်ပေးတာဟာ ချယ်ရီစိတ်ရှင်းလက်ရှင်းနဲ့ စာ ကြိုးစားစေချင်လို့ သူတို့ကိုချယ်ရီကလဲ ပြန်သိတတ်ရမယ်။ သူတို့ စိတ်မချမ်းသာစရာကိစ္စမျိုး ဘာတစ်ခုမှမလုပ်နဲ့၊ သူတို့ဆုံးမယင်လဲ ချယ်ရီက ကလန်တဆန် ပြန်မပြောနဲ့ ပညာတတ်ကြီးတစ်ယောက် ဖြစ်လာအောင်လုပ်၊ တိုယ့်မိဘနဲ့ ကိုယ့်တိုင်းပြည်ကို ပြန်ကျေးဇူးဆပ် ဒါမှ ချယ်ရီဘက်ကတာဝန်ကျေမယ်'

'အင်း . . . ပြီးတော့ကော'

'ပြီးတော့လား၊ ပြီးတော့ ကိုကြီးတို့ခုပြန်ကြစို့၊ တော်ကြာ လူကြီးတွေစိတ်ပူနေလိမ့်မယ်'

'ပြင်ဦးလွင်ရောက်ယင် ချယ်ရီ ကိုကြီးဆီ စာထည့်လိုက်မယ်နော် ကိုကြီးလိပ်စာပေးလိုက်မလား'

'ဟင့်အင်း ကိုကြီးဆီကို ဘယ်တော့မှ စာမထည့်နဲ့ ၊ ကိုကြီးဘယ်သူ့ဆီမှ စာမပြန်တတ်ဘူး'

'ဒါဖြင့် ဖုန်းဆက်မယ်'

'ဟင့်အင်း ဖုန်းလဲမဆက်နဲ့၊ ကိုကြီးဆီဖုန်းဆက်မယ့် အချိန်တွေမှာ ချယ်ရီစာကျက်'

'ဟင် . . . ကိုကြီးကလဲ ဒါဖြင့် ချယ်ရီက ကိုကြီးဆီ ဘယ်လိုအဆက်အသွယ်ရမလဲ'

'ဘယ်လိုမှ မဆက်သွယ်နဲ့၊ ချယ်ရီရည်ရွယ်ချက်အတိုင်း ဆရာဝန်ဖြစ်အောင်လုပ်၊ ကိုကြီးက တက္ကသိုလ်အနုပညာအသင်းမှာ အငြိမ့်တော်လဲ လုပ်ရသေးတယ်။ စာမေးပွဲလဲ အောင်အောင်စာကျက်

www.burmeseclassic.com



ရသေးတယ် ကိုကြီးမှာ အချိန်လုပြီးကြိုးစားနေရတာ ချယ်ရီစာဖတ်တဲ့အခါဖြစ်ဖြစ်၊ ချယ်ရီနဲ့ဖုန်းပြောတဲ့အခါ ဖြစ်ဖြစ်၊ ကိုကြီး ကြိုးစားတဲ့အချိန်တွေအများကြီး ဆုံးရှုံးတာပေါ့၊ ကိုကြီးမှာ အချိန်အားမှမရှိပဲ'

သူ့မျက်နှာလေး သိသိသာသာ အိုသွားသည်ဟု ထင်မိသည်။

'ကိုကြီးမှာ ချယ်ရီကို ခင်ချိန်တောင် မရှိတော့ဘူးပေါ့၊ ဟုတ်လား'

'ဟုတ်တယ် ချယ်ရီ၊ ကိုကြီးဘယ်သူ့အတွက်မှ အချိန်မပေးနိုင်ဘူး'

'အင်းလေ ဒါဖြင့်လဲ ပြီးရောပေါ့၊ ချယ်ရီကလည်း ကိုယ့်ကိုမခင်တဲ့လူဆိုရင်တော့ ပြန်လဲမခင်ချင်ပါဘူး'

'အဲ့ဒါ အမှန်ဆုံးပေါ့ ချယ်ရီ၊ ကဲ . . . လာပြန်စို့'

အပြန်လမ်းတွင် စကားလုံးဝ မပြောဖြစ်။

အိမ်ထဲပြန်ဝင်သွားသော အခါ ချယ်ရီနှုတ်ခမ်းစူနေသည်။ ကျွန်တော့်ကို နှုတ်မဆက်။ ပြုံးမပြ။

*** *** ***

ထိုနေ့ညက နေပါစီ ဖုန်းဆက်သည်။

'ထွန်းလတ် နင့်ကိုငါကျေးဇူးတင်တယ်နော်၊ ငါစိုးရိမ်လို့ ပြောခဲ့တာတွေအတွက် ငါတောင်းပန်တယ်'

'ကိစ္စမရှိပါဘူးဟ၊ နင်နောက်နေမှန်း ငါသိတာပဲဟာ'

'ငါနောက်တာ မဟုတ်ပါဘူး၊ တခြားဘာအကြောင်းမှ ရှိလို့လဲ မဟုတ်ဘူး၊ နင့်ကို ငါအထင်လဲကြီး၊ ခင်လဲခင်၊ လေးလဲ လေးစားတာပဲဟာ'

'အေးပါ၊ ငါသိပါတယ်'

'နောက်ကျရင်တော့ နင်တကယ်ဆိုရင် ကူညီဖို့လိုရင်တောင် ငါကူညီပါ့မယ်ဟာ ၊ ခုဟာက ကောင်မလေးက သိပ်ငယ်နေသေးလို့'

'ဟာနင်ဘာတွေလျှောက်ပြောနေတာလဲ၊ သွားစမ်းပါဟာ ကဲ တော်တော့ ငါဖုန်းချလိုက်တော့မယ်၊ ငါလုပ်စရာ ရှိသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဩော် . . . အေးအေး၊ ကျေးဇူးပဲနော် ထွန်းလတ်'

ဖုန်းခွက်ချပြီး ကျွန်တော်သက်ပြင်းတစ်ချက်ချသည်။

လောကကြီးမှာ ဆန်းကြယ်သောအရာများ များစွာရှိကြောင်း အံ့ဩစွာနားလည် သိရှိနေ၏။

ထိုနေ့က ၁၉၈၃ ခု၊ ဇန်နဝါရီလ နှစ်ရက်နေ့။

ချယ်ရီ အသက် ၁၅ နှစ်နှင့် တစ်ရက်။

*** *** ***

သည်နေ့ ၁၉၈၅ ခုနှစ်နှစ် ဇန်နဝါရီလ တစ်ရက်နေ့။

ချယ်ရီ ၁၇ နှစ်ပြည့်သည်။

၁၉၈၄ ခုနှစ် မတ်လစာမေးပွဲတွင် ချယ်ရီဆယ်တန်းဖြေလိမ့်မည်။ ချယ်ရီအောင်ပါလိမ့်မည်။ သူမျှော်မှန်းသော ဆေးတက္ကသိုလ်သည်း တက်ခွင့်ရလိမ့်မည်ဟု အောက်မေ့မိသည်။

ဤသို့ဆိုလျှင် ပြီးခဲ့သော ဒီဇင်ဘာကျောင်းဖွင့်ရက်ကစ၍ မန္တလေးဆေးတက္ကသိုလ်တွင် မယ်သစ်လွင်တစ်ယောက်အဖြစ်နှင့် ယခုအခါ သစ်သစ်လွင်လွင်လေး လှပနေပေတော့မည်။

တက္ကသိုလ်ကျောင်းသူတစ်ယောက်မို့ ကိုးတန်းတုန်းက ဆယ့်ငါးနှစ်သမီးလေးလို ရင်ထဲရှိတာတွေ လက်လွတ်စပယ်ပြောတော့မည်မဟုတ်။

ကျောင်းစာများ၊ တခြားဖွံ့ဖြိုးရေးကိစ္စများ သူစိတ်ပါဝင်စားနေသဖြင့် အိမ်မှာရှိသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုကိုပင်လျှင် ငယ်ငယ်တုန်းကလို စိတ်ပါတော့မည်မဟုတ်။

သို့မဟုတ်ကလည်း ပါပရာဆိုသော အပျော်တမ်း လူရွှင်တော်တစ်ယောက်သည် နေ့စဉ်လာနေကျ ရုပ်မြင်သံကြားအစီအစဉ်မှာထဲမှ သူလို ငါလိုများထဲတွင် ရောနှော၍ ပျောက်ကွယ်ကောင်းကွယ်နေပေလိမ့်မည်။

အရေးမကြီးပါ၊

www.burmeseclassic.com

www.burmeseclassic.com



လောကကြီးမှာ အရေးကြီးသော ကိစ္စများ အများကြီးရှိပါသည်။ လောကတွင် အရေးကြီးသောအရာ တစ်ခုခုလုပ်ကိုင် နေဖြစ်ဖို့အတွက် အရေးမကြီးသင့်သောအရှယ်တွင် အရေးမကြီးသော အကြောင်းတစ်ခုကို အရေးကြီးသည်ဟု ထင်မနေဖြစ်ဖို့သာ အရေးကြီးပါသည်။

နောက်ထပ်အချိန်တွေ အများကြီးကြာလာလျှင် ချယ်ရီပိုနားလည်လာဝါလိမ့်မည်။ ထိုအခါ ချယ်ရီသည် ကိုပါပရာအား စိတ်ဆိုးချင်မှဆိုးတော့မည် ဖြစ်၏။

*** *** ***

ကျွန်တော်သည် တစ်ခါက တကယ်ချစ်သော သူကိုမတွေ့ချင်း ရည်းစားမထားဟု ဆုံးဖြတ်ဖူး၏။

သို့သော် မမျှော်လင့်ဘဲ အကြောင်းတစ်ခု ဆုံဆည်းပြီးသည့်နောက် နေ့တစ်ဝက်စာမျှ တွေ့မြင်ခဲ့ရသော မိန်းကလေးတစ်ဦးကို တတယ်ချစ်သွားမိပါသည်။

ဘာကြောင့်မှန်းမသိ။

ခဏလေးမြင်လိုက်သည့် ခဏမှာပင် တစ်ဘဝစာ ချစ်သွားမိပြီဖြစ်ကြောင်းချက်ချင်း သိလိုက်သည်။ သို့သော် မူလဆုံးဖြတ်ချက်အတိုင်းတကယ်ချစ်သည့်သူ တွေ့သော်လည်း ကျွန်တော်ရည်းစားမထားဖြစ်လိုက်။

တစ်နေ့သောအခါ . . .

ထိုတစ်နေ့သောအခါသည် ရက်စွဲနှင့် အတိအကျပြော၍ ရသည့်တစ်နေ့သောအခါ ဖြစ်ပါသည်။

၁၉၈၆ ခုနှစ် ဇန်နဝါရီလတစ်ရက်နေ့၊ နှစ်သစ်ဦးအချိန်တွင် ကျွန်တော် ပြင်ဦးလွင်ဆိုသော အလွန်လှပသည့် မြို့ကလေးတစ်မြို့ဆီသို့ ခရီးသွားမည်ဟု ကြံရွယ်ထားသည်။

ပြင်ဦးလွင်တွင် ထိုအချိန်၌ ချယ်ရီပန်းလေးများ ဝေဝေဆာဆာပွင့်၍ အလွန်လှပနေသည်ဟု ကြားဖူးသည်။ ထိုပန်းများထဲမှ ချယ်ရီဦးလေးတစ်ပွင့်သည် ကျွန်တော့်ကို 'မှတ်မိမည်ဆိုပါက' ထိုပန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



တို့ ကျွန်တော်စကားတစ်ခွန်း ပြောဆိုရပါမည်။

ထိုစကားမှာ . . .

'ချယ်ရီကို ကိုကြီးတစ်သက်လုံး ချစ်သွားပါရစေ ချယ်ရီရယ်' ဟူဖြစ်ပါသည်။

ထိုအခါ ထို ချယ်ရီပန်းလေးသည် လုံလောက်သော အချိန်ကာလအထိ မိခင်၊ ဖခင် ပင်စည်ကြီး၏ စောင့်ရှောက်မှုကြောင့် ပွင့်ချိန်တန်မှ ပွင့်ရသော ပန်းဖြစ်၍ လုံလောက်သော စွန့်စားမှုဖြင့် သူစဉ်းစားပါလိမ့်မည်။

သူ ကျွန်တော့်ကို ချစ်ချင်မှ ချစ်ပါတော့မည်။

သို့သော် ကိစ္စမရှိပါ။

သူမချစ်လျှင်လည်း သူ့ကိုကျွန်တော်ကသာ တစ်ဦးတည်း တစ်သက်လုံး ချစ်သွား၍ ရပါသည်။

သို့မဟုတ်၍ သူက ချစ်သည်ဆိုလျှင်လည်း ကျွန်တော် လိပ်ပြာသန့်ပါသည်။ ထိုအချိန်မှပြောသော ချစ်ခြင်းအကြောင်းသည် လုံလောက်တိကျသော ဆုံးဖြတ်ချက်ဖြစ်၍ ငယ်စဉ်ကြိုက်မို့ မိုက်မိတယ်ဆိုသော အဖြစ်မျိုး သူ့တွင်ကြုံစရာ မရှိတော့ပါ။

ကျွန်တော့်ကြောင့် ချယ်ရီပန်းလေးတစ်ပွင့် ညှိုးနွမ်းသွားစရာ အကြောင်းမရှိတော့ . . .။

ကျွန်တော့်အချစ်က တစ်မျိုးဖြစ်၏။

ကြိုးစားပါဦးမည်

နှစ်ဖျာဆိုင်

www.burmeseclassic.com

www.burmeseclassic.com

# အလွမ်းသစ်

# နှင့်

# ကျွမ်းရစ်တော်မူ

မောင်ခိန်ဝင်း(ပုတီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com



နွေမဝင်မီ သစ်ရွက်တို့ အကြွေစောသည်။

ဆောင်းနှင်းရင့်ရင့်က နွေဦးအစကို ကြိုချင်ပြီ။ လေပြည်၌ နှင်းရနံ့စင်ကာ၊ နွေနံ့က ပါလာတတ်သေး၏။

ရာသီတို့ အကူးအစတိုင်းသည် သဘာဝ၏ကဗျာဖြစ်နေပါသတဲ့လား။

နှလုံးသားသည် ထိုကဗျာ၌ ယစ်မူးကာ . . .

ထိုကဗျာက နှလုံးသားကို ထွန်ယက် . . .

ခံစားချက်တို့ကို တူးဖော်ပြီလေ . . .

မြတ်နိုးဝေ . . . တဲ့

မြတ်နိုးဝေနှင့် ပတ်သက်သမျှကို ထာဝရမြုပ်နှံထားနိုင်ရန်သက်သက်၊ မိမိမှာ နှလုံးသား ပါခဲ့လေသလား မသိ။

ထာဝရပင် အမြတ်တနိုးရှိသူမို့ မြတ်နိုးဟု ခေါ်မိသည့် မိန်းမသားတစ်ဦး၏ ပုံရိပ်သည်ကား နှလုံးသား၏ ကဗျာတပုဒ် ဖြစ်နေတော့မှာ အမှန်ပင် . . .

သည်နှစ် နွေမဝင်မီ သစ်ရွက်တို့ အကြွေစောပြန်၏။

သတိရနေစရာတွေချည်းပါပဲ မြတ်နိုးဝေ . . .

www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း (၁)

မိတ်ကျေးယှဉ်ခဲ့တဲ့ အတိတ်
အိပ်မက်မှာ မဟုတ်တာ ...
မင်းပြောခဲ့တဲ့ စကား
ယုံမိတာများလားကွယ် ...
အမှတ်တရဖြစ်ခဲ့တဲ့
အမှတ်တမဲ့လေးတွေသာ မရှိခဲ့လျှင်
အလွမ်းဆိုတာ ...
တိုက်ဆိုင်မှုတော့ ဖြစ်မလာနိုင်ပါဘူး ...

ပထမတော့ သည်နေရာသွားမည်ဟု မရည်ရွယ်ခဲ့။ နယ်က သူငယ်ချင်း မြတ်ဆွေထွန်း ရောက်လာလို့ သန်းဝေဦးကိုခေါ်ပြီး ညနေခင်းဆိုင်တစ်ဆိုင်မှာ ဆုံဖြစ်သည်။ ပွိုင့်ဆဲဗင်းဖိုက် ဝီစကီတစ်ပုလင်း အကုန်မှာ ညကအတော်ရင့်ပြီပဲ။

ပြန်ချိန်သင့်ပြီဟု ဘေလ်ရှင်းကာ ဆိုင်မှအထွက် မြတ်ဆွေထွန်းကို ဆွဲတော့သည်။ သည်ကောင် ကျောင်းတုန်းကလို ရစ်ပြီဟု နားအေးသည် သား။

"ကဲ . . . မပြန်ဘူးဆို ဘာလုပ်မလဲ၊ မိုးလင်းမှ ပြန်မလား" ထုံးစံအတိုင်း သန်းဝေဦးက ဂွတိုက်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်၊ ငါက မင်းတို့နဲ့ အဲဒီလိုနေချင်လို့ နယ်က တက်လာတာ"

"ရတယ် . . . မနက်ဖြန် တနင်္ဂနွေ၊ ငါ့အလုပ်က ဖြစ်တယ်"

"ဘယ်လိုလဲ ရန်နိုင်"

ဝခုံးပုတ်ရင်း မေးတော့ . . .

"လုပ်ခလေ . . . ငါတားလို့လည်း မင်းတို့နှစ်ယောက်က ဘယ်တုန်းက ရပ်ဖူးလို့လဲ"

ဟုပြောရင်း တားတံခါး ဖွင့်လိုက်၏။

"ဒါဆို ငါသွားနေကျ ဆိုင်သွားမယ်"

နာရီကြည့်ရင်း သန်းဝေဦးပြောတာ ကားပေါ်တက်၏။

"ဝဝနဲ့ တွေ့ဖြစ်သေးလား"

တားမောင်းအထွက်မှာ သန်းဝေဦးကို မေးလိုက်၏။

"ငါနောက်တစ်ယောက် ပြောင်းထိုင်တယ်၊ သူလည်း နောက်တစ်ယောက်နဲ့ ၊ ဒါတွေက အစွဲအလမ်းထားလို့မရဘူး ရန်နိုင်"

သူ့အလုပ်နှင့် သန်းဝေဦးအလုပ်က နွယ်နေသည်မို့ တစ်ပတ်နှစ်ရက်သုံးရက်တော့ ဆုံဖြစ်သည်ပဲ။ သန်းဝေဦးက အပျော်ကြိုက်သူမို့ ဆိုင်တကာစုံအောင် ရောက်နေကျ။

ပိုက်ဆံကို အရှာကောင်းသလို အသုံးလည်းကြမ်းသူပင်။ သူ့ဘေးနားမှာ ကောင်မလေးတွေက မပြတ်။ တစ်ခါတွေ့တိုင်း တစ်ယောက်ပြောင်းနေကျ။ အချစ်မှ မပါဘဲ၊ အကြိုက်ဆိုတာ တစ်သမတ်တည်း ဘယ်မြဲနိုင်မလဲဟု သန်းဝေဦးက ပြောဖူးသည်။

မီးပွိုင့်ဖြတ်အပြီးမှာ ခဏကြာတော့ ကားကိုဘယ်ချိုးဖို့ သန်းဝေဦးပြော၏။

"ဟိုတစ်ခေါက် ငါတို့ညည့်သည်သွားတွေလဲ ဟိုတယ်လား"

"ဟုတ်တယ်"

"ဟော့ကောင်တွေ . . . ငါ အညောင်းအကိုက် မရှိဘူးနော်၊ အနှိပ်ခံဖို့ မလိုဘူး"

www.burmeseclassic.com

www.burmeseclassic.com



မြတ်ဆွေထွန်းစကားကြောင့် နှစ်ယောက်စလုံးပြုံးမိသေး၏။

"စိတ်ချပါကွာ . . . မင်းပျော်စေရမယ်၊ ငါတို့ အရက်ထပ်သောက်မယ်၊ စကားပြောမယ် . . . သီချင်းဆိုမယ်"

"ဒါပဲလား"

"နောက်ထပ်စကားပြောဖော် မိတ်ဆွေတွေ ထပ်တွေ့မယ်"

"အိုကေ . . . ငါသဘောပေါက်ပြီ"

နီယွန်ဆိုင်းဘုတ် မီးလင်းနေသော ခြံဝင်းကျယ်အတွင်းသို့ ကားကို ထိုးဝင်လိုက်၏။

ကားရပ်ပြီးတော့ ကားစောင့်ကို မုန့်ဖိုးပေးလိုက်သည်။

အလိုအလျောက်ပွင့်စေသည့် မှန်တံခါးမှအဝင် မြတ်ဆွေထွန်း တိုယ်က ယိုင်ချင်ပြီ။

ဓာတ်လှေခါးခေါ်ပြီး အတွင်းဝင်လိုက်၏။ သန်းဝေဦးက သွားမည့်အထပ်နံပါတ်ကို နှိပ်လိုက်သည်။ ဓာတ်လှေကားအရပ်မှာ တံခါးပွင့်စဉ် သန်းဝေဦးက ရှေ့မှထွက်၏။

အသင့်ရပ်နေသော ယူနီဖောင်းဝတ် ဝိတ်တာလေးတွေ မြင်သည်။ညာဘက်ကောင်တာမှ ကောင်မလေးက သန်းဝေဦးကို ပြုံးပြီး နှုတ်ဆက်တာတွေ၏။

"အခန်းယူမှာလား ဦး"

သန်းဝေဦးက ခေါင်းညိတ်ပြသည်။

"ဆရာမလာတာ သုံးလေးရက်ရှိပြီ"

အနားရောက်လာသော ဝိတ်တာလေးက သော့ကိုလှမ်းယူရင်း သန်းဝေဦးကို ပြော၏။ သန်းဝေဦးနှင့် တရင်းတနှီးရှိနေကြတာကြည့်ရင်း . . .

"ဒီကောင်ကတော့ သူ့အိမ်ကျနေတာပဲ"

ဟု မြတ်ဆွေထွန်းက တိုးတိုးပြောသည်။

ဝိတ်တာလေးက ဦးဆောင်ပြီး ကတ္တီပါအနီကော်ဇောခင်းထားသော လမ်းမအတိုင်း လျှောက်စဉ် ဘယ်ညာမှာ နံပါတ်တပ်

www.burmeseclassic.com



ထားသည့် အခန်းတွေကို သတိထားဖြစ်ပြန်၏။

ဝိတ်တာလေးဖွင့်ပေးသော အခန်းကျယ်ထဲ လှမ်းဝင်လိုက်သည်။

ညာဘက်မှာရှိသော ရေချိုးခန်းအိမ်သာထဲသို့ မြတ်ဆွေထွန်း ဝင်မည်ပြင်၏။

"ဟော့ကောင် အန်မှာလား"

"အထင်မသေးပါနဲ့ကွာ၊ ဘာမှမဖြစ်ပါဘူး"

သန်းဝေဦးနှင့်အတူ နံရံကပ်ထားသော ဆိုဖာရှည်မှာထိုင် လိုက်၏။ ဝိတ်တာလေးက စားပွဲဘေးမှာ ဒူးထောက်ရင်း စာရွက်နှင့် ဘောလ်ပင်ထုတ်ကာ ရေးမှတ်ဖို့ အသင့်ဖြစ်နေသည်။ နောက်မှ ဝင်လာ သော ဝိတ်တာလေးက အဲယားကွန်းဖွင့်သည်။ ပြီးတော့ ရှေ့ဘက်နံရံ ဆီမှာရှိသည့် တာရာအိုကေစက်ကို ဖွင့်နေတာ တွေ့သည်။

"အမြည်း မစားတော့ဘူးကွာ၊ ဝီစကီအနီ ပိုင်ဆဲဗင်းဖိုက် တစ်လုံးနဲ့ ဆော်ဒါသုံးဘူး ယူခဲ့ကွာ၊ ပြီးတော့ ရေခဲ"

ဝိတ်တာလေးက ရေးမှတ်နေ၏။

"ဆရာ ခါတိုင်းသီချင်းပဲ ထည့်ထားတယ်"

စက်ကိုင်လေးက လာပြော၏။

မြတ်ဆွေထွန်းက ဝိတ်တာလေးနှစ်ယောက်ကို မုန့်ဖိုးပေး လိုက်သည်။

"ဆရာ ဘယ်သူ့ကို"

"ငါကတော့ ထုံးစံအတိုင်းပေါ့ကွာ"

"ဆရာ့သူငယ်ချင်းတွေကရော"

"ဟော့ကောင် ရန်နိုင်"

မေးငေါ့ရင်း လှမ်းမေးသည်။

"ဟာ တော်ပြီကွာ၊ ကိုယ့်ဘာသာ အရက်ပဲ သောက်မယ်"

"စကားလေး ဘာလေးပြောဖို့"

"မပြောချင်ဘူးကွာ"

မြတ်ဆွေထွန်း ဝင်ထိုင်စဉ် . . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်နဲ့ စကားပြောဖော်တော့ မင်းတို့ဘာသာ ကြည့်စီစဉ်ကွာ"

"ရတယ် . . . စကားပြောတတ်ရင် ရတယ်"

မြတ်ဆွေထွန်းက ပြော၏။

"ဆရာတစ်ယောက်တည်း ပျင်းနေမှာပေါ့။ သူများတွေက စကားပြောလိုက် သီချင်းဆိုလိုက်နဲ့"

"ရပါတယ်"

"ဒီကောင်က ကြီးကျယ်တယ်ကွ၊ လူတိုင်းနဲ့လည်း ဖြစ်မှာ မဟုတ်ဘူး"

သန်းဝေဦးက ပြောတော့ . . .

"ကြီးကျယ်တဲ့လူချင်း တွေ့ကြည့်ပါလား ဆရာ"

ဟု ဝိတ်တာလေး ပြောစဉ် စိတ်ဝင်တစား ဖြစ်သွားသည်မှာ အမှန် . . .

"ဘာကြီးကျယ်တာလဲကွ"

"ဒီလိုပါဆရာ . . . သူက ညှော့သည်တိုင်းနဲ့ မထိုင်ဘူး၊ သူရင်းနှီးတဲ့ ညှော့သည်နဲ့ပဲ ပုံမှန်ထိုင်တယ်"

"မင်း မြတ်နိုးဝေကိုပြောတာလား၊ ဖြစ်ပါ့မလား အောင်အောင်ရာ . . . ဒီကောင်နဲ့ နပန်းထလုံးနေမယ်"

သန်းဝေဦးက ပြောလိုက်၏။

"မြတ်နိုးဝေတဲ့လား ၊ နာမည်ကတော့ လှတယ်"

"သူဝင်လာကြည့်ပြီး မထိုင်ဘူးဆို ထွက်သွားချင်လည်း သွားမယ်၊ အဲဒါတော့ ဆရာသည်းခံနိုင်ရမယ်"

"တစ်မျိုးပါလား"

"ကြီးကျယ်တယ်ကွ၊ ငါနဲ့တော့ မဖြစ်ဘူး"

သူတို့အပြောနှင့်ပင် မြတ်နိုးဝေဆိုသည့် ကောင်မလေးကို စိတ်ဝင်တစားဖြစ်သွားမိတာ ဝန်ခံရမည်၊ အားလုံးနှင့်မတူသည့် စရိုက်ရှိသော မြတ်နိုးဝေကို တွေ့ချင်သလို ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ဆရာ . . . ခေါ်ကြည့်ရမလား"

"မင်းက ရွေးရမှာ မဟုတ်ဘူးနော်၊ အခုဟာက မြတ်နိုးဝေက မင်းကို ရွေးမှာ၊ မင်းခံနိုင်ပါ့မလား"

"မြင်ဖူးတယ်ရှိအောင်တော့ ကြည့်ချင်တယ်"

"သဘောကောင်းပါတယ်ဆရာ၊ ငြင်းရင်လည်း ယဉ်ယဉ်ကျေးကျေး ဆရာလက်ခံနိုင်အောင်ပြောပြီး ငြင်းမှာပါ"

"အေးကွာ . . . ခေါ်လိုက်"

ဝိတ်တာလေး အခန်းထဲမှ ထွက်သွားသည်။ သန်းဝေဦးက မိုက်တရိုဖုန်းကို စမ်းနေ၏။

ခဏအကြာမှာ ကောင်မလေးနှစ်ယောက် ဝင်လာသည်။

"လာ သီတာ"

သန်းဝေဦးက လှမ်းခေါ်သည်။

"ဖြူဖြူက ဘယ်သူနဲ့"

သန်းဝေဦးက မြတ်ဆွေထွန်းက မေးငေါ့ပြလိုက်သည်။

သီတာက သန်းဝေဦးအနားမှာ ထိုင်ပြီး ဖြူဖြူက မြတ်ဆွေထွန်းဘေးမှာဝင်လိုက်သည်။

"ဟို . . . အစ်ကိုကြီးကရော"

မေးငေါ့ပြရင်း သီတာက သန်းဝေဦးကို မေးတာကြားလိုက်၏။

"မြတ်နိုးဝေကို စောင့်နေတာ"

"မြတ်နိုးဝေက ညှော်သည်သစ်မှ မထိုင်ဘဲ"

"ဒီကောင်ကလည်း အဲဒါမျိုးပဲ စိတ်ဝင်စားတာ သီတာ"

"မထိုင်လည်းရပါတယ်ကွာ၊ အရက်ပဲ သောက်တာပေါ့၊ မြင်ဖူးတယ်ရှိအောင် ခေါ်ကြည့်တာ သဘောထားလိုက်မယ်"

အခန်းတံခါး ဖွင့်သံအကြားမှာ အားလုံးက အဝင်ဝဆီ အကြည့်ရောက်သွားကြ၏။

မြတ်နိုးဝေနှင့် သူကိုစွကို စိတ်ဝင်တစားဖြစ်နေကြပုံရသည်။ ဗန်းထဲမှာ မှာထားသော ပစ္စည်းများနှင့် ဝိတ်တာလေးတို့

www.burmeseclassic.com



ဝထမ မြင်လိုက်ရ၏။

"လာလေဟာ"

ဝိတ်တာလေးက နောက်လှမ်းပြောတော့ နောက်မှာ မြတ်နိုးဝေ ပါလာပြီ . . . သိလိုက်ပြီပဲ။

ဗန်းကိုစားပွဲပေါ် အတင်မှာ မြတ်နိုးဝေလှမ်းဝင်လာတာတွေ့၏။

သွယ်သွယ်လျလျနှင့် အလွန်ထူးခြားပေါ်လွင်လှသော ရုပ်မျိုးတော့မဟုတ်။ ဥရောပဆန်ဆန်မျက်နှာသည် နှာတံနှင့် မျက်လုံးကြောင့် ဆင်းသည်။ နှုတ်ခမ်းသည် မျက်နှာ၏အတည် အတင်းကို ဖြေလျှော့ပေးထားသလို။

"ဒီဆရာပဲ မြတ်နိုးဝေ"

ဝိတ်တာလေးက မေးငေါ့ပြရင်း လှမ်းပြော၏။

ဝေ့အကြည့် မျက်ဝန်း၏ အစူးအစမ်းကို နှုတ်ခမ်းမှအပြုံးတခရိုင်းအောင် ဖုံးဖိလိုက်သလို။

အားလုံးက မြတ်နိုးဝေ၏ အဆုံးအဖြတ်ကို စိတ်ဝင်တစားစောင့်ကြည့်နေဟန်။

"ကိုယ်ကို အားမနာနဲ့နော် မြတ်နိုးဝေ၊ နာမည်ကြီးလို့ တွေ့ချင်ဆိုသာ ခေါ်တွေ့ကြည့်တာပါ။ ကိုယ်က တစ်ယောက်တည်း အရက်သောက်ရတာ အကြိုက်ဆုံးပဲ"

လှမ်းပြောလိုက်သည့်စကားကြောင့် အားလုံးက အံ့အားသင့်သွားဟန်တူသည်။

"နာမည်မကြီးပါဘူး၊ နာမည်ကြီးရင်လည်း ကြီးကျယ်တယ်ဆိုတဲ့ နာမည်ပဲကြီးမှာ၊ ရတယ် . . . မြတ်နိုးနဲ့ စကားပြောဖို့ အဆင်ပြေနိုင်တယ်"

ပြောရင်း မြတ်နိုးဝေက ဝင်ထိုင်လိုက်သည်။

ဝိတ်တာလေး၏မျက်နှာမှာ အံ့ဩရိပ်သန်းသွားတာမြင်လိုက်ရ၏။

မိုက်ကရိုဖုန်းမှ သီတာ၏အသံ အခန်းထဲမှာ ပျံ့လွင့်သွားသည်။

ငှဲ့ထားသော ဝီစကီခွက်ကလေးများကို သူ့ထိုင်ရှေ့မှာချပေးအပြီး

www.burmeseclassic.com



ဝိတ်တာလေး အခန်းထဲမှထွက်၏။

"ရန်နိုင်လို့ခေါ်တယ် ... မြတ်နိုးဝေ"

နားမှာကပ်ပြီး ဘာသာမိတ်ဆက်လိုက်မိပြန်သည်။

ရေမွှေးနံ၏ အပျံ့အသင်းကို မှတ်မှတ်ထင်ထင် ရှိလိုက်နိုင်ပြီပဲ။

ရင်ထဲအထိ စွဲငြိနိုင်သည့်အရာဟု မထင်ခဲ့တာ အမှန်ပါ မြတ်နိုးဝေ။

❖ ❖ ❖

ယောက်ျားတိုင်းကို ရင်ခုန်စရာလို့ မထင်တတ်တော့တာ အမှန်ပါပဲလေ။

တစ်ခါခါတော့လည်း ကိုယ်ကပဲ အသည်းနှလုံး မရှိတော့ တာလား။ ယောက်ျားတွေကပဲ ကိုယ့်အသည်းနှလုံးထဲ ရောက်နိုင်လောက်အောင် အထင်ကြီး လေးစားစရာ မကောင်းတော့တာလား စဉ်းစားမိသား။ အလိမ်အညာစကားတို့ကို ကြားနေရရင်း အပေါ့အသွမ်းစကားတို့ကို ဆိုနေရရင်း ကြာတော့ လူတိုင်းကို ယုံချင်စိတ် ဝိညာဉ်ရှိနေနိုင်ပါ့မလား။ ယုံကြည်မှုကင်းမဲ့စွာ ပြောနေရသော စကားတို့မှာ ရင်ထဲက လာနိုင်ပါ့မလား။

သည်မှာ အလုပ်လုပ်တဲ့ အများစုက နာမည်တောင်မှ အတု။ မြတ်နိုးဝေလို နာမည်အမှန်နဲ့က ရှားသားလား။ ရှိတယ်ဆိုရင်လည်း မြတ်နိုးဝေလိုပဲ နာမည်ဝှက်နဲ့ ညာပြီး ပေးရကောင်းမှန်း မသိအောင် အတွေ့အကြုံနည်းသေးလို့ပဲမှတ်။ ဟိုဆိုင်မှာ နာမည်တစ်မျိုး သည်ဆိုင်မှာ နာမည်တစ်ခု၊ နာမည်အတုတွေ အမျိုးမျိုးသုံးကြသည်ပဲ။

စကားအတု၊ အပြုံးအတု၊ အပြုအမူအတုတွေကို သုံးပါများတော့ ကိုယ့်ကိုယ်ကိုယ်တောင်မှ လူအတုရယ်လို့ ထင်နေမိသေး။

သဘာဝတရားနဲ့ ဝေးရင်းဝေးရင်း ပတ်ဝန်းကျင်နဲ့ ကင်းကင်းလာတာအမှန်။

www.burmeseclassic.com

www.burmeseclassic.com



နေရောင်ကို မမြင်ဖူးလိုက်တဲ့ရက်တွေက မနည်း။ နေ့ဘက်ထူတွေထဲ အရောက်အပေါက်နည်းလာတော့ နေ့ဆိုတာ ကိုယ်နဲ့မဆိုင်သလို။ ဧည့်ခန်းထဲထားတဲ့ ပန်းအလှပင်တွေကမှ နေရောင် ထုတ်အပြခံနေသေး။ ရနံ့လုံးဝမမွှေးတဲ့ ပန်းအတုတွေလိုဖြစ်နေ မလားတွေးမိရဲ့။

အလုပ်သိမ်း ဖယ်ရီစီးကိုယ့် ဘက်အစောရောက်တဲ့ လမ်းကြောင်းဆို မနက်သုံးနာရီခွဲ လေးနာရီ အိမ်ရောက်၊ နောက်ကျပို့တဲ့လမ်းကြောင်းဆိုရင်တော့ ငါးနာရီထိုးနေပြီ။

အခန်းပြန်ရောက်တော့ ဗိုက်ကဆာ၊ မရှိ ရှိတာလုပ်ကိုင်စား။ ဒီလိုနဲ့ မိုးလင်းသွားတာပါပဲ။ အိပ်ရာထဲရောက်တော့လည်း ချက်ချင်းအိပ်ပျော်တာက မဟုတ်။ အိပ်ပျော်အောင် ဆေးတွေသောက်ရတာများတော့ ဆေးတောင်မတိုးချင်သလို။

အိပ်ရာနိုးစ ငှက်ကလေးတွေမြည်သံဟာ ဘယ်မှာ သာယာနိုင်ပါ့မလဲ။ အိပ်ပျော်ချင်သူအတွက် ဆူညံသံသက်သက်လို နားမခံနိုင်။ စိတ်တွေတိုလာရင်း အိပ်ရာတွင်းမှာ အနားမရနိုင်တော့။ ကြာလာတာနဲ့အမျှ သဘာဝက ပိုပြီးဆူညံလာတော့မှာ သိပြီးအိပ်ပျော်ချင်ပြီ။

လောကတစ်ခုလုံး အသက်ဝင်လှုပ်ရှားလာချိန်၊ ကိုယ်တသာသဘာဝနဲ့ ဆန့်ကျင်ပြီး အိပ်ပျော်ချင်နေခဲ့တာပါလား။ ကြိုးစားအိပ်မိသော်ငြားလည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လိုက်သည်ဟူ၍ မရှိနိုင်တော့တာ .. အခွင့်အရေးတစ်ခု ဆုံးရှုံးသွားတာပါလားဟု စဉ်းစားမိတော့ မကျေနပ်ချင်။

သည်လိုနဲ့မြင်သမျှ ကြားသမျှ စိတ်က အလိုမပြည့်တော့။ လူတွေကို မယုံကြည်တတ်တဲ့ စိတ္တဇက တဖြည်းဖြည်းဆိုးဆိုးလာတာအသာအသိ။

ပြုံးမိရင်း စိတ်ထဲက မကျေမနပ်စကားတွေဆိုမိတာ အကြိမ်ကြိမ် ။ အချိုသာဆုံး အသံနွဲ့နွဲ့ထွက်ရင်း ရင်းတွင်းမှ စက်ဆုပ်အော်[illegible]ဆန်လာမိတာ မနည်း။

နောက်တော့ ဧည့်သည်ဆိုလည်း များများမထား။ စကား

www.burmeseclassic.com



အသစ် သံခင်းတမံခင်းတွေ မပျိုးလိုတော့။ ကိုယ်နဲ့ကြိမ်ဖန်များစွာ တွေ့ဖူးသူတွေသာ ရွေးရင်း အဝန်းအဝိုင်းကို တတ်နိုင်သလောက် ချုံ့လိုက်မိပြီ။

လုပ်ဖော်ကိုင်ဖက်တွေထဲကလည်း သီတာတစ်ယောက်သာ အတွှမ်းတဝင်နေမိတော့ ကြီးကျယ်တယ်ဆိုတဲ့ တံဆိပ်ရလာပြန်ရော။

"ဘယ်လိုဖြစ်တာလဲ မြတ်နိုး၊ ညက အထူးအဆန်းပါလား"

အပြန်ဖယ်ရီပေါ်အရောက် အနားလာထိုင်ရင်း သီတာက စထားစတော့ ဘာတိုမေးတယ်ဆိုတာ နားလည်လို့ ပြုံးမိတယ်လေ။

"အမှန်ပြောရမလား"

"နင် ဘယ်တုန်းက ငါ့ကို ညာလို့လဲ"

"မသိပါဘူးတာ . . . ညာရပါများတော့ ကိုယ်ပြောတဲ့ စကား မယုံမှာ ကြောက်လာတယ်"

"တဲ ပြောပါ"

"ပထမတော့ လူရည်သန့်လို့ နောက်ပြန်မလှည့်မိဘဲ ရပ်နေမိတာ၊ သူတစ်ပြီး ပြန်ချင်လည်းရတယ် အားမနာနဲ့ဆိုတော့ ထိုင်ချင် စိတ်ဖြစ်သွားတယ်၊ ဒါပဲ"

"ဒါလည်း လူ့သဘာဝပဲ"

"အတုတ်ပဲ၊ တောင်းတောင်းပန်ပန်တွေသာ ကြုံဖူးပြီး၊ သူလို ခပ်တင်းတင်းသမား မတွေ့ဖူးတော့ ဆန်းနေတာ"

"ပြောပါဦး စကားပြောကြည့်တော့"

"ပိုပြီး အံ့သြစရာတွေတွေ့လာရတယ် သီတာ"

"ဘယ်လို"

"တကယ်ပြောတာ၊ လက်ဖက်ရည်ဆိုင်မှာ မိတ်ဟောင်း ဆွေဟောင်းတစ်ယောက်ကို ပြန်တွေ့ပြီး စကားပြောရသလိုမျိုးပဲ၊ ခုထိ အရသာ မကြုံဖူးတာ ကြာပြီလေ"

"တခြားညှော်သည်တွေလို"

"ဧည့်သည်နဲ့ကို မတူပါဘူးဆို"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"မအံ့ဩနဲ့ သီတာ၊ ငါလည်း အစက မယုံမကြည်ပဲ၊ သူနဲ့ စကားပြောနေရတာ တကယ့်လူတစ်ယောက်နဲ့ အပြင်မှာ စကား ပြောနေရသလိုမျိုး ခံစားလာရတယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း လူတစ် ယောက်လို အရေးတယူ အလေးအနက် ပြောနေတာပါလား နားလည်ရင်း တစ်မျိုးကြီး ခံစားနေရတယ်။ ငါပြောမပြတတ်ဘူး"

"အထူးအဆန်းပဲ"

မယုံကြည်နိုင်ခြင်း၊ စိတ်မချနိုင်ခြင်း၊ အမြဲတစေသတိရှိနေခြင်း တို့ဖြင့်သာ ရင်တွင်းက မပါတဲ့ အပြုအမူအပြောအဆိုတို့ကို ကျွမ်းဝင်သူ မို့ အံမဝင် ခွင်မကျဖြစ်နေမှာတော့ အသေအချာ။

"ဘယ်မှာနေတာလဲ မြတ်နိုးဝေ"

"ဥက္ကလာ . . . ဪ . . အင်း. . ."

"ရတယ် မဖြေချင် မဖြေပါနဲ့"

မီးမှိန်မှိန်မှာ အပြုံးကို မြင်ရင်း ရင်တွင်းက အားနာချင် သလို။

"တကယ်ပြောတာ၊ သီရိမင်္ဂလာမှာ၊ ပထမ ဥက္ကလာလို့ ပြောတာက ပါစပ်ထဲရှိတာ ပြောလိုက်မိတာ"

"ဪ . . . ဪ"

"ဘာတွေတွေးပြီး ပြုံးနေတာလဲ မြတ်နိုး"

သီတာ့စကားသံက ရှက်စိတ်ကို လှုန့်နှိုးလိုက်လေသလား။ ယောကျ်ားတစ်ယောက်ရဲ့ စကားသံကို ပြန်စဉ်းစားနေမိတဲ့ ကိုယ့်ကိုယ် ကိုယ်လည်း တအံ့တဩ။

ရှက်စိတ်အဖြစ်မှာ ရင်လှုပ်ခနဲ ခါသွားတာ သတိထားမိရင်း ကိုယ့်ရင်တွင်းမှာ နှလုံးသားရှိနေသေးပါလား၊ နားလည်သွားခဲ့တာအမှန်။

❖ ❖ ❖

သန်းဝေဦးကုမ္ပဏီအတွက် လုပ်ငန်းခွဲလေးတစ်ခုကို သူလုပ် ခွင့်ရသည်။ ဘာဖြစ်ဖြစ် သန်းဝေဦးကျေးဇူးကြောင့် ခြိမ်းချမ်းသာသာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သော်ငြား မပူမပင်နေနိုင်သည့်ဘဝကို သူရခဲ့သည်။

ညနေ သန်းဝေဦးနှင့် တွေ့ပြီး အလုပ်စကားပြောဖြစ်၏။ အလုပ်ကိစ္စပြီးသွားတော့ . . . မင်း ဒီညအားတယ်မဟုတ်လား ဟု သန်းဝေဦးက မေးသည်။

"ဘာဖြစ်လို့လဲ"

"မင်း မြတ်နိုးဝေဆီ သွားရအောင်"

"တော်ပါပြီကွာ"

"မဖြစ်ပါဘူး၊ အဲဒီကို ငါမှ မသွားချင်တာ"

"မြတ်နိုးဝေနဲ့ မင်း အဆင်ပြေသားပဲ"

"ဘာမပြေစရာ ရှိလို့လဲ"

"မဟုတ်ဘူးလေကွာ ရန်နိုင်ရာ"

"ဘာမဟုတ်တာလဲ"

"မင်းဆက်သွားရင် ရင်းနှီးသွားမှာပေါ့၊ ရင်းနှီးမှ ကျွမ်းဝင်လာမယ်လေ"

"တော်ပါကွာ၊ မြတ်နိုးဝေက စိတ်ကောင်းရှိပုံရတယ်"

"လုပ်ပါဦး"

"ဟိုနေ့ညက သူနဲ့ငါ စကားအတော်ပြောဖြစ်တယ်"

"မင်းတို့နှစ်ယောက် စကားတွေချည့် ပြောနေတာ တွေ့တယ်"

"သူ့အကြောင်း ငါက မေးနေတာ"

"ဘာတွေ ပြောပြလဲ"

"အဲ . . . သူ့ဘဝ အကျဉ်းချုပ်ဆိုပါတော့ကွာ"

"ဘယ်လိုတဲ့လဲ"

"သူက ငယ်ငယ်ကတည်းက မိဘမေတ္တာ မရခဲ့ဘူး ပြောတယ်"

သန်းဝေဦးက သူ့စကားကို စူးစိုက်နားထောင်နေတာတွေ့သည်။ မြတ်နိုးဝေ၏မျက်နှာက အမြင်အာရုံမှာ ဖျတ်ခနဲ့ပေါ်လာပြန်၏။ ပြောခဲ့သည့် စကားသံတို့ အကြားအာရုံမှာ ရစ်ဝဲနေဆဲ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအဘွားကိုသာ အဖေအမေထင်ရင်း မြတ်နိုးဝေက ကြီးပြင်းခဲ့ရတာ။

ကျောင်းအပ်တဲ့အရွယ်ရောက်တော့မှ အဖေ့နာမည် မှန်ကို သိခွင့်ရခဲ့တာ။ နောက်တော့ ဘွားဘွားက ပြောပြလို့ ဖေဖေနဲ့ မေမေက မြတ်နိုးဝေလသားအရွယ်ကတည်းက ကွာရှင်းပြတ်စဲခဲ့ကြ၊ နောက် အိမ်ထောင်ကိုယ်စီ ထူထောင်ခဲ့ကြတာသိတော့ စိတ်ထဲမှာ အနာတစ်ခု ဆို နာကျင်ခံစားရပါရော။

အဘိုးအဘွားအသက်ကြီးလာတော့ နဂိုက မခိုင်တဲ့စီးပွားရေး ဟာ ယိုင်ချင်ပြီလေ။ ဆင်းရဲဒုက္ခကြုံတိုင်း လျစ်လျူရှုထားရက်တဲ့ မိဘကို စော်ကားမိပေမယ့် လုပ်ရက်လေခြင်းလို့ ခံပြင်းစိတ်ဝင်မိ တာအမှန်။ အဖေနဲ့ အမေဆိုတာတောင် ယုံလို့မရတာ လောကမှာ ဘယ်သူ့ဟာ ယုံစရာကောင်းနိုင်ပါ့မလဲဆိုတဲ့ အမေးကို အကြိမ်ကြိမ် အထပ်ထပ် မေးနေမိပြန်ရဲ့။

ကံကြမ္မာအလှည့်အပြောင်းက အကောင်းဘက်ကို ဦးမ တည်နိုင်တော့ဘူးတဲ့လား။ ဆယ်တန်းစာမေးပွဲကို တစ်ကြိမ်ကျအပြီး နောက်တစ်နှစ်ကျောင်းပြန်အတက်မှာ ဘိုးဘိုးလူ့လောကမှ စွန့်ခွာ သွားပါရော။

နာမကျန်းဖြစ်ချင်နေတဲ့ ဘွားဘွားကို ပြုစုရင်း အလုပ်တစ်ခု ခုတို လုပ်ဖို့ဘဝက တောင်းဆိုလာခဲ့ပြီလေ။ ကျောင်းထွက်ပြီးအလုပ် ဝင်လုပ်ဖြစ်တာပါပဲ။ ဘွားဘွားနေထိုင်ကောင်းချိန်မှာ အချိန်ပိုလေး ဘာလေး ဆင်းနိုင်တော့ ငွေပိုငွေလျှံ မရှိပေမယ့် စားဖို့သောက်ဖို့ တော့ အလျဉ်မိသား။ အလုပ်လုပ်လို့မှ တစ်နှစ်မပြည့်ခင်မှာပဲ ဘွားဘွားဆုံး သွားခဲ့ပြန်ရော။

မျက်စိသူငယ် နားသူငယ်နဲ့ လောကအလယ်မှာ တစ်ယောက်ထဲ တွတ်။ သန်းခေါင်ထက်တော့ ညဥ့်နက်မည်မဟုတ်ဟု အကြိမ်ကြိမ်အား ဆင်း၊ မျက်ရည်သုတ်ရင်း အံကြိတ်ခဲ့တဲ့ အကြိမ်ပေါင်းမနည်းတော့။

စပေါ်ထပ်တိုးပြီး မပေးနိုင်တဲ့ အိမ်လခမျိုးတောင်းလာတော့

www.burmeseclassic.com

www.burmeseclassic.com



အဆောင်ကိုပြောင်းရတဲ့အဖြစ်ဆိုက်ရော။

ကံဆိုးမှုဆိုတာ တစ်ဦးတည်း မလာတတ်ဘူးဆိုတဲ့ စကား လက်ခံလိုက်ရတော့မှာတဲ့လား။

နားအလည်နိုင်ဆုံး၊ ဘဝကို အတူရုန်းကန်နိုင်မယ့် အဖော် အဖြစ် ချစ်သူလို့သတ်မှတ်ခဲ့တဲ့ သူကလည်း သစ္စာဖောက်သွားခဲ့ ပြန်တယ်လေ။ အခြေခံချင်းတူ၊ ဘဝချင်းတူသူမို့ သူနှင့်ကိုယ်နားလည်နိုင်ကြမှာပဲဟု ဘဝအိမ်မက်တွေ မက်ကြည့်ခဲ့ဖူးပါရဲ့၊ လက်တွဲဖော် အဖြစ်နဲ့ အဒုအထစ် အခက်အခဲတွေကို အတူကျော်ရင်း ၊ အား ဖြည့်ဖေးကူခြင်းတို့ မျှော်လင့်ကြည့်ခဲ့ဖူးပါရဲ့။

တကယ်တမ်းကျတော့ စားနိုင်သောက်နိုင် မိဘအသိုင်း အဝိုင်း အစုံအလင်ရှိတဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်သွားခဲ့တာ သိပ်တော့ထူးဆန်းတဲ့အရာမှ မဟုတ်ဘဲ။ ခဏလောက်ပဲ ကြေကွဲရမယ့် ကိစ္စ။ အသည်းတွဲနာကျနေလို့ ရနိုင်တဲ့ဘဝတွေမှ မဟုတ်တာ။ ဒါပေမဲ့ သူလက်ထပ်သွားခဲ့တာက ကိုယ်နဲ့အရင်းနှီး ဆုံးတွဲဖြစ်ခဲ့တဲ့သူငယ်ချင်း။ ကိုယ်တို့ချင်း နီးစပ်အောင် သူပဲဖန်တီး ပေးခဲ့သူ။ ငွေကြေးအခက်အခဲ တအစ ကိုယ်တို့နှစ်ဦးအပေါ် ကူညီဖေးမခဲ့သူလေ။

သစ္စာဖောက်ဖျက်ခံရခြင်းက ရင်တွင်းကို နာကြည်းမှု တံဆိပ် ခပ်နှိပ်ခံလိုက်ရသလို။ ကြေကွဲပူဆွေးခြင်းထက် ရှက်ရွံ့နာကြည်းမှုက အထု အထည် တဖြည်းဖြည်းကြီးလာပါရော။ လောကမှာ ယုံကြည်အပ်သော အရာ မရှိနိုင်ပါလားဟု သင်ခန်းစာ ကောင်းကောင်းရလိုက်ပြန် ပါရဲ့။

သည်လောက်နဲ့ ဒုက္ခတရားက ကျေနပ်ဟန်မတူ။ အလုပ်လက်မဲ့ ဖြစ်ပြီဆိုတော့ အရုပ်ကြိုးပြတ်ပမာ အဆောင်မှာ တခွေခွေ လုပ်ရင်း ထမင်းက နပ်မမှန်တော့။

ဘဝကို နာကြည်း၊ လောကကို နာကြည်း၊ လူတွေကို နာကြည်း၊ အထီးကျန်ခြင်း ဝေဒနာက ရင်ထဲမှာ အလျှံတညီးညီး လောင်မြိုက်ပြီ။

ရေနစ်နေတုန်း၊ ကောက်ရိုးတစ်မျှင်၊ ရေငတ်နေစဉ် ရေကြည် တစ်စက်ဟာ ရေနစ်ဖူးသူ၊ ကန္တာရကို ဖြတ်လို့ ရေငတ်ပြီး အသက်ငင်ဖူး

www.burmeseclassic.com

www.burmeseclassic.com



သူတွေအတွက် တစ်ခုတည်းသော အားကိုးရာ မျှော်လင့်ချက်ကြီးပါပဲ။

တစ်ဆောင်တည်းနေပေမယ့် မရင်းနှီး၊ တွေ့ဆုံမှုလည်း အလွန်နည်းသူတစ်ဦးက သူလုပ်နေတဲ့အလုပ်မျိုးဝင်လုပ်မလား မေးတော့ တောက်ရှိုးတမျှင်၊ ရေတစ်စက်လို၊ မက်မက်မောမော လိုလိုချင်ချင် ခေါင်းညိမ့်လိုက်မိပါရဲ့။

သည်လိုနဲ့ သည်အလုပ်ထဲ ရောက်လာခဲ့တာ။

❖ ❖ ❖

"ရန်နိုင် . . . ငါ တစ်ခုတော့ ပြောမယ်"

စကားအပြတ်မှာ သန်းဝေဦးထံမှ စကားသံထွက်လာသည်။ ရေနွေးကြမ်းပန်းကန်ကို စားပွဲပေါ် ပြန်ချပြီး သန်းဝေဦးမျက်နှာဆီ အကြည့်ပို့၏။

"ပြောလေကွာ"

"ပြောတိုင်းတော့ မယုံနဲ့ကွ၊ သူတို့အားလုံးလိုလိုရဲ့ စကား တဆင်တူရိုးမှားတွေ"

"တကယ့်အဖြစ်အပျက်တွေကိုက ဆင်တူရိုးမှားတွေ မဖြစ်နိုင်ဘူးလား"

သန်းဝေဦးက ခေါင်းကိုဖြည်းညင်းစွာ ခါရမ်းသည်။

"ငါ တစ်ခုစဉ်းစားမိတယ် သန်းဝေဦး"

"ဘာလဲ"

"သူတို့ ဘာပြောပြော မင်းတို့က မယုံဘူး၊ မင်းတို့ ဘာပြောပြော သူတို့ကလည်း မယုံဘူး၊ တစ်ခုသေချာတာကတော့ မင်းတို့က သူတို့ကို စညာတာပဲ၊ မင်းတို့ ညာတတ်မှန်းသိတော့ သူတို့ကလည်း လိုက်ညာ၊ ဒီလိုနဲ့ မင်းတို့ကြားမှာ ယုံကြည်စရာဆိုတာကို မရှိတော့ဘူး"

"ဒါတော့ ဖြစ်နိုင်ပါတယ်"

"ငါပြောတဲ့ ဆင်တူယိုးမှား တကယ်ကို ဖြစ်နိုင်တယ်ဆိုတာက သူတို့တွေ အများစုက သာယာတဲ့မိသားစုက လာတာမဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



အဖေအမေမရှိကြဘူး။ ရှိရင်လည်း ကွဲနေကြတယ်၊ အိမ်ထောင်သစ်တွေကိုယ်စီ ရှိနေကြတယ်။ ငွေကြေးချို့တဲ့ပြီး ဒုက္ခရောက်ကြ တယ်၊ မေတ္တာငတ်ကြတယ်။ အဲဒါတွေဟာ ဆင်တူရိုးမှား ဖြစ်နိုင်တဲ့ တကယ့်အဖြစ်တွေလို့ ငါယုံတယ်"

"မင်း မြတ်နိုးဝေ ပြောတာတွေကို ယုံတယ်ပေါ့"

"ယုံတယ် သန်းဝေဦး"

"ယုံရင် မင်းခံရမှာပေါ့"

"ဘာလို့ ခံရစရာရှိလဲ သန်းဝေဦး၊ ပြီးတော့ သူ ငါ့ကို ညာပြောရာအကြောင်းလည်း မရှိနိုင်ဘူး"

"ညာနေတာပဲတွ"

"ညာနေတာပဲဝေမယ့် ညာရမယ့်လူ မဟုတ်ဘူးဆိုတာ သူသိနိုင်မယ် ငါထင်တယ်၊ ငါ့ကို ညာလို့လည်း ဘာမှအကျိုးမထူးနိုင်ဘူးဆိုတာ မြတ်နိုးဝေသိမှာပဲ၊ သူ့မျက်လုံးထဲမှာ ရိုးရိုးသားသားဆိုတာ ငါတွေလိုက်တယ်"

"ဒါဆို ငါမေးမယ်"

"အေး"

"အခု မြတ်နိုးဝေ ဘယ်မှာနေလဲ"

"သိရိုမင်္ဂလာ"

"ဟာ . . . အံ့ဩစရာပဲ၊ မင်းကို အမှန်ပြောလား"

"အေးလေ . . . အဲဒါအမှန် မဟုတ်လား"

"အမှန်မို့ အံ့ဩသွားတာ၊ တစ်ခါတွေ့တဲ့လူကို သူတို့ ပါးစပ်ထဲရှိတာ ပြောကြတာပဲ၊ ငါက သိတာ့ဆိတ အမှန်သိထားတာ"

"အဲဒါကြောင့် မြတ်နိုးဝေ ငါ့ကို မညာဘူးလို့ ငါပြောတာ ပေါ့"

"ဒါဆို အခုလို တိုက်ခန်းနဲ့ ဖုန်းနဲ့ ဘယ်လိုဖြစ်သွားသယ်ဆိုတာရော မင်းသိလား၊ သူမင်းကို ပြောပြသလို အဆောင်နေရင်း ဆင်းဆင်းရဲရဲ ဘဝက ဒီဘဝကို သူဘယ်လိုရောက်လာတယ်ဆိုတာ တော့ သူဘယ်ပြောပြမလဲ . . . မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ပြုံးရင်း သန်းဝေဦးမျက်နှာကို ကြည့်လိုက်မိသည်။
"ပြောပြတယ် သန်းဝေဦး"
"ဘယ်လို၊ ပြောပြတယ် ဟုတ်လား"
သူခေါင်းကို ညိတ်လိုက်၏။

❖ ❖ ❖

တစ်ဆင့်စကား တစ်ဆင့်နားဆိုသလို တစ်မျိုး၊ လုပ်သက် ရင့်သူတွေက နည်းပေးလမ်းပြသွန်သင်ပေးတာက တစ်ပုံနဲ့ အတွေ့ အကြုံတွေ တဖြည်းဖြည်းများလာပြန်ရဲ့။ လာတဲ့သူတွေ အကြောင်းပိုပိုပြီး သိလာ နားလည်လာပါရဲ့။

သူတို့ပြောတဲ့စကား သည်ဘက် နားကဝင်၊ ဟိုဘက်နားက ထွက်၊ အလေးအနက် ဘယ်တော့မှ မထားမိ၊ ငါးမျှားဖို့ လာတဲ့သူဟာ ငါးပါးသီလ လုံခြုံမှာတဲ့လား။ ငါးသက်စေ့လွှတ်ဖို့တော့ ဘယ်သူမှ ငါးမျှားနေမှာလည်းမဟုတ်။ သူတို့က ငွေကိုအစာတပ်ပြီး မျှားနေ ကြတဲ့သူတွေ။ ထိုယ်ကလည်း ကိုယ့်စားဝတ်နေရေးအတွက် သူတို့ကို ပြန်မျှား။ ကြာတော့ဘယ်သူက သားကောင် ဘယ်သူက မုဆိုး မသိနိုင်လောက်တဲ့ တောဆိုးကြီးမှန်း သိလာရော။

တန်ဖိုးဆိုတာကလည်း ရှားမှ ရှိတတ်တာ။ ကျောက်ခဲနဲ့ စိန်ကြည့်ပါလား။ စိန်တွေသာ ကျောက်ခဲလို ပေါလို့ကတော့ ဘယ်သူမှ စိန်ကိုတန်ဖိုးထားတော့မှာမဟုတ်။

သိပ်ရဲလွန်းပြန်တော့ ကျောက်ခဲလို အထင်ခံရဦးမည်။ ဂုဏ်ကြီးနဲ့ ခပ်တည်တည် အလုပ်များတော့လည်း ဘယ်သူမှတွဲ ချင်တော့မှာမဟုတ်။ လိုက်လျောလွန်းလျှင် မြူတယ်ထင်တတ်လို့၊ တင်းပြတ်လွန်းတော့လည်း ဒီအလုပ်ဘာလို့ လာလုပ်လဲ အမေးခံရဦးမည်။

ဈေးလည်း မပေါရအောင်၊ အနှောင်အတွယ်လည်း ဖြစ်စေတဲ့ နည်းစနစ်တွေက အများသားလား။ ဘယ်တော့မှ ငါးမပေါ်တဲ့ ရေတန်မှာ ဘယ်သူက အပင်ပန်းခံပြီး ငါးမျှားနေမှာတဲ့လဲ။ အစာ သာမြင်တတ်

www.burmeseclassic.com

www.burmeseclassic.com



လို့ အဟပ်ကြမ်းလျှင်လည်း ပါးစောင်မှာ ငါးမျှားချိတ်က တန်းလန်းဖြစ်တော့မည်။ ငါးမျှားတံကိုင်းညွတ်ရုံမျှ ငါးကတွက်ပြနေလျှင် ငါးမျှားချင်စိတ်က ပိုလာတတ်စမြဲ။

လိုချင်တပ်မက်သည့်အရာကို လက်တစ်လှမ်းအကွာမှာထားပြီး နီးစေ၊ဝေးစေအောင် ကစားတတ်ပါမှ ၊ မက်မောစိတ်ကို နှိုးဆွ,အပြ,အသိမ်းကျွမ်းကျင်ပါမှ၊ ဘယ်လောက်တန်အောင် ဘယ်လောက်ပေးရမယ်လို့ တန်ဈေးကို တွက်တတ်ပါမှ သည်နေရာ ကအနေတော်ရယ်။

စကားကြီး စကားကျယ်လို့ မထင်နဲ့။ ပညာက သူ့နေရာနဲ့သူ . . . ။ အလွယ်ဆုံးတစ်ခုပဲ ပြောပြမယ်။ အတူယှဉ်ထိုင်တယ် ဆိုတာ ထောင်မှ မလွယ်ဘူးမှတ်။ တစ်ဦးကို တစ်ဦး နားလည်ယုံ ကြည်နေကြတဲ့ ချစ်သူတွေ၊ ဆုံနေကြ ရည်းစားတွေမှ မဟုတ်ကြတာ။ တကယ်တော့ သရုပ်ဆောင်နေကြတာကလား။

စ, စ ချင်း အရင်းနှီးလွန်ပြီး ပူးပူးကပ်ကပ် လိုက်လိုက်လျောလျော ထိုင်လိုက်တာနဲ့၊ တန်ဖိုးကို လျှော့ပြီးတွက်တော့မှာ အသေအချာ။ တစ်တောင်ကွာ နှစ်တောင်ကွာ ထိုင်မိလျှင်လည်း ဘဝင်ကျမည်မဟုတ်။ မနည်းလွန်း မများလွန်း ပခုံးစွန်းပေါ်လက်တင်နိုင်လောက်သည့်နေရာမှာ ထိုင်တာ အကောင်းဆုံးတဲ့။

ပခုံးပေါ်လက်အတင်၊ ရင်ခွင်ထဲ ကိုယ်တစ်ပိုင်းကို လှဲချင်လည်း လှဲချလိုက်နိုင်သား။ လက်တစ်ဖက်က စည်းဝါးလိုက်ချင်လည်း လိုက်ပေတော့။

အဲသည်လို ပညာတွေ ဆည်းပူးရင်း ငါးမျှားချိတ်ကို မထိအောင်ရှောင်ပြီး ငါးစာကို ဟပ်ရင်းနဲ့ တစ်နေ့မှာတော့ ဦးမင်းလွင်ရဲ့မြှုံးထဲက ရုန်းယူတဲ့အဖြစ်နဲ့ ရင်ဆိုင်တိုးပါလေရော။

❖ ❖ ❖

"ငါတော့ အတော်အံ့ဩနေတယ်၊ မင်းကို ဘာလို့ ငယ်ပေါင်းကြီးဖော်လို ရင်ဖွင့်နေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူက တခြားသူတွေနဲ့ ငါကမတူဘူးဆိုတာ သိတယ်တဲ့၊ အခုလို စကားအမှန်ပြောဖို့လူဟာ သူတို့အတွက် ရှားတယ်တဲ့၊ လူတွေ ကလည်း ဒီလိုစကားတွေ နားထောင်ဖို့ လာကြတာ မဟုတ်ဘူးတဲ့လေ"

"အင်း . . . ဒါတော့ ဟုတ်တာပဲ"

"သူက ငါ့ကို သူငယ်ချင်းတစ်ယောက်ကို ယုံယုံကြည်ကြည် နဲ့ပြောသလို ပြောနေတာပဲ"

"ဦးမင်းလွင်နဲ့အကြောင်း ဆက်ပြောပါဦး"

"မင်း သိပြီးသားနေမှာပါ"

"သိတာနဲ့ သူက အရင်းနှီးဆုံးလေ၊ သိတာဆိက ငါသိတာ၊ တခြားသူတွေကတော့ ထင်ကြေးနဲ့ ရမ်းပြောကြတာနေမှာပေါ့"

"သိပ်တော့ မဆန်းပါဘူးကွာ၊ ဦးမင်းလွင်နဲ့ မြတ်နိုးဝေတ မင်းနဲ့သိတာလို့ သံယောဇဉ်ရှိသွားကြတယ်၊ အမြဲလိုလိုတွေပြီး ကြာတော့ ဦးမင်းလွင်စကားတွေကို ယုံလာတော့တာပေါ့၊ ဦးမင်းလွင်က လူလွတ်ပါ လူပျိုပါ ပြောတော့ အားကိုးစရာ ထင်လိုက်တာပေါ့၊ လက်ထပ်ပါမယ် ဆိုတဲ့ စကားလည်း ယုံလိုက်တာပေါ့၊ ဦးမင်းလွင်ရဲ့ တိုက်ခန်းကို လိုက် သည်တော့လည်း လူပျိုတစ်ယောက်နေတဲ့ အခန်း ဆိုတာ အခိုင်အမာ ယုံစရာဖြစ်သွားတာပေါ့ကွာ၊ တိုတိုပြောရရင်တော့ တကယ်လက်ထပ် တော့မယ်ဆဲဆဲမှာမှ ဦးမင်းလွင်က သားကြီး မယားကြီးရှိတာ ပေါ်သွား ပြီး သူ့မိန်းမလိုက်လာတွေ၊ ရှောင်ပေးဖို့ ပြော၊ အဲဒီတယ်လီဖုန်းပါတဲ့ တိုက်ခန်းကို လျော်ကြေးသဘောပေးပြီး လမ်းခွဲခဲ့တာ ဒါပဲ . . . မင်းကြားတာ ဟုတ်ရဲ့လား"

စကားရှည်ကိုဖြတ်ပြီး ရေနွေးကြမ်းပန်းကန်ကို ကောက်ယူ မော့သည်။

"ဟုတ်တယ်၊ အဲဒီအတိုင်းပဲ၊ ဒါပေမဲ့ ပတ်ဝန်းကျင်ကတော့ အချိုကြီးရအောင် ချူလိုက်တယ်လို့ပဲ ပြောကြတာပေါ့"

"သူတို့အပေါ် အကောင်းမမြင်နိုင်ကြဘူးပေါ့ကွာ"

"အဲဒီနောက်ပိုင်း မြတ်နိုးဝေက လူရွေးလာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူ လူတွေကို မယုံတော့တာလည်း မဆန်းပါဘူးလေ၊ သူ့ဘဝ တ မယုံအောင် သင်ပေးခဲ့တာပဲ"

"ပြီးတော့ လူတွေကလည်း သူတို့ကို မယုံတာပါတယ်၊ အဲဒါကို သိပြီးသူတို့ အသိစိတ်ကလည်း လူတွေကို ပြန်မယုံအောင် ဖြစ်လာရော"

သူ ခေါင်းညိတ်ပြလိုက်မိသည်။

တစ်နေ့နေ့မှာတော့ မြတ်နိုးဝေကို တွေ့ပြီး စကားပြောချင်တဲ့ ဆန္ဒ သူ့မှာဖြစ်လာမိတာ အမှန်။

ဒါပေမဲ့ သူက မြတ်နိုးဝေကို နေရောင်ရဲ့ အလင်းမှာသာ တွေ့ပြီး စကားပြောချင်တာတလား။

မှောင်မိုက်လွှမ်းညများမှာ မြတ်နိုးဝေကို သူမတွေ့ချင်ပြန်။

❖ ❖ ❖

ညှော်သည်သာ ထာဝရအမှန်တဲ့ . . .

အဲဒီစကား ဖြစ်နိုင်ပါသတဲ့လား။ လောကမှာ အမြဲမှန်သူ အမြဲမှားနေသူတွေ ရှိပါသတဲ့လား။ စဉ်းစားမိတိုင်း ဟားတိုက်ရယ် စရာ၊ အမှန်တွေစုပြီး အမှားဖြစ်မလာနိုင်ပေမယ့် အမှားနှစ်ခုပေါင်းပြီး အမှန် အတုတွေက ဒုနဲ့ဒေး။

ပိုက်ဆံပေါ်တိုင်း ညှော်သည်ဖြစ်နိုင်ပေမယ့် ညှော်သည်တိုင်း လူကြီးလူကောင်း မဟုတ်တာတော့ အသေအချာ၊ ဒေါင်ချာစိုင်းအောင် မူးပြီး ကွေးနေအောင်ကတတ်တဲ့ညှော်သည်၊ တစ်ခုပြီးတစ်ခုရစ်ပြီး စိတ်ညစ်စရာကောင်းတဲ့ ညှော်သည်၊ စားပွဲကန် ဖန်ခွက်ခွဲ မိုက်ကရိုဖုန်း တို ပစ်ပေါက်ချင်တဲ့ ညှော်သည်။ ညှော်သည်အမျိုးမျိုး အချိုးအစုံစုံကို ကြုံရင်းတွေ့ရင်း ညှော်သည်သာ ထာဝရအမှန်ဆိုတဲ့ စကားကို နားခါးပြီး ဘဝင်မကျချင်တော့။

ညှော်သည်တစ်ရာမှာ ကိုးဆယ်ကျော်က ငွေပေးလျှင် အရာရာရ နိုင်သည်ဟု ထင်တတ်သူတွေ။ မြတ်နိုးဝေတို့ဘက်က ကျတော့လည်း ငွေရပြီး တန်ရာတန်ကြေး အနည်းဆုံးသာပေးဖို့ ဆုံးဖြတ်ထားကြသူတွေ။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းမေတ္တာတရားဆိုတာ မုဒိတာနဲ့ ကရုဏာအလုပ်ကို လုပ်ဆောင်သတဲ့ . . .။ အဲဒီလို ကြားခဲ့သိခဲ့ပေမယ့် မြတ်နိုးဝေ တို့နေရာမှာ အချစ်ဆိုတာမရှိ။ အချစ်၏အဓိပ္ပါယ်ကို လွဲမှားစွာ အသုံးချနေသူတွေချည်း။

သည်မှာလောက် 'ချစ်တယ်' ဆိုတဲ့စကား ဖောဖောသီသီ အသုံးများတာ မရှိနိုင်။ 'ချစ်တယ်' 'ချစ်တယ်' ဆိုတဲ့ စကားနောက်ကွယ်က အဓိပ္ပါယ်ဘာကိုရည်ညွှန်းတယ်ဆိုတာ အားလုံးက နားလည်အဘောပေါက်ပြီးသား။ ချစ်တယ်ဆိုတဲ့ စကားတစ်ခွန်းကြားတိုင်း တစ်ခါကျော့ချမ်းသတဲ့။

'ချစ်တယ်' ပြောပြီး ချစ်လားမေးရင် မချစ်ဘူးဖြေမိတာမရှိ။ ဉီးစားဦးမယ်ဆိုတာ ဒီနေရာမှာမသုံး။ ဘာမှစဉ်းစားနေစရာလည်း မလို။ သူက မူးပြီးပေါ့ပေါ့ပြော၊ ကိုယ်ကလည်း အလိုက်အထိုက် ပြန်ဖြေ။ နောက်တစ်နေ့ ဘယ်မှာတွေ့ချင်တယ်ပြောရင် ခေါင်းညိတ်ပြလိုက်။ မြို့လျှင် သွားတွေ့ဖို့ နေနေသာသာ ဖယ်ရီပေါ်ရောက်တာနဲ့ အရာအားလုံးကကျန်ခဲ့ပြီပဲ။ ရင်ထဲမပြောနဲ့ ခေါင်းထဲမှာ ဘာမှပါမလာတတ်။

ကိုက်တစ်ရာစကားတဲ့။ အခန်းနဲ့ ကိုက်တစ်ရာဝန်းကျင်သာ သည်စကားတွေက အတည်။ ကိုက်တစ်ရာကျော်တာနဲ့ အားလုံး လေထဲလွင့်ပျောက်။

အမြဲလာတဲ့ ဧည့်သည်ပေါ့။ ကပ်စတန်မာ . . . တဲ့။ သူတို့ ကတော့ မြတ်နိုးဝေတို့အတွက် အထူးအရေးပါသူပါပဲ။ တစ်ခါတစ်ခါ ဆို ကိုယ်က သူ့ကိုလှမ်းခေါ်လို့ရတဲ့အဆင့်။ ကိုယ်ခေါ်တိုင်း မငြင်းတဲ့ အဆင့်။ ဒါမျိုးဆို ကိုယ်ကလည်း သူ့ကိုဦးစားပေးရသည်ပဲလေ။ အဲဒီ ကပ်စတန်မာဆိုတာတောင် အလေးအနက်တော့ ထားတာမဟုတ်။ ခေါင်းထဲမှာ ထည့်ထားတတ်ပေမယ့် ရင်ထဲအထိအဝင်မခံ။

ဦးရန်နိုင်နှင့် ပြောခဲ့ဆိုခဲ့တာတွေ အတွေးထဲ ပြန်ပြန်ရောက် ရောက်လာတော့ ဘာသာအံ့ဩစိတ်ဖြစ်မိပြီပဲ။ မိတ်ဆွေဟောင်း တစ်ဦး ညီတရင်းတနှီး ရင်ဖွင့်ပြဖြစ်ခဲ့တာလည်း အဆန်းတကျယ်ပင်။ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း အဖြစ်မှန်ကို ယုံယုံကြည်ကြည် ဖွင့်အံမိတာကိုက နားမလည်နိုင်စရာ။

တစ်ခါတစ်ခါ အာရုံမှာ ပေါ်လာတတ်သည့် ယောကျ်ားပီသသော ထိုမျက်နှာကို ကြိုးစားဖျောက်နေမိတာ ဘာကြောင့်ရယ်မသိ။ ပြန်ဆုံနိုင်စရာ အကြောင်းမရှိပါဘဲ ပေးခဲ့သော ဖုန်းနံပါတ်ကို ဆက်လေမလား မျှော်မိရင်း ရင်ခုန်ချင်ပြီ။

သူနှင့်တွေ့မှ လူတစ်ဦးနှယ် ပီသချင်ပြီတဲ့လား။ နှလုံးသားကထာဝရ သေဆုံးသွားတာ မဟုတ်ပြန်။

❖ ❖ ❖

ရွှေဘုံသာလမ်းမှာ အမေ့အတွက် ဆေးဝယ်ပြီးတော့ အချိန်ကစောနေသေးတာသိသည်။ အလုပ်ကိစ္စသွားတွေ့စရာရှိတာက ညနေသုံးနာရီခွဲ။ ယတ်မှနာရီကိုကြည့်လိုက်တော့ နှစ်နာရီ သာသာ။ ကားရပ်ထားရာဆီသွားဘဲ ဈေးဦးနုပ်ဆိုင်ဘက် ဆက်လျှောက်လိုက်သည်။ အဲဒီမှာထိုင်ပြီး အချိန်ဖြုန်းမည်တွေး၏။

"ဦး . . . ဦးရန်နိုင်"

ဆိုင်ထဲကို လှမ်းဝင်လိုက်စဉ် အပေါက်ဝနှင့် အနီးဆုံးစားပွဲမှ လှမ်းခေါ်သံကို ကြားလိုက်၏။

"ဟာ . . . မြတ်နိုးဝေ၊ တစ်ယောက်တည်းလား"

"ဟုတ်တယ် ဦး . . . ဒီမှာလာထိုင်လေ"

"ခဏနေဦးနော် . . . ကော်ဖီ သွားယူလိုက်ဦးမယ်"

ကောင်တာဆီ လျှောက်သွားပြီး ကော်ဖီတစ်ခွက်မှာသည်။ သည်နေ့ ခါတိုင်းနှယ် လူသိပ်မများတာ သတိထားဖြစ်သည်။ ကော်ပန်းကန်တင်ထားသော ဗန်းလေးကိုယူရင်း မြတ်နိုးဝေရှိရာ စားပွဲဆီလျှောက်၏။ ဗန်းကိုတင်ပြီး မျက်နှာချင်းဆိုင်မှာပင် ထိုင်လိုက်သည်။

"ဈေးလာဝယ်တာလား"

မျက်နှာကို စူးစိုက်ကြည့်ရင်း မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"စကော့ဈေးမှာ အကျီချုပ်ထားတာ လာရွေးတာဦး၊ ဦးတရော"

"လူတစ်ယောက်နဲ့ တွေ့ဖို့ရှိတာ အချိန်စောနေသေးလို့"

"ဖုန်းဆက်မယ်ဆို ဆက်လည်း မဆက်ဘူး"

မြတ်နိုးဝေကိုကြည့်ယင်း သူပြုံးနေမိသည်။

"ဆက်ဖို့ သတိရတဲ့အချိန်က စောနေလို့ နိုးမှာမဟုတ်ပါဘူး လေ တွေးပြီးမဆက်ဖြစ်တာ၊ တစ်ခါခါကျတော့လည်း မြတ်နိုးဝေ အလုပ်သွားခါနီးဖြစ်နေမှာပဲဆိုပြီး မဆက်ဖြစ်ဘူး"

"ဟိုကိုမလာဘူးဆိုတာတော့ သိပါတယ်၊ ဖုန်းများဆက်မသားလို့၊ ပြီးခဲ့တဲ့အပတ်က ဟို အတူလာတဲ့ဦး လာတာတွေ့တယ်၊ သိတာ့ဦးလေ"

"သန်းဝေဦး"

"နာမည်တော့ မြတ်နိုးမသိဘူး၊ ဦးမပါဘူးလားလို့ မေးမိသေးတယ်"

"သူက ပိုက်ဆံချမ်းသာတယ် မြတ်နိုးရဲ့၊ ပိုက်ဆံသုံးနိုင်တဲ့သူတွေ သွားတဲ့နေရာ၊ ဦး ဘယ်လိုလာနိုင်မလဲ"

"ပိုက်ဆံ ရှာနေရပေမယ့် ပိုက်ဆံကိုမြတ်နိုးကတော့ တဖြည်းဖြည်းနဲ့ မုန်းလာတယ်"

မြတ်နိုးဝေ၏မျက်နှာကို ဖျက်ခနဲ စူးစိုက်ကြည့်ဖြစ်သေး၏၊ ဆိုထားဆဲအကြည့်မှ မြတ်နိုးဝေက လွှဲသွားသည်။

"ပိုက်ဆံရှာဖို့ အရင်းအနှီး လိုတာတော့အမှန်ပဲ၊ ငွေကြေး၊ အတတ်ပညာ တစ်ခုခုပေါ့၊ ဒါပေမဲ့ ပိုက်ဆံပြန်ရတာနဲ့ မတန်အောင်ပေးလိုက်ရတဲ့ အရင်းအနှီးတွေလည်း အများကြီးရှိတာပဲ"

"ကိုယ်ခန္ဓာကို ရင်းနှီးတာကို ပြောတာလား ဦးနိုင်"

ဦးနိုင်ဟု ပြောင်းခေါ်လိုက်တာ သတိထားဖြစ်သည်။

"အင်း . . . အဲဒါလည်းပါတာပဲပေါ့၊ ကိုယ်ခန္ဓာကို ရင်းတယ်ဆိုတာ ကိုယ်ခန္ဓာတစ်ခုတည်းမကဘူး၊ မတောင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဆိုတဲ့ နာမည်ပျက်၊ နာမည်ဆိုးရလာတာလည်း အရင်း အနှီးတစ်ခုပဲလေ"

"အင်း . . . ဟုတ်တယ်နော်"

"မြတ်နိုးတို့အလုပ်ဆိုရင်လည်း ကြေးစားလို့ မသတ်မှတ်ပေမယ့် အဲဒီနီးပါးပဲ လူတွေက ထင်ထားတတ်ကြတာ၊ အားလုံးမဟုတ်ပါဘူးလို့ မငြင်းနိုင်ပေမယ့် မဟုတ်တဲ့သူတွေလည်း အများကြီးရှိတာ တော့ အမှန်ပဲ၊ ဒါပေမယ့် လူတွေက သိမ်းကျုံးပြီး အထင်သေးကြတာ ပဲ"

"အဲဒီအထင်သေးခံရတာ မြတ်နိုးတို့ ပေးလိုက်ရတဲ့ အရင်းအနှီးပေါ့"

"ဟုတ်တယ်"

"ပြီးတော့ လူတွေကို လိမ်တတ်ညာတတ်၊ စကားကိုပေါ့ပေါ့ ပြောတတ်တာတွေလည်း မကောင်းတဲ့အလုပ်တွေပေါ့၊ အဲဒါတွေ လည်းကိုယ့်စရိုက်တစ်ခုလို စွဲလာပြီဆိုရင် ကိုယ်ပေးလိုက်ရတဲ့ အရင်း အနှီးပဲ"

"တချို့ဆို ချူတာသိပ်ကျွမ်းတဲ့သူတွေရှိတယ် ဦးရဲ့၊ ရသ လောက်ချူယူ၊ ပြီးတော့ ကန်ထုတ်၊ လိုက်လာတွေ့ ရန်ဖြစ်ကြတာ တွေမြင်ဖူးတယ်"

"အဲဒီလို ချူတတ်မြူတတ်တဲ့အကျင့်မျိုးရှိတဲ့ အဆင့်ရောက် သွားပြီဆိုရင်တော့ ကြေးစားမိန်းကလေးထက် ပိုပြီးအဆင့်နိမ့်သွားပြီ မြတ်နိုးဝေ၊ ကြေးစားက သူ့ကြိုက်စျေးကိုတောင်းပြီး ကိုယ်ခန္ဓာပဲပျက်စီး တာ၊ အခုန ဟာမျိုးက ကိုယ်ခန္ဓာရော စိတ်ဓာတ်ပါ ပျက်စီးသွားတာလေ"

"မြတ်နိုး ဒီအလုပ်မှာ မပျော်ဘူး ဦးရယ်၊ ဦးပြောသလို စရိုက်ဆိုးတွေ အကျင့်ဆိုးတွေ ရလာမှာပဲ စိုးတယ်"

"တခြားအလုပ်တွေ အများကြီး ရှိတာပဲ မြတ်နိုးရယ်"

မျက်နှာတစ်ချက် တည်သွားသည်။ ပြီးတော့မှ ပြုံးရင်းဖြည့်၏။

"အမှန်ပြောမယ်နော် ဦး"

သူက ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရမ်းဆင်းရဲခဲ့ဖူးတော့ အဲဒီဘဝပြန်ရောက်မှာ ကြောက်တယ်၊ ပြီးတော့ လွယ်လွယ်နဲ့ ငွေရှာရပြီး သုံးရဖြုန်းရတဲ့ အပေါ်မှာ သာယာနေတယ်၊ အဲဒါတွေ တွေးပြီး အလုပ်မထွက်ရဲတာ၊ ဒီလောက် ဝင်ငွေမျိုး ဘယ်လိုမှ ရှာမရနိုင်ဘူးသိတော့ ရတုန်းလိုချင်မိတာ အမှန်ပဲ ဦး"

စားပွဲပေါ်ကို လက်ချောင်းကလေးတွေနှင့် ခေါက်ရင်း သတ် ပြင်းငွေ့ငွေ့ချမိသည်။

"ဟုတ်တယ်၊ မြတ်နိုးပြောတာ မငြင်းနိုင်တဲ့ အချက်ပါပဲ၊ ဆိုးစောစောက ပြောခဲ့တာကို ပြန်ကောက်ပြီး စဉ်းစားရအောင်၊ ဒီငွေ တွေအတွက် မြတ်နိုးရဲ့ ကောင်းတဲ့စရိုက်တွေ၊ အကျင့်သီလတွေကို ရင်းမှာလား"

"မရင်းချင်းဘူး ဦး"

"ဒီစိတ်မျိုး ရှိနေသေးရင် မြတ်နိုး တစ်နေ့ ဒီငွေတွေကို စွန့် ခွာနိုင်မှာပါ"

"အိမ်ထောင်ကျသွားတဲ့ အများစုကလည်း အငယ်အနှောင်း သူများအိမ်ထောင်ကို လုတဲ့သူ၊ ဒါမှမဟုတ်၊ အပျော်မယား၊ အဲဒီ အတန်းအစားထဲမှာ မြတ်နိုးမပါချင်ဘူး၊ ဦးမင်းလွင်နဲ့တုန်းက တကယ် ခဲ့သူကို လူပျိုလူလွတ် ထင်ခဲ့မိတာ၊ တိုက်ခန်းတွေ ဘာတွေကိုပါ နာမည် ပြောင်း ဘာညာလုပ်ပေးတော့ အဟုတ်ထင်တာပေ့ါ၊ သူ့အမျိုးသမီး နဲ့တွေ့မှ အဖြေကရှင်းသွားတာ၊ ကံကောင်းလို့ အငယ်ဖြစ်တော့မလို့လေ၊ မြတ်နိုးက နှောင့်ယှက်မယ်ထင်လို့လား မသိပါဘူး၊ တိုက်ခန်းကိစ္စတွေ ဘာတွေလည်း သူ့အမျိုးသမီးက ရက်ရက်ရောရောပေးပြီး ဇာတ်လမ်း ပြတ်တာ၊ ဘာမှရရ မရရ မြတ်နိုး ကလည်း ဖြတ်ဖို့စဉ်းစား ပြီးသားပါပဲ"

"တစ်ခုပြောပြမယ် မြတ်နိုးဝေ"

"ပြော ဦး"

"လင်ရယ်၊ သားရယ်၊ မောင်ရယ် ၊ အဖမ်းအဆီးခံရပြီး ထောင်ဒဏ်ချမှတ်ထားတယ်တဲ့၊ ဘုရင်ကြီးဆီကို အဲဒီအမျိုးသမီးတ

www.burmeseclassic.com

www.burmeseclassic.com



အသနားခံတော့ သုံးဦးထဲက ကြိုက်ရာတစ်ဦး အသက်ချမ်းသာ ပေးမယ် ဆုံးဖြတ်တယ်တဲ့၊ ဒီတော့ အမျိုးသမီးက သူ့မောင်အသက်ကို ချမ်းသာ ပေးဖို့ ရွေးလိုက်တယ်တဲ့"

"လင်နဲ့ သားကို မောင်လောက် မချစ်လို့လား"

"မဟုတ်ဘူး မြတ်နိုးဝေ၊ လင်နဲ့သားက အစားပြန်ရနိုင်တဲ့ အရာတွေတဲ့၊ မောင်က အစားပြန်မရနိုင်လို့တဲ့၊ အဲဒါ ဘာပြောချင် တာလဲဆိုတော့ လောကမှာ ရွေးချယ်စရာကြုံလာရင် အစားပြန်မ ထိုးနိုင်တာကို ဦးစားပေးသင့်တယ်ဆိုတာပဲ၊ ငွေကြေးဆိုတာ အချိန် မရွေးရှာလို့ရနိုင် အစားထိုးနိုင်ပေမယ့် ပွန်းပဲ့သွားတဲ့ ကိုယ်ကျင့် သိက္ခာ အရှုအသာ ဘယ်တော့မှ ပြန်မရနိုင်တော့ပါဘူး မြတ်နိုး"

စကားဖြတ်ပြီး လက်မှနာရီကို ကြည့်သည်။

"သွားတော့မှာလား ဦး"

"အချိန်နီးလာပြီ သွားမှ"

"ဦးနဲ့ စကားပြောရတာ ကောင်းတယ်၊ မြတ်နိုးက ဦးနဲ့ အဲဒီ လို စကားပြောရတဲ့ အခွင့်အရေးမျိုး တခြားသူတွေဆီက မရနိုင် ဘူးလေ"

"ဖုန်းဆက်မယ်လေ၊ မြတ်နိုး အားရင် စကားပြောရတာပေါ့"

"တစ်နာရီကျော်ရင် မြတ်နိုး အိပ်ရာက နိုးနေပြီ၊ ဆက်လိုက်၊ မြတ်နိုးတို့အနားမှာ လက်ဖက်ရည်ဆိုင်ကောင်းကောင်းတွေ အများ ကြီးပဲ"

"ကဲ သွားမယ် မြတ်နိုး"

ပြုံးပြ ခေါင်းအညိတ်၊ မျက်ဝန်းထဲက အရိပ်ကို မြင်နိုင်သလို။

❖ ❖ ❖

အသံကြားရုံမျှဖြင့် အတွေးမှာ သူ့ပုံပေါ်လာပြန်တာ ဘာဖြစ် လို့ပါလဲ။ သူ့မျက်ဝန်း၏ အစူးအရှအကြည့်က ထာဝရသတိရနေစေရော့ ရည်ညွှန်းလေသလား။ စကားသံ၏ အပျောင်းအနွဲ့မှာ မျောပြီး လောက

www.burmeseclassic.com

www.burmeseclassic.com



ကို မေ့ထားလိုက်ချင်ပြီ။

တယ်လီဖုန်းမှ သူ့အသံ ပျောက်သွားမှာ ကြောက်ရွံ့စိုးပူ နေချင်ပြီ။ သူ ဖုန်းချတော့မယ်ဆိုတော့ တစ်ခုခုကို လက်လွှတ်ဆုံးရှုံးခံလိုက်ရသလို။ နောက်ရက်တွေ ဖုန်းဆက်ဖို့ ပြောမိသည့်စကားက အသနားခံနေသလို ဖြစ်မလားပဲ။

မိဘနှစ်ပါး အသက်ရှင်လျက်ရှိမှန်းသိပြီး မမြင်ဖူး မတွေ့ဖူးဘဲဘဝ၊ လောကထဲက တစ်ကောင်ကြွက် မြတ်နိုးဝေအဖို့ သူ့စကားတွေကမိဘနှစ်ပါး ဆုံးမနေသလို။ အားငယ်စိတ်ပျက်မှုတွေ ကြားတော့ဖေးမအားပြည့်စေတဲ့စကားကို သူငယ်ချင်းမိတ်ဆွေ ကောင်းတစ်ယောက်က ပြောကြားနေသလို။ စေတနာစကားတို့က နှလုံးသားကို ပူနွေးစေခဲ့သည်ပဲ။ အကြင်နာစကားတို့က မျှော်လင့်အား ထားမှုကိုရှင်သန်စေခဲ့သည်ပဲ။

တစ်သက်တာ ရှည်လျားမည့် ဘဝလှိုဏ်ခေါင်းရှည်အတွင်း အလင်းရောင်ကို မြင်လိုက်ရသူနှယ် . . .။

တွယ်တာမှုကင်းပြီ ထင်ထားသည့် ရင်၏အလှပ်အရှားတာ နှလုံးသားရှိသူအဖြစ် ပြန်လည်မွေးဖွားပြန်စေသည်ပဲ။

သူပခုံးစွန်းမှာ ခေါင်းမှီရင်း ရင်တွင်းသောကကို ဖြေလျှော့ချင်ပြီ။

သူ့ရင်ခွင်ကြားမှာ ခေါင်းထားရင်း ချစ်ခြင်း၏ ချိုမြိန်မှုကိုခံစားချင်ပြီ။

သူ့နှင့်တွေ့မှ ဘဝသည် စ၍ လောကကို ရဲရဲကြည့်ချင်သူဖြစ်လာတော့သည်ပဲ။

❖ ❖ ❖

သူ့စကားကို နားထောင်ရင်း သန်းဝေဦးက မျက်မှောင်နှစ်ဖက်တွေးညွှတ်အောင် တွန့်ပြီး စဉ်းစားဟန်ပြုသည်။ မျက်နှာကမရယ်မပြုံး။

"နေပါဦး မင်းဖုန်းဆက်တာတော့ ငါသိတယ်၊ မင်းတို့ထ

www.burmeseclassic.com

www.burmeseclassic.com



အပြင်တွေ ဘာတွေမှာ တွေ့နေကြပြီပေါ့"

"အအေးဆိုင်ထိုင်ပြီး စကားပြောတာပါ"

"ငါ ရှင်းရှင်းမေးမယ် ရန်နိုင်၊ မင်းက မြတ်နိုးဝေကို ဘယ်လိုသဘော တွဲတာလဲ"

"ငါ တွဲတာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလုပ်တာလဲ"

"ငါ သူ့ကို ချစ်သူတစ်ယောက်လို ချစ်တာ"

"ဘာတွ"

"ငါ သူ့ကို တကယ်ချစ်တာ သန်းဝေဦး"

"မင်းရူးနေလား ရန်နိုင်"

သူ သန်းဝေဦးမျက်နှာကို ကြည့်ရင်း ပြုံးနေမိသည်။

သန်းဝေဦး သူ့ကို သည်လိုပြောမည်၊ အပြစ်တင်မည်ကို ကြိုတင်သိပြီးသား။

"ငါ ဘယ်သူ့ကိုမှ မညာချင်ဘူး၊ ငါ့ကိုယ်ငါလည်း မညာချင်ဘူး။ သူနဲ့ဖုန်းထဲက စကားပြောရင်း သံယောဇဉ်ဖြစ်သွားတယ်၊ လက်ဖက်ရည်ဆိုင်မှာ သုံးလေးခါတွေ့ပြီးတော့ ငါသူ့ကိုချစ်တယ် ပြောလိုက်တာပဲ"

"သူကလည်း ချစ်တယ် အဖြေပေးတယ်၊ ဟုတ်လား"

"ဟုတ်တယ်"

"ဘာဆန်းလဲကွာ၊ သူတို့ပါးစပ်က ထမင်းစားရေသောက် ပြောနေကျစကားပဲဟာ"

"သူ့ရင်ထဲက စကားလို့ ငါယုံတယ်"

"ဟာ . . . ရန်နိုင်"

သန်းဝေဦး နဖူးကို လက်ဝါးဖြင့် ရိုက်သည်။

"မင်းသိပါတယ်၊ ကျောင်းတုန်းက ငါ့ရည်းစား ဖြူအိမ်က သဘောတူတဲ့သူနဲ့ ယူသွားကတည်းက ငါမိန်းမတွေကို စိတ်မဝင်စားခဲ့တာ၊ အခု ငါမြတ်နိုးကို တကယ်ချစ်လို့ သူ့ဘဝကို သနားပြီး

www.burmeseclassic.com

www.burmeseclassic.com



နားလည်လာလို့"

"တော်တော့ ရန်နိုင်၊ မင်းမှာ မိန်းမနဲ့ ပတ်သက်ပြီး ဘာအတွေ့အကြုံမှ မရှိလို့ ငါစိတ်ပူတာ။ မြတ်နိုးဝေတို့က နောကျေ နေပြီးသား"

"မင်း ဒီလိုပဲထင်မယ် ငါတွေးပြီးသားပါ"

"ထင်တာ မဟုတ်ဘူးကွ၊ တကယ် ...၊ တကယ်ဖြစ်နေတာ၊ ငါက ဒီလောကအကြောင်းတွေ ကောင်းကောင်းသိနေလို့"

"ငါ နားလည်ပါတယ်၊ မင်းသိတာလည်း မမှားနိုင်ပါဘူး။ မင်းတို့လို ဧည့်သည်တွေက ငွေနဲ့ သာယာမှုကို ဝယ်တယ်၊ သူတို့ တာယကြင်နာမှု မေတ္တာအတုအယောင်တွေကို ပြန်ရောင်းတယ်၊ ဒါတွေက အလုပ်သဘောလေ၊ မြတ်နိုးဝေမှာလည်း ဒီလိုအလုပ်သဘောမျိုးလုပ်ခဲ့တာတွေ ရှိမှာပေါ့၊ ငါ့အပေါ်မှာ တကယ့်မေတ္တာ စစ်လို့ ငါယုံတယ်"

"မင်း ဘာနဲ့တိုင်းမလဲ"

"ခံစားမှုနဲ့တိုင်းမယ် သန်းဝေဦး"

"မင်း တကယ်ရူးသွားပြီး ရန်နိုင်"

"ဘာလဲ ... မြတ်နိုးဝေတို့လို မိန်းကလေးတွေမှာ ခံစားမှုဆိုတာ၊ အချစ်ဆိုတာ မရှိရတော့ဘူးလား"

"မရှိကို မရှိတော့ဘူး ရန်နိုင်"

"လူပဲကွာ"

"လူအစစ် မဟုတ်တော့ဘူး"

"အားလုံး မဖြစ်နိုင်ပါဘူးကွာ"

"အဲဒီနေရာက လူတွေဆီမှာ ချစ်ခြင်းမေတ္တာတို့ ၊ စေတနာတို့ တတိတို့၊ သစ္စာတို့ဆိုတာ တကယ်မရှိနိုင်ဘူး ရန်နိုင်"

"ငါ မငြင်းပါဘူး၊ အလုပ်ခွင်ထဲမှာ ဖြစ်နိုင်တယ်"

"အလုပ်ခွင်ထက် အရေးကြီးတာ သူတို့ဘဝမှာ မရှိဘူး ရန်နိုင်"

"ငါ မယုံဘူး"

"အေး မယုံရင်ကြည့်နေ ... မြတ်နိုးဝေက မင်းကို ငွေတွေ

www.burmeseclassic.com

www.burmeseclassic.com



အတွက် တွဲတာမဟုတ်ဘူးထား၊ သူ အပျင်းပြေ ကစားစရာ အသစ်တလေးတစ်ခု ရသလို မင်းကို အပျော်တွဲတာပဲ"

"မင်းတင် မဟုတ်ဘူး၊ ပတ်ဝန်းကျင်ကလည်း မြတ်နိုးဝေတို့အပေါ် ဒီလိုမြင်မှာပဲလေ၊ ဒါက သူတို့ ပြန်ပေးဆပ်နေရတဲ့ လျော်ကြေးပဲ၊ ငွေလွယ်လွယ်ရတဲ့ အလုပ်တစ်ခုရဲ့ ဘေးထွက်ဆိုးကျိုးပဲ၊ ငါ ဒီလိုပဲ နားလည်းထားတယ်"

"မင်းနဲ့သူ အခု သမီးရည်းစားဖြစ်ပြီပေါ့"

သူခေါင်းညိတ်ပြလိုက်တော့ သန်းဝေဦးက နှုတ်ခမ်းတွန့်ရင်း အရော်ပြုံးပြုံးသည်။

"ရည်းစားဖြစ်ဖြစ် ... ချစ်သူဖြစ်ဖြစ် ... သူတို့ဘဝမှာ တစ်စတန်မာလောက် အရေးမပါနိုင်ဘူး ရန်နိုင်၊ ရည်းစားချိန်းရင် အားတဲ့အချိန် ရှိနိုင်ပေမယ့် တပ်စတန်မာ ဖုန်းဆက်ခေါ်ရင် အလုပ်ကို သောရတဲ့သူ မရှိဘူး၊ ချစ်သူစိတ်ကောက်တာ သူတို့ ခံနိုင်ပေမယ့် တစ်စတန်မာ ငြိုငြင်မှာ သူတို့ သိပ်ကြောက်ကြတယ်"

လေပူတစ်ချက်ကို မှုတ်ထုတ်ရင်း ဆိုင်ပြင်ကို ငေးကြည့်မိသည်။ အနီးဆုံးပတ်ဝန်းကျင်မှ အရင်းနှီးဆုံးသူငယ်ချင်း၏ အတိုက်အခိုက်စကားကိုစပြီး ကြားရပြီပဲ။ နောက်လည်း သူ့အသိုင်းအဝိုင်းကသည်လိုပင် ထိုးနှက်ကြဦးမည်လေ။

"ငါ့ကို မြတ်နိုးက ဒီကိစ္စ ပြောပြဖူးတယ်"

"ဘယ်လိုပြောလဲ"

"မင်းပြောတာ မှန်ပါတယ်၊ ကပ်စတန်မာကို ဂရုစိုက်တယ်၊ အငြိုငြင်မခံချင်ဘူးဆိုတာ သူလည်းဝန်ခံပါတယ်၊ ဒါက ငွေအမြဲရနေလို့ ငွေထွက်နေလို့ဆိုတဲ့ အချက်တစ်ခုတည်း မဟုတ်ဘူး၊ မာန ပါတယ်"

"ဘာမာနလဲ"

"ကိုယ့်ကပ်စတန်မာ တခြားတစ်ယောက်ဆီပြောင်းသွားမှာ ကိုမခံချင်တဲ့မာန၊ ကိုယ်က ထိန်းမထားနိုင်ဘူး၊ တခြားတစ်ယောက်တပိုပြီးဆွဲဆောင်မှုသာသွားတာ၊ အဲဒါတွေကို မခံချင်လို့ မာန၊ အဲဒီ မာန

www.burmeseclassic.com



ကြောင့် အဲဒီလိုအဖြစ် မခံချင်ကြဘူး၊ အများစုက သူတို့အလုပ် မဆင်းတဲ့ရက်ကိုတောင် ကပ်စတန်မာကို ကြိုဖုန်းဆက်ပြောတယ်တဲ့၊ အဲဒီရက်လာပါနဲ့ပေါ့"

"အဲဒါတွေက ဟုတ်ပါတယ်"

"ထားပါကွာ၊ အဲဒါတွေအားလုံးဟာ မြတ်နိုးဝေအလုပ်ထွက်လိုက်တာနဲ့ ပြီးသွားမှာပါ"

"ဟာ . . . သိပ်စိတ်ကူးမယဉ်နဲ့ ရန်နိုင်၊ မင်းကို ချစ်လို့တော့ မြတ်နိုးဝေ အလုပ်မထွက်ဘူး၊ ငါလောင်းရဲတယ်၊ ငါတွေ့ဖူးသမျှတရည်းစားတွေ ချစ်သူတွေကို ဖြတ်ပြီးစွန့်ပြီး ဒီအလုပ်ရောက် လာကြတာပဲ"

"ဘာဖြစ်ဖြစ် ငါ သူ့ကို ယုံနေမိတာတော့အမှန်ပဲ သန်းဝေဦး၊ မြတ်နိုးဝေ ငါ့ကို တကယ်ချစ်တယ် ငါယုံတယ်"

"တစ်နေ့ မင်းခံရတဲ့အခါ ခံနိုင်ရည်ရှိအောင် ပြင်ဆင်ထားပေါ့ကွာ"

သူ ဘာမှပြန်မပြောမိ။ ချစ်သူအတွက် စိတ်မကောင်းကြီးစွာဖြစ်ရခြင်းသာ ရင်၌လွှမ်းမိုးသည်။ ချစ်သူ၏ အရိပ်မည်းသည် ပတ်ဝန်းကျင်၏ ယုံကြည်မှုကို ယုတ်လျော့စေသည်ပဲ။

ရင်ထဲက မေတ္တာတရားသည်ပင် ကိုယ်ကျင်လည်ခဲ့ရာ အရိပ်မည်း၏ အစွန်းအထင်းကို ခံရတတ်ပါသလား။

မြတ်နိုးဝေကိုတော့ သည်စကားတွေ ပြန်ပြောရပေဦးမည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း (၂)

ဖြစ်ချင်တိုင်း ဖြစ်ခွင့်မရတဲ့ဘဝ
မဖြစ်ချင်တိုင်း ဖြစ်နေရတဲ့အလွမ်း
တဖ်းတခြင်းနဲ့သောက
မင်း ဘာလို့ ... ခြေရာချခဲ့ရတာလဲကွယ် ...

(၁)

"ဦးရင်ထဲမှာရော မြတ်နိုးကို သံသယရှိနေတာပဲလား"

သန်းဝေဦးနှင့် ပြောဖြစ်သည်များကို ပြန်ပြောပြအပြီး မြတ်နိုးဝေက သူ့မျက်နှာကိုကြည့်ရင်း မေးသည်။ သူခေါင်းကို ခါယမ်းပြလိုက်၏။

"မေတ္တာတရားဟာ သံသယအားလုံးကို ချေဖျက်နိုင်ပါတယ် မြတ်နိုးရယ်"

"ဦးသန်းဝေဦးကိုလည်း မြတ်နိုး စိတ်မဆိုးပါဘူး၊ သူပြောတာတွေလည်း မှန်သင့်သလောက် မှန်တာပဲဟာ၊ ဦးနဲ့မတွေ့ခင်အထိ မြတ်နိုးရင်ထဲမှာ ဘာခံစားမှုမှ မရှိခဲ့တာ သေချာတယ်ဦး၊ ဦးသန်းဝေဦး ပြောသလို အားလုံးအတုတွေချည်းပါပဲ၊ အတုတွေချည်း အမြဲပေးနေတတ်သူတွေဆီက အစစ်ထွက်လာတော့လည်း အစစ်လို့ ချက်ချင်းမယုံချင်ကြတာ သဘာဝပဲ ဦးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဦးက သန်းဝေဦးပြောတာတွေပြန်ပြောပြတာ ပတ်ဝန်းကျင်ဘာ အသံကို မြတ်နိုးသိစေချင်လို့ပါ။ သန်းဝေဦးကိုလည်း ပြောပြမယ်လို့ အသိပေးပြီးသားလေ၊ ပတ်ဝန်းကျင်ရဲ့အသံ၊ အထင်အမြင်ကို မြတ်နိုးသိခွင့်ရပြီး ဒီအလုပ်ကို စွန့်ရဲစေချင်လို့ပဲ မြတ်နိုးဝေ"

မြတ်နိုးဝေထံမှာ သက်ပြင်းချသံဖွဖွကို ကြားရ၏။ ဆံပင်တွားကို လက်ထည့်ပြီး သပ်တင်ပြန်သည်။

"ဦးကို မြတ်နိုးပြောခဲ့ဖူးပါတယ်၊ လောလောဆယ် ထွက်ဖို့ သတ္တိမရှိတာ အမှန်ပဲ"

"မြတ်နိုးကို ဦးမေးမယ်နော်"

"မေးလေ"

"မြတ်နိုး . . . ဦးကို တကယ်ချစ်လား"

"ချစ်တာပေါ့"

"ဒါဆို လက်ထပ်မှာလား"

"ရှင်"

"လက်ထပ်မှာလားလို့ မေးတာ"

"နေပါဦး . . . ဦးက မြတ်နိုးကို လက်ထပ်ဖို့ စဉ်းစားလို့လား"

"မြတ်နိုးရယ် . . . ဒါလူတွေကို မယုံကြည်တတ်တဲ့ မြတ်နိုးတို့ရဲ့ စရိုက်ကို သက်သေပြတာလေ"

"မြတ်နိုး အမှန်အတိုင်းပြောတာဦး၊ ဦးနဲ့လက်ထပ်ဖို့ မြတ်နိုးမမျှော်လင့်ရဲတာ အမှန်ပဲ၊ ဦးဆီက အချစ်ကို ရတာပဲ မြတ်နိုး တော့နပ်လှပါပြီ၊ ဦးလက်ထပ်ဖို့ကိစ္စပြောတော့ မြတ်နိုးမယုံချင်ဘူး၊ အရမ်းလည်း အံ့ဩသွားမိတယ်"

"ကိုယ့်ချစ်သူကို လက်ထပ်ချင်တာ ဆန်းလို့လား"

"မြတ်နိုးကို လက်ထပ်ရဲတယ်ဆိုတဲ့ စိတ်က ဆန်းတယ်"

"မြတ်နိုးက ချစ်သူပဲဟာ"

"ဒါပေမဲ့ မြတ်နိုးလုပ်နေတဲ့အလုပ်ရယ်၊ ပြီးတော့ ဦးမင်းသွင်နဲ့ ဖြစ်ဖူးတဲ့ကိစ္စရယ်၊ ဒါတွေဟာ ဦးရဲ့သတ္တိကို လျော့ပါးသွားစေရာ

www.burmeseclassic.com

www.burmeseclassic.com



တွေချည်း မဟုတ်လား"

"ဖြစ်ပြီးတဲ့အရာအားလုံးကို နားလည်ခွင့်လွှတ်နိုင်တာ ချစ်သူတွေအတွက် မဆန်းပါဘူး မြတ်နိုး၊ ဒါပေမဲ့ ဦး စောစောကအလုပ်ထွက်ဖို့တိုက်တွန်းပြောခဲ့တာက အဲဒီလက်ထပ်ဖို့အထိ ရည်ရွယ်လို့ပြောခဲ့ တာပဲ၊ အရင်တ ဘာပဲလုပ်ခဲ့ လုပ်ခဲ့၊ လက်ထပ်တဲ့အခါတော့ အဲဒီ အလုပ်ထဲက မြစ်စေချင်ဘူးလေ၊ လက်မထပ်ခင် ကြိုပြီးအလုပ်က ထွက်ထားတော့ စတ်ဝန်းကျင်ဝယတ် ဖိုပြီးနည်းနိုင်တာပေါ့"

"ဦးရယ်"

နူးစိုက်ကြည့်တာ နားထောင်ရင်း မျက်ရည်တို့ စီးကျလာတာ တွေ့ရသည်၊ ခေါင်းတို ရွှတ်တရက် ငုံ့ပစ်လိုက်၏။

"ဘာလို့ ငိုရတာလဲ မြတ်နိုး"

"မြတ်နိုး အရမ်းပျော်လို့ပါ . . . ဦး၊ မြတ်နိုးအပေါ်မှာ ဒီလောက်ထိ တန်ဖိုးထားမယ် မမျှော်လင့်ခဲ့မိဘူး၊ ဦးအချစ်ကို မြတ်နိုး အလေးအနက် ယုံပါပြီ"

မေးဖျားတို မရှဲ ခေါင်းကို မော့စေ၏။

"မြတ်နိုး"

"ရှင်"

"အလုပ်ထွက်ရဲပြီလား"

"မြတ်နိုးနဲ့အတူ ဦးရှိနေတဲ့ဘဝမှာ ဘာမဆို မြတ်နိုးလုပ်ရဲတယ်ဆိုတာယုံဦး၊ မြတ်နိုးက တစ်ကောင်ကြွက်ဘဝပါ၊ တစ်ယောက်တည်းဆိုရင်တော့ ဆင်းရဲဒုက္ခတွေကို မြတ်နိုး ရင်မဆိုင်ချင်တော့ဘူး ဦးရယ်၊ ဦးနဲ့ဆို မြတ်နိုး ဘာလုပ်ရလုပ်ရ"

"ချက်ချင်းကြီးလည်း ထွက်ရမယ် မဟုတ်ပါဘူး မြတ်နိုးရယ် ဒါပေမယ့် စောလေကောင်းလေပေါ့"

"မြတ်နိုး အခြေအနေကြည့် စီစဉ်မယ် ဦး၊ တစ်ခုမေးမယ်နော်"

"မေး"

"အလုပ်ထွက်ပြီး လက်ထပ်ရင် ဦးမိဘတွေက သဘောတူ

www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာတဲ့လား"

"မတူရင်တောင် မကန့်ကွက်ဘူး ထင်ပါတယ်၊ အဲဒီအလုပ်သဲတာဆိုတာ သိရင်တော့ သူတို့ ဘယ်သဘောတူမှာတဲ့လဲ၊ ဦးတစ်ခုကြိုပြောထားပါမယ်၊ မြတ်နိုးနဲ့ လက်ထပ်လို့ ဦးအသိုင်းအဝိုင်းက မကျေနပ်ရင်တောင်မှ ဦး အားလုံးကို ရင်ဆိုင်ရဲပါတယ်"

"မြတ်နိုး အရမ်းပျော်တာပဲ ဦးရယ်"

လက်ဖျားတွေကို ဆုပ်ကိုင်ဖျစ်ညှစ်ရင်း ပြောလိုက်ကာ၊ မြတ်နိုး၏ မျက်ဝန်းမှာ မျက်ရည်တွေ လည်လာပြန်၏။

❖ ❖ ❖

(၂)

"မင်းတကယ်ပြောနေတာလား ရန်နိုင်"

မျက်နှာအတည်နှင့် စကားသံအမာအဆတ်က မကျေနပ်မှုတို့ ဖော်ညွှန်းနေသလို။

"ငါ မြတ်နိုးကို တကယ်လက်ထပ်မှာ သန်းဝေဦး"

"မင်း ရူးသွားပြီ ရန်နိုင်"

"အသေအချာ စဉ်းစားပြီးမှ ဆုံးဖြတ်တာပါ"

"မြတ်နိုးဝေ ... ဆိုတာ ဘာလဲ မင်းသိတယ်နော်"

"သူ့ဘဝကို ငါ နားလည်ပေးနိုင်ပါတယ်"

"မဟုတ်ဘူး၊ မင်းကို သူ ကျုံးသွင်းယူလိုက်တာ"

"မင်းကလည်းကွာ"

"သူတို့အကြောင်း ငါသိနေတာပဲ"

"မြတ်နိုးဝေဟာ မင်းသိသလို မဟုတ်ဘူး"

"ကျုံးသွင်းပါတယ်ဆိုမှတော့ သွင်းမှန်းသိရင် ဘယ်ဆင်တခင်မှာလဲကွ၊ မင်း မသိမသာနဲ့ ကျုံးထဲရောက်နေပြီပဲ"

"မြတ်နိုးဝေက ဖမ်းလိုက်တာလို့ မင်းစွပ်စွဲချင်တာ"

www.burmeseclassic.com

www.burmeseclassic.com



"စွပ်စွဲတာမဟုတ်ဘူး။ အသေအချာပြောတာ"

"သူက လက်ထပ်ခိုင်းတာ မဟုတ်ဘူးကွ၊ ငါက လက်ထပ်ခွင့် တောင်းတာ"

"အဲဒီလို လက်ထပ်ခွင့်တောင်းတဲ့ အနေအထားရောက် အောင် လုပ်နိုင်တာလည်း သူတို့အရည်အချင်းပဲ ရန်နိုင်"

"မင်းထင်တာတွေ မဟုတ်ပါဘူး သန်းဝေဦးရာ"

"ဘာမဟုတ်ရမှာလဲကွ၊ မင်းစွဲလမ်းနေလို့ လက်ထပ်ခွင့် တောင်းတာပေါ့"

"ချစ်လို့ လက်ထပ်ခွင့်တောင်းတာ သန်းဝေဦး"

"မင်း ဝန်ခံရမှာ ရှက်နေတာ ရန်နိုင်၊ မင်း ယစ်မူးသွား အောင် အခန်းစားခံလိုက်ရတာပဲ"

သူ အသံထွက်အောင် ရယ်မိပြန်၏။

"ဘာရယ်တာလဲ"

"မင်းထင်တာတွေ လွဲနေလို့ သန်းဝေဦး"

"ဘာလွဲလဲ"

"မင်းက ငါ့ကို သွေးသားတပ်မက်မှုနဲ့ လက်ထပ်ခွင့်တောင်း တဲ့အထိ စွဲလမ်းသွားတယ်ပြောချင်နေတာ မဟုတ်ဘူးလား"

"အတွေ့အကြုံမရှိတဲ့ မင်းအကြောင်း ငါသိနေတာပဲ"

"အခုထိ မြတ်နိုးဝေနဲ့ငါ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင် ထိုင်ပြီး စကားပြောတဲ့အဆင့်မှာပဲ ရှိသေးတယ် သန်းဝေဦး၊ မင်းယုံ"

"ဘာကွ"

"ငါ တကယ်ပြောတာ"

"မယုံဘူး"

"မယုံလည်း မတတ်နိုင်ဘူး၊ မင်းတို့လို အဲဒီအခွင့်အရေး တစ်ခုတည်းအတွက် ငွေနဲ့မျှားနေကြတဲ့ ညှို့သည်တွေနဲ့ ငါအရော မခံနိုင်ဘူး၊ ဒီအခွင့်အရေး ယူမိရင် ငါပါ အချစ်နဲ့မျှားယူသလိုဖြစ် သွားမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နောက်ဆုတ်လိုက်ပါ သူငယ်ချင်းရာ"

"ငါ မင်းစေတနာကို နားလည်တယ် သန်းဝေဦး၊ ခက်တာက မင်း မြတ်နိုးဝေရဲ့ မေတ္တာကို နားမလည်နိုင်တာပဲ"

"ငါပြောမယ် ရန်နိုင် ... လောကမှာ တန်ရာတန်ကြေးကို ပေးရတယ်၊ မင်းလည်း စီးပွားရေးလောကထဲက လူပဲ နားလည် ပါတယ်၊ တစ်ကျပ်တန်ကို တစ်ရာပေးရင် ကိုယ် အ,လို့ နုံလို့ခံလိုက် ရတာပဲကွ၊ မင်းသိပါတယ်၊ ငါတို့ပတ်ဝန်းကျင်မှာ တိုက်ခန်းငှားပေး တာ၊ ဝယ်ပေးတာ၊ ဟန်းဖုန်း ဝယ်ပေးတာ၊ ကားဝယ်ပေးတာ၊ ဒီလောက် ပေးရင် မင်းလိုချင်တာ ရနေတာပဲ၊ ဘာလို့ မင်းဘဝတစ်ခု လုံးပေးချင် ရတာလဲရန်နိုင်"

"ချစ်ချင်းမေတ္တာကို မင်း ထည့်မှ မတွက်တာ"

"ဟာ ... သူတို့မှာ အချစ်မရှိဘူး၊ အသည်းမရှိဘူး၊ အချစ်တွေ အသည်းတွေမရှိလို့ ဒီလောကထဲ ရောက်လာတာ မောင်ရင်"

"ငါ မြတ်နိုးဝေကို ယုံတယ်၊ သူ ငါ့ကို ချစ်တယ်ဆိုတာ ယုံတယ်"

" ငါ မင်းကိုတစ်ခုပြောမယ် ရန်နိုင်"

"ပြော"

"မြတ်နိုးဝေ ... မင်းကို တကယ်လက်ထပ်မယ်ဆိုတာ ငါမယုံဘူး၊ မဖြစ်နိုင်ဘူး ရန်နိုင်၊ သူကပ်စတန်မာတွေထဲမှာ အရမ်း ချမ်းသာတဲ့လူတွေ၊ ငွေကို ငွေမမှတ်ဘဲ သုံးနိုင်တဲ့လူတွေ ပါတယ် ဆိုတာ ငါသိတယ်၊ ရွှေဥတွေ ဥပေးနိုင်တဲ့ လုပ်ငန်းတွေကို စွန့်ပစ်သွား နိုင်တဲ့ အတွက် မြတ်နိုးဝေမှာ မရှိနိုင်ဘူး၊ မင်းနဲ့လက်ထပ်လို့ ရနိုင်တဲ့ အိမ်ထောင် ရေးသုခကို အဲဒီရွှေဥတွေနဲ့ သူ မလဲရဲဘူး"

"စောင့်ကြည့်တာပေါ့ကွာ"

"နင့်နင့်သီးသီး ပြောတယ်လို့ မင်းထင်ချင်လည်းထင်၊ ငါ ပြော မယ် အဲဒီလူတွေရဲ့ အမြှောင်မယားဘဝကို မင်းရဲ့တရားဝင်မယား အတွက် သူ ပိုမက်မောလိမ့်မယ်"

စကားလုံးတို့က မြားအစင်းများစွာပမာ နှလုံးသားကို စူးစိုက်

www.burmeseclassic.com

www.burmeseclassic.com



စေတာ အမှန်ပင်။ ထိုမြားတို့၏ အဆိပ်က တစ်ကိုယ်လုံးကို ပြန့်စေတော့မည်ပဲ။

သူငယ်ချင်းဆီက စေတနာစကားဟုသာ နားလည်ရင်း ဖြေသိမ့်ရမည်။ မြတ်နိုးဝေကို နာကြည်းစေ၊ စိတ်ကုန်သွားစေရန် ရည်ရွယ်သည်ဟုလည်း အတပ်သိပြန်၏။

ဘယ်သူငယ်ချင်းအပေါင်းအသင်းကမှ သူ မြတ်နိုးဝေကို သတ်ထပ်မည့်တိစ္ဆာအား သဘောတူနိုင်ကြမည် မဟုတ်မှန်း သိသည်။

ဆွေမျိုးအသိုင်းအဝိုင်းဆိုတာကတော့ ပြောစရာပင် မလိုတော့။

သန်းဝေဦး ပြောသလိုပင် သူ့ကို ရှုးသွားပြီ ထင်ကြမှာမလွဲ။

❖ ❖ ❖

(၃)

နောက်ဆုံးမှာတော့ သည်ပြဿနာက သူ့မိဘဆွေမျိုး အသိုင်းအဝိုင်းကြား ရောက်လာပြီ။ ဘယ်လိုမှ မရှောင်သာ မလွဲသာတော့။ မမကြီးက အပြင်မှာ လုပ်ငန်းရှိသူမို့ ပတ်ဝန်းကျင်နှင့် အထိအတွေ့ အဆက်အစပ်များသည်။ မြတ်နိုးဝေ၏ အလုပ်အကိုင်ကအစ အားလုံး သတင်းရသွားသည်။

သူ့ကို မမကြီးက မေးတော့မညာဘဲ သူဖြေလိုက်သည်။

“မိန်းမရှားလို့လား ရန်နိုင်ရယ်၊ အဲဒီမိန်းမမျိုးကိုမှ လက်ထပ်ဖို့ နင် စဉ်းစားတာ ငါ အရမ်းအံ့ဩတယ်၊ နင် ဆေးတွေ ဘာတွေ မိနေလို့လား လျှော်ကြေးတွေ ဘာတွေ ပေးရမယ်ဆို ပေးပစ်လိုက်ပါ ငါ့မောင်ရယ် မိဘဆွေမျိုးမျက်နှာတော့ အိုးမဲမသုတ်ပါနဲ့”

သူ ဘာမှအယူခံဝင်မနေချင်။

ပတ်ဝန်းကျင်တစ်ခုလုံးက မြတ်နိုးဝေတို့အပေါ် သည့်ထက်ဘော အတိုင်းမြင်ကြမည်မှာ မလွဲ။ ပန်း၏ ရနံ့သည် ပန်းထုပ်လာသည့်ဖက်ကို စွဲနေတော့မှာ အမှန်။ ရနံ့ဆိုးသည့်ပန်းကို ထုပ်မိလျှင်လည်း ရနံ့ဆိုးထ

www.burmeseclassic.com

www.burmeseclassic.com



တော်ကိုစွဲနေမှာပဲလေ။

"ငါ တစ်ခုတော့ သတိပေးမယ် ရန်နိုင်၊ ဖေဖေတို့ မေမေတို့ အကြောင်း နင်သိပါတယ်၊ ဒီကိစ္စ သူတို့ လုံးဝခွင့်လွှတ်ကြမှာ ကြည်ဖြူကြမှာ မဟုတ်ဘူး၊ နင့်သဘောနဲ့ နင်လုပ်သွားရင် သူတို့ ရှက်ပြီး အမွေဖြတ်ကြေညာမှာ သေချာတယ်"

❖ ❖ ❖

(၄)

မမကြီး ပြောသလို သူလည်း တွက်ပြီးသားပင်။

ထိုအရာအားလုံးကို ရင်ဆိုင်ပြီး သူ မြတ်နိုးဝေကို လက်ထပ်ရမှာပါလား။

မမကြီး မေးပြီး နောက်တစ်နေ့မှာပင် ဖေဖေနှင့်မေမေတို့က မေး၏။

သူက အမှန်အတိုင်း ဖြေသည်။

နောက်ဆုတ်ဖို့ အချိန်ရသေးတာပဲ ဆုံးဖြတ်ချက်ပြင်ရန် ပြော၏၊ သူ ခေါင်းမညိတ်နိုင်ခဲ့။

"သားချစ်သူကို သား ကတိပေးပြီးသား ဖြစ်နေပြီ"

ဟု ခေါင်းငုံ့ပြီးသာ ပြောဖြစ်၏။

"ဒီလိုဆိုရင်တော့ မိသားစု အရှက်ကွဲမခံနိုင်ဘူး၊ အမွေပြတ်ကြော်ငြာ ထည့်ရလိမ့်မယ်"

ထင်ထားသည့်စကားမို့ ထူးခြားပြီး မအံ့ဩမိတော့။

သည်စကားဝိုင်းအပြီးမှာပင် သူ အိမ်ပေါ်မှ ဆင်းလာခဲ့တော့သည်။

သူ့ငွေနှင့်သူ ဝယ်ထားသော ကားတစ်စီးနှင့် တိုက်ခန်းတစ်ခုသာ သူ့ဘဝကို အခြေအနေတော့ မယိမ်းမယိုင်အောင် ဖန်တီး ပေးနိုင်မည် ထုံသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်က ဆင်းလာပြီး နောက်နှစ်ရက်အကြာမှာ အမေ့ပြတ် ကြော်ငြာပါလာသည်။

မြတ်နိုးဝေနှင့် ဖုန်းပြောဖြစ်သော်လည်း သူစိတ်ညစ်မည် စိုး၍ အိမ်ပေါ်တဆင်းလာတာ မပြောဘဲထား၏။ လူချင်းတွေ့မှ ရှင်းပြတော့ မည် တွေးသည်။

သတင်းစာမှ ကြော်ငြာပါလာတော့ သွားတွေ့ပြီး ပြောမှ မြန်တော့မည် ဆုံးဖြတ်၏။

အလုပ်ထဲမှ အချိန်လုလူရင်း မြတ်နိုးဝေနှင့် တွေ့ဖို့ချိန်း ထိုက်သည်။

❖ ❖ ❖

(၅)

မြတ်နိုးဝေ၏ တိုက်ခန်းကို သူသွားခဲ့သည်။ သူရောက်တော့ မြတ်နိုးဝေက အိပ်ရာမှ နိုးစရှိသေးသည်။ ကပိုကရိုနှင့် အပြင်အဆင် အခြယ်အသမရှိ။

ညဉ့်ခန်းက ဆက်တီမှာ ထိုင်နေသော သူ့မျက်နှာကို မြတ်နိုးဝေ အသေအချာကြည့်သည်။

"ဦး ... ဘာဖြစ်လာလဲ၊ မျက်စိမျက်နှာလည်း မကောင်း ပါလား"

မေးရင်း သူ့ဘေးမှာ ဝင်ထိုင်သည်။

"မြတ်နိုး ... ဘယ်တော့ အလုပ်ထွက်မှာလဲ"

"မြတ်နိုး အလုပ်မထွက်သေးလို့ စိတ်တိုနေတာလား"

"ကိုယ်မေးတာ ဖြေလေ"

"ဦး ထွက်ဆိုတဲ့နေ့ ထွက်မယ်၊ ကဲ ... ကျေနပ်ပလား"

"မြတ်နိုး တကယ်ပြောတာလား"

"မြတ်နိုးစကားကို ဦးကတော့ ယုံသင့်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒီတစ်ရက်နှစ်ရက် ရှင်းစရာ လင်းစရာရှိတာ ရှင်းလင်းပြီး ထွက်လိုက်တော့၊ ရော့ ဒီမှာကြည့်"

ယူလာသည့် သတင်းစာဖြတ်ပိုင်းကို ထိုးပေးလိုက်သည်။ မြတ်နိုးဝေက နားမလည်နိုင်စွာ ဖြတ်ပိုင်းကို ဖတ်နေရင်း မျက်နှာမှာ အံ့ဩရိပ်တို့ ယှက်သန်းလာတာမြင်၏။

"ဦးကို အမွေဖြတ်လိုက်တာ၊ ဘာဖြစ်လို့လဲ ဦး"

"ဘာဖြစ်စရာရှိမလဲ၊ မြတ်နိုးကို လက်ထပ်မယ့်ကိစ္စပဲပေါ့"

ဖေဖေ၊ မေမေ၊ မမကြီးနှင့် ပြောခဲ့ဆိုခဲ့တာ အားလုံးရှင်းပြလိုက်သည်။

"အမွေဖြတ်ခံပြီး ဦး မြတ်နိုးကို လက်ထပ်ဖို့ ဆုံးဖြတ်တာပဲ ဦးရယ်"

ရင်ခွင်ထဲ မျက်နှာအပ်ရင်း တရှုံ့ရှုံ့ငိုပြန်တော့သည်။

လက်မောင်းကို ပုတ်၍ နှစ်သိမ့်ရင်း ဆံစကို ငုံ့နမ်းမိပြန်၏။

"မြတ်နိုး အလုပ်ထွက်လိုက်ပြီးရင် ဦးတို့ လက်မှတ်ထိုးလက်ထပ်ကြမယ်၊ ဦးငွေနဲ့ ဝယ်ထားတဲ့ တိုက်ခန်းတစ်ခုရှိတယ်၊ ကားတစ်စီးရှိတယ်၊ အလုပ်ရှိတယ်၊ ဒီလောက်ဆို လူတန်းစေ့ရုံတော့ နေနိုင်မှာပါ"

မျက်ရည်စတို့ကို လက်ဖဝါးဖြင့် သုတ်ရင်း . . .

"မြတ်နိုးက အကြမ်းတမ်းဆုံးဘဝက လာခဲ့တာပါ ဦးရယ်၊ ခံနိုင်ရည်ဆိုတာ မြတ်နိုးမှာ ရှိပြီးသားပါ၊ ဦးဘက်ကသာ အချိန်မီ ပြင်နိုင်ခွင့် ရှိသေးတာပဲ၊ ဦး မြတ်နိုးကို လက်မထပ်ဘူးဆိုရင် ဦးမိဘဆီ အချိန်မရွေး ပြန်သွားရတာပဲဟာ"

"တော်တော့ မြတ်နိုး၊ ဦး ဘယ်လိုအကြောင်းမျိုးနဲ့မှ မြတ်နိုးကို လက်ထပ်ဖို့ကိစ္စ မပြင်နိုင်ဘူး"

မြတ်နိုးဝေက သူ့နဖူးကို ဖွဖွနမ်းလိုက်သည်။ ထိုအနမ်း၏ အချမ်းအမြေ့က ရင်ထဲအထိ နက်ရှိုင်းစွာ ရောက်ရှိသွားပါတော့ရောလား။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



(၆)

နောက်တစ်နေ့ ဖုန်းဆက်ကြည့်တော့ ဖုန်းကိုင်မည့်သူ မရှိ။ မြတ်နိုးဝေ အပြင်ထွက်သွားလို့ဟုပင် တွေးသည်။ အလုပ်ထဲကို ညဘက် ဖုန်းဆက်ကြည့်ဖို့ စိတ်ကူးရပေမယ့် မဆက်ချင်။ အလုပ်ထဲက ဖုန်းမို့ စကားကြာကြာ ပြောလို့လည်းမကောင်း။

နောက်နှစ်ရက်လောက် အလုပ်များပြီး ဖုန်းဆက်ဖို့ပင် မချိန် မရ။ သူအားတဲ့အချိန်ကျတော့ မြတ်နိုးဝေ အလုပ်ထဲရောက်နေတဲ့ အချိန်ဖြစ်သွားပြီ။

အလုပ်ထွက်ဖို့ကိစ္စ အဆင်ပြေပြီလား သိချင်သည်။ တကယ် တော့ သွားဘဲနေလိုက်ရုံနှင့် ပြီးနိုင်ပေမယ့် ရှုတ်တရက်ကြီး အဲဒီလို မထွက်စေချင်။ သတ်ဆိုင်ရာကို ခွင့်တောင်းပြီးမှ ထွက်ခဲ့တာ အကောင်း ဆုံး။

သည်နေ့တော့ ရုံးမသွားခင် မြတ်နိုးဝေအခန်းကို ဝင်သွားဖို့ ဆုံးဖြတ်သည်။ ခါတိုင်း သူအိပ်ပျော်နေကျအချိန်မို့ တွေ့မှာသေချာ နေသည်ပဲ။ တံခါးက ဘဲလ်ကို တီးလျှင် မြတ်နိုးဝေ နိုးလာနိုင်တာ ပဲလေ။

ကားကို တိုက်ရှေ့မှ ရပ်ထားခဲ့ပြီး ပထမအထပ်ကို တက်သည်။ အခန်းရှေ့ရောက်တော့ ဘဲလ်တီးမည်ဟု ခလုတ်ပေါ် လက်တင်ပြီးမှ အခန်းတံခါးဝက သော့ခလောက်ကို မြင်၏။ သော့ခလောက်မှ စာညှပ် ထားတာ တွေ့တော့ အပြင်သွားလို့ စာညှပ်သွား တာပဲတွေးရင်း စာကို ယူလိုက်၏။ ပြီးတော့ ဖတ်ကြည့်လိုက်သည်။

ဦး . . .

*မြတ်နိုး ဦးကိုလက်ထပ်မယ်ပြောတာ*
*မေ့လိုက်ပါတော့။*
*မြတ်နိုးပြောခဲ့တဲ့စကားတွေအားလုံးဟာ*
*ထုံးစံအတိုင်း အလိမ်အညာတွေလို့ သဘောထား*

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ။ နောက်လည်း မြတ်နိုးကို လုံးဝ အဆက်အသွယ်မလုပ်ပါနဲ့။

မေ့ပစ်လိုက်ပါ။

မြတ်နိုး ဒီအခန်းမှာလည်း မနေတော့ဘူး၊ သူငယ်ချင်းနဲ့ လိုက်နေတယ်။ အလုပ်လည်း တခြားနေရာ ပြောင်းဖို့ရှိတယ်။ နောက် ဘယ်မှာတွေ့တွေ့ မြတ်နိုးကို မသိဖူး မကျွမ်းဖူးသူလို့ပဲ သဘောထားစေချင်ပါတယ်။ ဦး အမွေဖြတ်ခံရတဲ့အထိ ညာတာလွန်သွားတာကိုတော့ တောင်းပန်ပါတယ်။

မြတ်နိုးဝေ

စာဖတ်ရင်း ဖတ်ရင်း မျက်လုံးတွေ ပြာလာသလို၊ ကိုယ်တထိမ်းထိုးပြီး ဒူးတွေက ခွေညွတ်ကျတော့မည့်နှယ်။ ရှက်စိတ်၊ နာကြည်းခံပြင်းစိတ်က ဒေါသကို အလိပ်လိပ်တက်လာစေသည်ပဲ။

ဘယ်လိုမှ မရိပ်မိအောင် ပိပိရိရိ အညာကောင်းသူ၊ ဘယ်လိုအငြိုးအတေးနှင့် မိမိ၏အချစ်ကို စတေးခဲ့ရပါသလဲ။

ရင်ကွဲမတတ် ခံစားရပြန်သည်။

❖ ❖ ❖

(၇)

"မင်း ငါပြောတဲ့စကားတွေ ပြန်သတိရသေးလား"

မြတ်နိုးဝေ၏စာကို စာပွဲပေါ်ပစ်တင်ရင်း သန်းဝေဦးက မေးသည်။

"မင်းပြောခဲ့တာတွေအားလုံး မှန်တယ် သူငယ်ချင်း"

"ဒီကောင်မတွေအကြောင်း ငါက နောကျေနေပြီ ရန်ကုန်၊

www.burmeseclassic.com



မင်းကို အမွေမဖြတ်ရင်တောင် သူလက်ထပ်မှာ မဟုတ်ဘူး၊ အခုလို အမွေဖြတ်လိုက်ပြီဆိုမှတော့ ပြောစရာကို မလိုတော့ဘူး"

"ငါ့ကို အမွေဖြတ်လိုက်လို့ လက်မထပ်တော့တာ မင်း ယူဆလား"

"ဒါပဲ ရှိတာပဲ ရန်နိုင်၊ ပိုင်းလုံးဆိုတာ ပိုင်းစရာ ဘာမှမရှိရင် ဒီနာမည် ဘာလို့ယူတော့မှာလဲ"

"အဲဒီယောက်ကြီးအထိတော့ ငါမြတ်နိုးဝေကို မထင်ရက် ဘူး"

"မင်းက အခုထိ ညာညာတာတာ တွေးတုန်း"

"သူ အတယ်လက်ထပ်ရမယ်ဆိုတော့ ငါ့ကို မချစ်မှန်း သိလာ မယ်၊ ဒါကြောင့် နောက်ဆုတ်သွားတာပဲ ငါတွေးတယ်၊ အစတော့ သူယူ ဒ်းတဲ့ ငါ့ဆီက စေတနာ မေတ္တာကို သူသာယာနေတာ၊ အဲဒါကို သူ အချစ်ထင်နေတာ"

"တော်ပါတော့ ရန်နိုင်ရာ၊ အခုထိ မင်းက မနာနိုင်သေးဘူး"

"အချစ်ဆိုတာ ကိုယ်က ဘာမှပြန်ရရ မရရ စေတနာ မပျက် တတ်ပါဘူးကွာ၊ ငါ့ကို ညာရက်လေခြင်းလို့ပဲ စိတ်မကောင်းဖြစ်မိတာ တစ်ခုရယ်"

"ရန်နိုင် ... မင်းကို ငါ ပြောခဲ့တဲ့စကားကိုပဲ ထပ်ပြော မယ်၊ အချစ်တွေ အသည်းတွေ မရှိတော့မှ အဲဒီကို ရောက်လာကြ တာ၊ အဲဒီမှာ အချစ်သွားရှာလို့ ဘယ်ရမှာလဲကွ"

"အဲဒါတော့ ငါယုံသွားပြီ သူငယ်ချင်း၊ မြတ်နိုးဝေမှာ အချစ် မရှိဘူး၊ အသည်းမရှိဘူး ဆိုတာ ..."

"မယုံလို့ ရမလားကွ၊ သူ့စာထဲမှာ သူဝန်ခံထားတာပဲ"

"ထားလိုက်ပါတော့ကွာ ... လူတစ်ယောက်ကို ချစ်ဖူးတဲ့၊ ချစ်နိုင်တဲ့ အခွင့်အရေးရလိုက်တာကိုပဲ မြတ်နိုးဝေကို ငါကျေးဇူးတင် နေမှာပါ။ မင်း သိတာ့ဆီသွားရင် တွေ့ရင် ဘာမှမပြောနဲ့နော်"

"ဟာ ... စိတ်ချ သူငယ်ချင်း၊ သူတို့အတွက် ဘာမှ မထူးဆန်းတဲ့ကိစ္စကို ငါက ဘာလို့ ပြောနေရမှာတဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာတော့ လောင်မြိုက်သည်။

မြတ်နိုးဝေတို့အတွက် အချစ်ကို ကစားစရာလို့ ထင်ပါသတဲ့လား။

❖ ❖ ❖

ညရောက်တော့ မဂ္ဂဇင်းထဲမှာတွေ့သည့် ကဗျာတစ်ပုဒ် ကို ဒိုင်ယာရီထဲမှာ ကူးထည့်လိုက်သည်။

စိမ်းကားနိုင်ရက်

လမ်းမှာတွေ့တဲ့ သစ်ရွက်တစ်ရွက်နှယ်

သံယောဇဉ် မတွယ်ရစ်

စွန့်ချန်လို့ပစ်မှတော့

(မင်းရင်ထဲ) ...

အချစ်မရှိလျှင် နေပါစေ

အပြစ်ရှိလျှင်လည်း ပြေပါစေ ...

ဝဋ်ရှိလျှင်လည်း ကျေပါစေကွယ် ...

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း (၃)

### (၁)

ဦးလာတွေ့ပြီး အလုပ်ထွက်ဖို့ ပြောသွားတဲ့ညနေမှာ အလုပ်သွားဖို့ တစ္ဆစီစောင့်ရင်း မေရီနှင့်ဆုံသည်။

မေရီဆိုတာက မြတ်နိုးဝေကို အလုပ်စသွင်းပေးခဲ့တဲ့ တစ်ဆောင်တည်း နေခဲ့ဖူးသူလေ။ သူက အလုပ်ပြောင်းသွားလို့ မြတ်နိုးဝေနဲ့ ကွဲသွားခဲ့တာ။

"တယ် မေရီ . . . အဆင်ပြေလား"

"အဆင်ပြေတယ် မြတ်နိုး . . . အတော်ပဲ ပြီးခဲ့တဲ့အပတ်ထဲမှာတတည်းက မြတ်နိုးကို တွေ့ချင်နေတာ၊ ဖုန်းနံပါတ်ကလည်း ပျောက်သွားလို့ ညဘက်ကျတော့လည်း ကိုယ့်ဟာကိုယ် ရှုပ်နေလို့ မြတ်နိုးအလုပ်ကို မဆက်မိဘူး။"

"ကိစ္စရှိလို့လား"

"ကိစ္စရယ်လို့တော့မဟုတ်ဘူး၊ မြတ်နိုးသိထားရင် ကောင်းမယ်တွေးလို့"

"ဘာလဲ မေရီ"

"မြတ်နိုး သတင်းစာဖတ်လား"

ဦးရဲ့ အမွေဖြတ်ကြော်ငြာကိစ္စ။ သူနှင့်ဦးသတင်း မေရီဘယ်က ကြားလို့လဲ။ ဒါကိုမေးတော့မည်ပဲ အတပ်သိလိုက်၏။

"မဖတ်ဖြစ်ဘူး မေရီရယ်၊ မေရီသိတဲ့အတိုင်း နိုးလာတော့ ညနေရောက်တော့မယ်"

"သတင်းစာထဲမှာ ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ဦးမင်းလွင်ရဲ့ နာရေးသတင်းလေ"

"ဟင် . . . ဦးမင်းလွင် သေပြီလား"

"ဟုတ်တယ်"

"ဘာဖြစ်တာလို့ကြားလဲ"

"ကြားတာ မဟုတ်ဘူး၊ တကယ်သိတာ၊ အဲဒါပြောချင်လို့ မြတ်နိုးကို သတိရနေတာ"

"ပြောပါဦး"

"ဦးမင်းလွင် ဆုံးသွားတာ အေ့စ်နဲ့လို့ ပြောတယ်၊ အေအိုင်ဒီအက်စ်ပေါ့"

"သေချာရဲ့လား"

"ကူးစက်ဆေးရုံ တက်ရသေးတယ်တဲ့ သူ့မိတ်ဆွေအရင်းအချာတစ်ယောက်ဆီက သိရတာ"

"ဟယ် ဟုတ်ရဲ့လား"

"မြတ်နိုး . . . နင်နဲ့ငါက ပွင့်ပွင့်လင်းလင်း ပြောရမယ့်သူတွေ နင် သွေးစစ်ကြည့်ဖို့ကောင်းတယ်၊ အဲဒါ သတိပေးချင်လို့"

"ဟာ"

"မဟာနဲ့လေ . . . ကြိုသိရင် ဘာဖြစ်ဖြစ် ကိုယ်က တုသမှုစောစောယူနိုင်တာပေါ့၊ ကဲ . . . ငါသွားမယ်"

မေရီ ထွက်သွားပြီးတော့ အရုံသင့်ရောက်လာသည့် တက္ကစီကားတစ်စီးကို တားလိုက်၏။

ကားပေါ်မှာ စိတ်တွေက အုံ့မှိုင်းပြီး ဂယောက်ဂယက်နိုင်လှန်းလှသည်။

ဦးမင်းလွင်မှာ အေ့စ်ရောဂါ ရှိသတဲ့။

နားထဲမှာ သံပူရည်နှင့် လောင်းချလိုက်သလို။

သူ့မှာရော အိပ်ချ်အိုင်ဗွီပိုး ရှိနေပြီလား။

အို . . . မသိချင်ဘူး . . . မသိချင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



မသိချင်လို့ ဘယ်ဖြစ်မှာတဲ့လဲ။ မကြာခင်မှာပဲ ဦးနဲ့သူ လက်ထပ်ကြတော့မှာလေ။ အခုချိန်ထိ စည်းစောင့်နိုင်ခဲ့သည့် ဦးအတွက် အပူလျှော့ရသေးသည်ပဲ။

ဘာဖြစ်ဖြစ် စိတ်ထဲရှင်းသွားအောင် နောက်နေ့မနက်မှာပဲ သွေးသွားစစ်မည် ဆုံးဖြတ်လိုက်တော့သည်။

❖ ❖ ❖

(၂)

သူမှာ အိပ်ချ်အိုင်ဗွီပိုးရှိနေပြီဟု ဖော်ပြထားသည့် ဆေးစစ်ချက်စာရွက်တလေးက သူ့ဘဝ၏ အနာဂါတ်စာမျက်နှာများကို ဆွဲဆုတ်ဖြဲလိုက်သလို။

မငိုမိဘဲ မျက်ရည်တို့က ပါးပြင်မှာ ရွှဲစိုပြီကော။ ဆုံးဖြတ်ချက်တို့ ရဲရဲချလိုက်မိတော့သည်။

သူ ဦးကို လက်မထပ်တော့။

သူ့ကို ဦး နာကြည်းမုန်းတီးသွားအောင် လုပ်ရပေတော့မည်လေ။

❖ ❖ ❖

ကြွေကျနေသော သစ်ရွက်တို့ကို ငေးရီကြည့်ရင်း လွမ်းမျက်ရည်သီသီဝေ့ပြီ။

နွေမဝင်မီ သစ်ရွက်တို့ အကြွေစော၏။

ဆောင်းနှောင်းရင့်ရင့်က နွေဦးအစကို ကြိုချင်ပြီ။

လေပြည်၌ နှင်းနံ့စင်ကာ နွေနံ့က ပါလာတတ်သေး၏။

ရာသီတို့ အကူးအစတိုင်းသည် သဘာဝ၏ ကဗျာဖြစ်နေပါသတဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားသည် ထိုကဗျာ၌ ရစ်မူးကာ . . .
ထိုကဗျာက နှလုံးသားကို ထွန်ယက်
ခံစားချက်တို့ကို တူးဖော်ပြီလေ . . .
သည်နှစ် နွေမဝင်မီ သစ်ရွက်တို့ အကြွေစောပြန်၏။
ထာဝရသတိရနေစေရာချည်းပါ . . . ဦး . . . .

မောင်မိုနဝင်း (ပုတီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com

# ခရမ်းရင့်ရင့်

# မိုးတိမ်

မျက်သွယ်

www.burmeseclassic.com

www.burmeseclassic.com



မျက်စေ့ စုံမှိတ်၍ အရောင်အရိပ်တို့ ကွယ်စေသော်ငြား
မှိတ်ထားသော မျက်ဝန်းထဲ စွဲထင်တွယ်ငြိနေသည်မှာ
ချစ်သူမျက်နှာပဲ ဖြစ်သည်။
နားနှစ်ဘက်ပိတ်၍ အသံတိတ်စေရသော်ငြား
ပိတ်ထားသော နားထဲ ဝေ့ဝဲချိုလွင်နေသည်မှာ
ချစ်သူ စကားသံပဲဖြစ်သည်။

ခေါင်းသွက်သွက်ခါယမ်း၍
အငွေ့သမ်းမှုန်သဖွယ် ပျက်ပြယ်စေလိုက်ရသော်ငြား
ဖယ်ရှားပစ်၍ မရနိုင်လောက်အောင်
စိတ်အစဉ်ထဲ တွဲဆက်ရစ်ပတ် နေသည်မှာ
ချစ်သူအကြောင်းများသာဖြစ်သည်။

လူ့ခြေတိတ်ဆိတ် လရောင်ရိပ်ယှက်ဖြာစဉ်
အိပ်မက်နယ်မြေအတွင်း
ချဉ်းနင်းဝင်ရောက် နှောက်ယှက်တတ်သူမှာလည်း
ချစ်သူသာပဲဖြစ်သည်။

ချစ်သူ့အကြည့် ချစ်သူ့အပြော
ချစ်သူသဘော ချစ်သူ့စကား
ချစ်သူ့လှုပ်ရှားမှုလေးများသည်
ကျွန်မ၏ စိတ်အစဉ်ကို
တွယ်ငင်သိုင်းဖွဲ့ စိုးမိုးခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း (၁)

### အခန်း (၁)

တီ. . . . . တီ. . . .

အိမ်ရှေ့တံခါးဝဆီမှ လူခေါ်ဘဲလ် မြည်သံကြားလိုက်ရ သည်။ အလုပ်ရှုပ်နေ၍ သက်ထက်လှည့်မကြည့်နိုင်ပါ. . .။

သက်ထက်ဖြေလက်စ ပဟေဠိက ဒေါင်လိုက်အဖြေနှင့် အလျားလိုက်အဖြေ ဆက်စပ်ကာ စာလုံးတွေ ပေါ်လာတော့မည်မို့ သက်ထက်တော်တော်လေးအားတက်နေသည်။

သိထားသောအဖြေတွေကို မြန်မြန်ရေးချနေရသည်။ သတိရလာတုန်း မြန်မြန်ချရေးရင်ရေး၊ မရေးရင် မေ့သွားမှာလေ။ အလျားလိုက်မေးခွန်းကို ပြန်ဖတ်ကြည့်လိုက်သည်။

" ဝိဇ္ဇာ ဇော်ဂျီ တပသီတွေ ကြိုက်တတ်သည့် အရာ. . "

" ဟား ဟား ဒါလေးများ ဝိဇ္ဇာဇော်ဂျီတွေကြိုက်တာ သူယောင်သီးပေါ့ . . . "

အကွက်ကလေးများထဲတွင် သည်သုံးလုံးကို ဖြည့်ရေးလိုက်သည်။ ဒေါင်လိုက်မေးခွန်းကရော. . . ဘာတဲ့လဲ။

" ဆွေဇင်ထိုက် ယောက်ျားလျာ ဖြစ်သွားတဲ့ ရုပ်ရှင်"

"ဟင် လွယ်လွယ်လေးရယ် နှမမယ်ထွေး ငယ်ပါသေးပေါ့"

အကွက်ခုနစ်ကွက်ကို ဖြည့်လိုက်သည်။ ဟင် အဖြေမှာခုတ အဆက်အစပ်ရှိလည်း မရှိပါလား၊ သက်ထက်မျက်မှောင်လေးကြုံ့ကာ စဉ်းစားကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



" အော်. . . သိပြီ သိပြီ အလျှားလိုက်အဖြေကို သူယောင်သီး လို့ မယူရဘူး။ သူယောင်မယ်လို့ယူရမယ်။ ဒါမှ ဒီဘက်ကနမ်မယ် ထွေနဲ့ သွားဆက်စပ်မှာ။ ဟော့. . . ရသွားပြန်ပြီကွ "

"တီတီ ဟော့ဒီမှာ ညည့်သည်ရောက်နေတယ်ကွ"

အိမ်ရှေ့တံခါးမှ နောက်ထပ်ဘဲလ် မြည်သံ သာမက လူခေါ် သံပါထွက်လာသည်။ သက်ထက်လည်း ဘယ်လိုမှမတတ်နိုင်ပါ။ ဒီမှာ အားမှ မအားရတာပဲ။ ခဏတလေးစောင့်နော်ဟု အသံပြန်ပေးလိုက်ပြီး ပဟေဠိ တို့ဝါသနာကြီးစွာဆက်ဖြေနေသည်။ နောက်မေးခွန်းက ဘာများပါလိမ့်။

" ဓိတောက်ဖွင့်ရင် ရှာတဲ့မိုး "

ဖျင်းတောင်ဖျင်းသေးတယ် သကြန်မိုးပေါ့။ ဟင်မဖြစ်နိုင်ဘူး အင်းအယ် သူနဲ့ဆက်စပ်နေတဲ့မေးခွန်းကို ခုနကဖြေထားတာ နမ် သတ်ထျှောနေသေးတော့ ဆိုတော့ လက်ဆိုတဲ့စကားလုံးနဲ့အတူတူ ဆင်လို့ရအောင် ဘယ်လိုဖြေရမှာလဲ။ အော် သိပြီ သိပြီ သကြန်မိုး မတော်ရင် လက်ဆေးမိုးပေါ့။

" ဟေး ရသွားပြန်ပြီကွ "

သက်ထက်ပျော်မြူးစွာ အော်ဟစ်နေဆဲ တံခါးဝမှ အသံတ ထွက်ပေါ်လာပြန်သည်။ ဘဲလ်တီးရုံမက တံခါးကိုပါ ခပ်ကြမ်းကြမ်း ဆွဲလှုပ်နေတော့သည်။ ဆက်ပြီးပေကပ်နေ၍ မဖြစ်နိုင်တော့မှန်း သိသဖြင့် တံခါးဝဆီသို့ မလျှောက်ချင် လျှောက်ချင် လျှောက်သွား လိုက်ရသည်။

" ဘာလဲကွာ တော်တော်လည်း ရှုပ်ရှုပ်ယှက်ယှက် နိုင်ပါ လားကွာ "

ဧည့်သည်ကို သည်လိုမျိုး ယဉ်ကျေးပျူငှာစွာ ခရီးဦးကြိုဆို လိုက်သည်။ ပြီးတော့ နဖူးမှနေ၍ ခြေဖျားအထိ ခြေဆုံးခေါင်းဆုံးငြိညီ ပစ်လိုက်သည်။

လူကတော့ ခပ်ချောချောပါပဲ။ ပြီးတော့ အဆင့်အတန်း ခပ်မြင့်မြင့် ပုံစံထဲကပါ။ အသားဖြူဖြူ အရပ်မြင့်မြင့် ကိုယ်လုံးကျစ်

www.burmeseclassic.com

www.burmeseclassic.com



ချစ်လစ်လစ်၊ လက်ပြင်ခပ်မတ်မတ်နှင့် သူ့ပုံစံကမင်းသား တစ်ယောက်လို ဆွဲဆောင်မှုရှိလှသည်။ မျက်ခုံးထူထူနက်နက် မျက်ဆံညိုညိုနှာတံပေါ်ပေါ်၊ နှုတ်ခမ်းရဲရဲနှင့် အသဲထဲစွဲငြိချင်စရာ ကောင်းလှသည်။ ပါးရိုးနှင့် မေးရိုးတစ်လျှောက် နှုတ်ခမ်းမွေးရိတ်သင်ထားသည့် နေရာမှာ စိမ်းဖန့်လတ်ဆတ်နေသည်မို့ အထက်တန်းကျ လှစွာ သူတစ်ကိုယ်လုံး သန့်ပြန့်ဝင်းဖန့်နေလေသည်။

အသက်ကတော့ နှစ်ဆယ့်လေး နှစ်ဆယ့်ငါးလောက်ရှိနိုင်သည်။

သက်ထက်တို့အိမ်ရှေ့ ပေါ်တီကိုအောက်အောက်တွင် တံခါးနှစ်ပေါက်နှင့် ကားအနီရဲရဲလေးရပ်ထားသည်။ ခုနက တိုထွာသွားသည့် သက်ထက်၏ စိတ်ကလေး အနည်းငယ်ပြန်ရှည်လာသည်။

" ဘယ်သူနဲ့ တွေ့ချင်လို့လဲဟင် "

" သက်ဝေ . . . "

" မရှိဘူးအပြင်သွားတယ် "

" ကိုသက်ပိုင်ကော"

" ကိုကြီး သူ့ကုမ္ပဏီက ပြန်မလာသေးဘူး"

သူတွေ့လိုသည့် လူနှစ်ယောက်စလုံး အိမ်မှာမရှိသည့်အတွက် တိုးညိုသည် ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။

သူက ဘာစကားမှ ထပ်မပြောပဲ တွေနေ၍ သက်ထက်လည်း သည်အတိုင်းပဲ ရပ်နေလိုက်သည်။

အနောက်ဘက်မှ ခြေသံရှပ်ရှပ်ကြား၍ လှည့်ကြည့်လိုက် တော့ မေမေအိမ်ပေါ်မှ ဆင်းလာတာမြင်ရသည်။

" မေမေရေ ဒီမှာ ကိုကိုတွေရဲ့ ညော့သည်ရောက်နေတယ်"

မေမေ့ကို တာဝန်လွှဲအပ်လိုက်ပြီး သက်ထက်ကျောခိုင်းလိုက်သည်။ ခုနကထိုင်ခဲ့သော ကုလားထိုင်မှာ ပြန်ထိုင်သည်။ ခုနကချထားခဲ့သော ဘောလ်ပင်ကို ပြန်ကိုင်သည်။ ပြီးတော့ ခုနက စိတ်ဝင်စားလှစွာ အဖြေညှိနေသော ပဟေဠိကို သက်ထက်ဆက်ဖြေလိုက်သည်။

✿ ✿ ✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



" သက်ထက်ရေ. . . ဒီက ကိုကိုနဲ့ စကားလာပြောအုံး မေမေ အအေးသွားဖျော်လိုက်အုံးမယ်"

မေမေလှမ်းခေါ်နေသည်ကို ကြားပါလျှက်နှင့် မကြားဟန် ဆောင်နေလိုက်သည်။ ဝါသနာအရ မဂ္ဂဇင်းထဲမှာ ပါလာသော ပဟေဠိ တိုဝဲ သည်းကြီးမည်းကြီး ဆက်ဖြေနေသည်။ အလျားလိုက် မေးခွန်းဖတ် လိုက်သည်။

ဆရာနှစ်ဖာသိုင်း၏ နာမည်ကြီးဝတ္ထုတစ်ပုဒ် ဟုဆိုထားသည်။

ဆရာ့ဝတ္ထုတွေက အများကြီးမို့ ရုတ်တရက်စဉ်းစား၍မရပါ။ သည်တော့ သည်မေးခွန်းနှင့် နံပါတ်တူ ဒေါင်လိုက်မေးခွန်းကို ထပ်ဖတ် ကြည့်သည်။

ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)၏ လူကြိုက်များသော ဝတ္ထု တစ်ပုဒ်တဲ့။ ပေးထားသောအကွက်တွေက ဆယ့်တစ်ကွက်ကြီးများတောင်။ ပြီးတော့ဆရာနှစ်ဖာသိုင်း၏ ဝတ္ထုနာမည်မှာ နောက်ဆုံး စာလုံးတစ်ခု က ဆရာမောင်စိန်ဝင်း၏ ဝတ္ထုနာမည်ငါးခုမြောက် စာလုံးနှင့် ဆက်စပ် ပေးထားသည်။

သက်ထက်က သည်စာရေးဆရာနှစ်ယောက်လုံး၏ ဝတ္ထုများ တို အသေအလဲစွဲလမ်းနှစ်သက်သူမို့ သူတို့၏ဝတ္ထုခေါင်းစဉ်များကို အားလုံးအမှတ်ထင်ထင်ရှိနေသည်။

တစ်ခုချင်း တစ်ခုချင်း ရွတ်ကြည့်လိုက်သည်။

ဟား . . . ရပြန်ပြီကွ

" တစ်ပင်တည်း ရင်ထဲကနွယ်" နဲ့ "တွယ်ငင်လို့ယိမ်း နွယ်ပင် မို့စိမ်းလေသလား" ပေါ့။

ကဲ လာလေရော့ နွယ်နှစ်ပင်ငြိကြပေတော့။

" သမီးသက်ထက် ဘာလုပ်နေတာလဲ။ ဒီမှာ ညီ့သည်နဲ့ စကားလာပြောလို့ဆို "

မေမေ ထပ်အော်လိုက်တော့မှ သက်ထက်ထိုင်ရာမှ ကဗျာ ကရာထလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေဆူမှာကြောက်၍ ညှော်သည်ကို ချစ်စရာကောင်းအောင် ပြုံးပြမျက်နှာချိုသွေးလိုက်ရသည်။ ညှော်သည်ကလည်း သက်ထက်ကို ပြုံးကြည့်နေသည်။

" ညီမလေးနာမည်က သက်သက်လား၊ ထက်ထက်လား"

" သက်သက်လည်းမဟုတ်ဘူး၊ ထက်ထက်လည်းမဟုတ်ဘူး။ သေသေချာချာနားထောင်နော် သက်ထက်ဆုံး"

" ဟာတယ်မိပါလားကွ။ မောင်နှမသုံးယောက်စလုံး နာမည်တွေ သိပ်လှကြတာပဲ"

ညှော်သည်က လက်ဖျောက်တစ်ချက်တီးလိုက်ရင်း ပြောသည်။

ဖေဖေ ဦးသက်အောင်နှင့် မေမေဒေါ်သက်သက်လွင်တို့ သည် သူတို့၏နာမည်များတွင် " သက်" ပါကြသည်မို့ သားသမီးသုံး ဦးစလုံး တိုလည်း " သက်" ပါသောနာမည်များသာမှည့်သည်။

သက်ပိုင်ဦး. . .၊ သက်ဝေလတ်နှင့် သက်ထက်ဆုံး။

ကိုညှော်သည်က သည်နာမည်များကို ရည်ရွယ်၍ ပြောခြင်း ဖြစ်သည်။

" ကိုကို့ နာမည်ကရော. . ."

" မြင့်မိုရ်မိုးမင်း. . . တဲ့"

နာမည်ကိုသိလိုက်ရတော့ သက်ထက်မျက်နှာ မချိုမချဉ်နှင့် ခစ်တနဲရယ်သည်။

" နာမည်ကလည်းကြောက်စရာကောင်းလိုက်တာ မြင့်မိုရ် တောင်မှ မကသေးဘူး မိုးမင်းကြီးကပါလိုက်ရသေးတယ်။ ကိုကို့ နာမည် ခေါ်ခေါ်နေရရင် သက်ထက်ပိစိကွေးလေးဖြစ်ဖြစ်သွားတယ်" ရယ်ရှိန် မပြေနိုင်သော အသံလေးဖြင့် ကလေးဆန်ဆန်ပြောလေသည်။ မြင့်မိုရ် နှင့် မျက်နှာချင်းဆိုင်ဆက်တီခုံတွင် ထိုင်စကားပြောနေရာမှ မြင့်မိုရ် နံဘေးခုံသို့ ရွှေ့လာပြီး စကားဆက်သည်။

" ကိုကို့ နာမည် အပြည့်အစုံ ခေါ်ရရင် သက်ထက်ဝင်ပန်း လွန်းတယ်သိလား။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုတွေရဲ့ သူငယ်ချင်းမို့ ကိုကို့ကို ကိုကိုလို့ပဲ ခေါ်တော့မယ်နော် ”

အပြစ်ကင်းသည် ကလေးငယ်တစ်ယောက်နှယ် သက်ထက်ခွဲနွဲ့စွာ ပြောလေသည်။ ခရမ်းဖျော့ရောင် အိမ်နေရင်းဝတ်သည့် ကြိုးတစ်ချောင်းတည်း ဂါဝန်ရှည်ရှည်နှင့် ဝင်းဝင်းမွတ်မွတ်ကလေး ချောမောလှပသော သက်ထက်ဆုံးကို မြင့်မိုရ်တစ်ထိုင်တည်းမှာပင် သံယောဇဉ်တွယ်မိရလေပြီ။

သက်ထက်ဘယ်နှစ်နှစ်လဲဟု မြင့်မိုရ်ကမေးတော့ ဆယ့်ရှစ်နှစ်တဲ့ ခပ်သွက်သွက်ပြောပြီး ဘယ်နှစ်တန်းလဲဟု မေးတော့ အိုးမေဂျာတက်နေသယ်တဲ့ ပြောပြသည်။ ပြီးတော့မှ မေးခွန်းတွေ လျှောက်ထုတ်လိုက်တာ ဘာလုပ်မလို့လဲတဲ့ သူကတစ်ဖန်ပြန်မေးနေပြန်သည်။

“ မသိပါဘူးကွာ။ ကိုကိုက သူငယ်တန်းတက်နေတဲ့ ခြောက်နှစ်သမီးလေးထင်လို့ မေးကြည့်နေတာပါ။ တက္ကသိုလ်ရောက်နေပြီလို့ ဘယ်လိုမှ ထင်မထားတာ ”

ဒီတစ်ခါကျတော့ သက်ထက်ကစကားဖြင့် ပြန်မဖြေပဲ မြင့်မိုရ်၏လက်ခုံကို လက်သည်းရှည်ရှည်ဖြင့် ဆွဲဆိတ်လိုက်တော့သည်။ ပထမဦးဆုံးအကြိမ် ဆုံဆည်းခြင်းမှာပင် တွယ်တာခြင်း နွယ်မျှင်တို့က တစ်ပင်နှစ်ပင်၊ တစ်မျှင် နှစ်မျှင်မက အုံနှင့်ကျင်းနှင့် တွယ်ငြိခဲ့ရပြီပဲ။

✿ ✿ ✿ ✿ ✿

## အခန်း(၂)

သက်ထက်ကြမ်းတိုက်နေသည်။

သက်ထက်သည် အလုပ်ကို ပထမဦးဆုံးအကြိမ် လုပ်ဖူးခြင်းပါပဲ။ အိမ်တွင်တံမြက်လှည်း ကြမ်းတိုက်အလုပ်များအတွက် ဒေါ်တိုးကို ခေါ်ထားသည်။ သို့သော် သည်အချိန်ဆိုလျှင်ဖြင့် ဒေါ်တိုးမှာ ချက်တုန်းပြုတ်တုန်း။ ဒေါ်တိုးမီးဖိုခန်းထဲမှ ထွက်လာမည့်အချိန်ကို မစောင့်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သည့်သက်ထက်က ကြမ်းကို ကိုယ်တိုင်တိုက်နေခြင်းဖြစ်သည်။ ဒါကလည်း သက်ထက်မှာ အလွန့်အလွန် ခိုင်လုံသော အကြောင်းတစ်ရပ်က ရှိနေသည်။

မနေ့က ကိုကိုကပြောသွားခဲ့သည်။

"သက်ဝေကလည်းကြာလိုက်တာကွာ၊ကိုကိုမစောင့်နိုင်တော့ဘူး။"

နက်ဖြန်နေ့လည် လောက်ကျမှ တစ်ခေါက်ထပ်လာမယ်လို့ ပြောလိုက်နော်"

သည်ကနေ့ နေ့လည် ကိုကိုလာမယ်တဲ့ကွယ်။ ကိုကိုလာလို့ ရှိရင် ဒီကြမ်းပြင်လေးတွေကို နင်းလျှောက်လာရမှာ။ ကိုကိုလျှောက်နင်းကျော်ဖြတ်တဲ့ ကြမ်းပြင်လေးတွေ ချောမွတ်ပြောင်းလက်နေစေချင်တယ်။ ပြီးရင် ကိုကိုက ဒီဆိုဖာမှာကျနြေ့ကြီး တစ်ခွဲသားနဲ့ ဝင်ထိုင်မှာ။ ကိုကိုထိုင်မယ့် ဆိုဖာမှာ မြူတစ်မှုန် ဖုံတစ်စတင်မနေစေချင်ဘူး

ကိုကို ဒီမှာထိုင်ရင် ကိုကို့ မျက်စိအကြည့်က ခန်းဆီးတန့်လန့်တာဆီရောက်နေမှာ။ ခန်းဆီးစတွေ ညစ်ပေကြေတွန့်နေလို့ မဖြစ်ပါဘူး။

သည်သို့သော ကြီးကျယ်ခန်းနားသည့် စေတနာစိတ်များကြောင့် သက်ထက်အိမ်အလုပ်တွေလုပ်နေမိခြင်းပါပဲ။

မနက်အစောကြီးကတည်းက ခရမ်းဖျော့ဖျော့ ဇာခန်းဆီးများ လဲလှယ်တပ်ဆင်ပြီးခဲ့ပြီ။ ခုနကလေးမှာပဲ ဆိုဖာထက်မှ ဖုံမှုန့်များကို ကြက်မွေးတံမြက်စည်းငယ်ဖြင့် လှဲကျင်းဖယ်ထုတ်ပစ်ပြီးပြီ။ ခုတော့ ကြမ်းပြင်ကို သက်ထက် အရောင်တင်နေမိသည်။

သည်အလုပ်က လှုပ်လှုပ်ရှားရှား လုပ်ရသည်မို့ သက်ထက် ချင်းဘောင်းဘီကလေး ဝတ်ထားသည်။ အကျီကတော့ လည်ဝင်းပေါက်နှင့် လက်မောင်းပေါက်ခပ်ကျယ်ကျယ် တီရှပ်တစ်ထည်ကို တောက်စွပ်ထားသည်။ ဒါမှပဲ လုပ်ရကိုင်ရသွက်လက်ပြီး အအိုက်သက်သာမှာလေ . . .။

ဖေဖေနှင့် ကိုကြီးတို့က သူတို့၏ ကုမ္ပဏီသွားသူကသွား၊ရုံးသွားသူကသွားနှင့် အိမ်တွင်မရှိကြပေ။ မေမေနှင့် ကိုလေးက အိမ်ပေါ်ထပ်မှာမို့ အောက်ထပ်မှာ သက်ထက်တစ်ယောက်တည်းပါ။ မလှုပ်မရှား

www.burmeseclassic.com



အိမ်အလုပ်များကို လုပ်နေပါလျှက် ပင်ပန်းသည်မထင်ပဲ ပျော်နေသည်။

ကြမ်းပြင်လေးတွေ ချောမောပြောင်လက် အရောင်ထွက်လာသည့်နှယ် သက်ထက်၏နှလုံးသားလေးသည်လည်း ချစ်ရည် ချစ်သွေးတို့ဖြင့် စိုလွင်တောက်ပနေရပါပြီ။ သက်ထက်သည်ကြမ်းပြင် လေးတွေချောသထက်ချောလာသည်ကို ကြည်နူးစွာကြည့်နေရင်း ကိုကို့အကြောင်းလေးတွေတိုပါ တွေးနေမိသည်။ ကိုကိုလာမယ်ဆိုလည်း မြန်မြန်လာခဲ့ပါတော့ ကြာလိုက်တာ။ သက်ထက်ကိုကိုနဲ့ တွေ့ချင်တယ်။ မနေ့တုန်းကစကားလေးတွေ ပြောချင်တယ်ကွာ . . .။

" ထိတ် တောင်မလေး "

" အမလေး လန့်လိုက်တာ။ ဟာ ကိုကို "

စိတ်ထဲလေးတယည်ယည်နဲ့မို့ တံခါးဝမှနေ၍ ပုံမှန်အသံဖြင့် မြည်လိုက်ခေါ်လိုက်သည်ကိုပင် သက်ထက်အရမ်းလန့်သွားသည်။ ပြီးတော့မှ ရှက်ရယ်ရယ်တာ တံခါးကိုသော့ဖွင့်ပေးသည်။

" သက်ဝေရှိလား "

" ရှိတယ်ကိုကို နေအုံးသက်ထက်သွားခေါ်ပေးမယ် "

အနားမှ လှစ်ကနဲပြန်ပြေးထွက်ကာ လှေကားဆီသို့ သွားသည်။ သက်ထက်သွားခေါ်ပေးမယ်ဟု နှုတ်မှပြောသွားသော်လည်း တကယ်တမ်းကျတော့ သက်ထက်သည် အိမ်ပေါ်ထပ်အထိ တက်ခေါ်ပေးသည် မဟုတ်ပါ။ လှေကားအောက်ဆုံးမှာ ခြေစုံရပ်ရင်း သူ့အသံစူးစူးလေးဖြင့် ကိုလေးရေ ညှော်သည်ရောက်နေတယ်ဗျို့ . . . ဟု အော်ခေါ်လိုက်ခြင်းသာဖြစ်သည်။

" မောင်မြင့်မိုရ် လာလာ ခဏထိုင်အုံးနော်။ သက်ဝေရေချိုးနေလို့ "

မေမေ့တုန့်ပြန်သံကြားလိုက်ရသဖြင့် သက်ထက်ကပင် ဒီရာမကြီးလုပ်တာ ကြာမနေစေနဲ့နော် မေမေ။ ဒီမှာ ကိုကိုစောင့်နေရတာ အားနာစရာကြီးဟု အတွန့်တက်လိုက်သည်။ ပြီးတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိပဲ ဖရိုဖရဲ ပွကြနေသော ဆိုဖာဆက်တီများကို နေရာ

www.burmeseclassic.com



ဘာတွေ ပြန်စိနေသည်။

"သက်ထက်က အိမ်အလုပ်တွေ လုပ်နေလိုက်တာ။ တယ်လိမ္မာပါလား"

ဘာမှပြန်မပြောပဲ ရှက်ပြုံးလေးပြုံးနေသည်။ သက်ထက်ဘာမှပြန်မပြောတော့ မြင့်မိုရ်ကပဲ စကားဆက်သည်။

" အန်တီတို့ အန်ကယ်တို့ဆီမှာ သက်ထက် ဘာပူဆာချင်လို့လုပ်နေတာလဲ "

" မဟုတ်ပါဘူး "

" ကိုကြီးတို့ ကိုလေးတို့ဆီကကော ဘာလိုချင်လို့လဲ "

" မဟုတ်ပါဘူးလို့ဆိုမှ . . . "

မျက်စောင်းပါ လှမ်းထိုးပြီးပြောသည်။

ပြီးတော့မှ မပွင့်တစ်ပွင့် လေသံလေးဖြင့် " ကိုကို အိမ်လာမယ်ဆိုလို့" ဟုတိုးတိုးလေးပြောသည်။ စကားဆုံးသည်နှင့် ရှက်ပြီးအိမ်ခန်းထဲဝင်ပြေးသွားတော့သည်။

သက်ထက်၏စကားက မြင့်မိုရ်၏ရင်ထဲသို့ စူးတနဲ့စိုက်ဝင်သည်။

ကိုကိုအိမ်လာမယ်ဆိုလို့ . . .။

ကိုကိုအိမ်လာမယ်ဆိုလို့ ကြမ်းတွေတိုက်ထားတာတဲ့လား သက်ထက်ရယ် . . .။

✿✿✿✿✿

အခန်း(၃)

ဒီကနေ့လည်း ကိုကိုလာလည်အုံးမလား မသိဘူးဆိုသည့် မျှော်လင့်ချက်ကနေ့ တစ်နေ့တွင်ရှိသော နာရီများစွာကို ခံ့ဝင့်ထိုက်သလိုပါပဲ။

အချိန်တွေကုန်လွယ်လိုက်တာ။

ကိုကိုနှင့် ပတ်သတ်ပြီး ကိုလေးကို သက်ထက်မေးကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



" ကိုလေး ကိုကိုမြင့်မိုရ် ဘာလာလုပ်တာလဲ"

" ငါတို့နှစ်ယောက် သင်တန်းတစ်ခုတက်ကြမလို့ "

" ဘာသင်တန်းလဲ speaking လား၊ computer လား၊ Model agency လား "

" ဟာ ပေါက်ကရတွေ စာဖိုမှူးသင်တန်းပါ "

" ဘာလဲမေမေအသက်ရလာလို့ မေမေသက်သာအောင် မီးဖိုချောင်ဝင်မလို့လား "

" မဟုတ်ပါဘူး သက်ထက်ရယ်၊ ငါတို့နှစ်ယောက် စာဖိုမှူးသင်တန်းအောင်လက်မှတ်ရပြီးရင် ခရီးသည်တင် ဖိမ်ခံသင်္ဘောလိုက်ကြမလို့ "

ဩော် ကိုလေးတော့ ကိုကိုပါ သင်္ဘောတက်ဖို့အတွက် ကြိုးစားနေကြတာပါလား၊ ချက်ချင်းပဲ သက်ထက် ငိုင်သွားမိသည်၊ တွေတွေ့ချင်း သက်ထက်တွယ်တာလိုက်မိသော ကိုကိုက သက်ထက်နှင့် အနေးမဟုတ် အမြန်ခွဲရမှာပါလား၊ သက်ထက်၏စိတ်ကို သက်ဝေက တန်းတန်းမတ်မတ်ရိပ်မိလိုက်သည်၊

" အမလေးလေး ငါ့ညီမချက်ချင်းပဲ မျက်နှာလေး ညှိုးသွားလိုက်တာ ကိုလေးကိုလွမ်းလို့လား၊ မြင့်မိုရ်ကိုလွမ်းလို့လား ရှင်းရှင်းလုပ်နော် ဟား ဟား"

" ကိုလေးနော် ဘာတွေ လာပြောနေတာလဲ၊ ဒါအစ်ကိုတညီမလေးကို စရမယ့် စကားလား၊ ဟောဒီမှာ မေမေရေ ကိုလေး သမီးတို့ကို လိုက်စနေတယ်ဗျို့ "

သက်ဝေတို့မောင်နှမ သည်လိုပွင့်လင်းမှုတွေ ရှိကြသည်၊ အငယ်နှစ်ယောက်က အကြီးဆုံးသက်ပိုင်ထက် ပိုပြီး တစ်ပူးတွဲတွဲရှိသည်၊ သက်ပိုင်က အကြီးဆုံးပီပီ တည်သည်၊ သူ့ဟာသူ ခပ်အေးအေးပဲနေတတ်သည်၊

သက်ဝေနှင့် သက်ထက်တို့နှစ်ယောက်ကျတော့ အထက်အောက် နှစ်နှစ်သာခြားကြသည်မို့ ရွယ်တူလိုပင် ဆော့ကြ စားကြ

www.burmeseclassic.com



ရန်ဖြစ်ကြသည်။

သက်ဝေ အစသန်၍ သက်ထက်ငိုရသည့်အခါတွေ ရှိသလို သက်ထက်အတိုင်အတောထူ၍ သက်ဝေ အရိုက်ခံရသည်အကြိမ်များလည်း မနည်းလှ။

သို့သော် သူတို့နှစ်ယောက်က အတေးအမှတ် အဖုအထစ် မရှိကြ။

တစ်ယောက်နှင့် တစ်ယောက် မတွေ့လျှင် လိုက်ရှာကြသလို တွေ့ပြန်တော့လည်း အငြင်းသန်ကာရန်ဖြစ်တတ်ကြပြန်သည်။

သက်ဝေအပြင်ကပြန်လာလျှင် သက်ထက်ဘို့မုန့်ကလေး တစ်မျိုးမျိုးတော့ ဝယ်လာပေးတတ်သည့်နှယ် သက်ထက်ကလည်း ကျောင်းမှာ စားခဲ့သော ချိုချိုချဉ်ချဉ် သရေစာများကို ဘယ်တော့မှ တုန်အောင်မစားပစ်ပဲ သက်ဝေဘို့ ချန်ပြီးယူလာခဲ့တတ်သည်။

သက်ထက်၏ သူငယ်ချင်းမှန်သမျှကို ယောင်းမ ယောင်းမတုခေါ်ကာ အစ်ကိုနှင့် နောင်ပြောင်တတ်သလို သက်ဝေ၏သူငယ်ချင်းမှန်သမျှကိုလည်း ယောက်ဖ ယောက်ဖဟုခေါ်ပြီး ညီမငယ်နှင့် ကျီစယ်တတ်သည်။

ခုလည်း သက်ထက်ကို နောက်ပြောင်ကျီစယ်စရာ မြင့်မိုရ်တစ်ယောက် တိုးလာခဲ့ပြီပဲ။

"မြင့်မိုရ် မြင့်မိုရ် မြင့်မိုရ် မြင့်မိုရ်"

သက်ဝေက မြင့်မိုရ်၏နာမည်ကို တတွတ်တွတ်ရွတ်နေသည်။

"ကိုလေး ဘာဖြစ်နေတာလဲ ရူးနေတာလား"

"မြင့်မိုရ် . . . ဟိမဝန္တာ . . . စာရာမေတိ . . . ဖူဂျိယာမ . . နဝရတ်"

"ကိုလေး ဘာဖြစ်နေတာလဲလို့ ဆိုနေ"

"ဘာဖြစ်လဲ ငါ့ဟာငါ တောင်နာမည်တွေ ရွတ်နေတာ နင်နဲ့ ဘာဆိုင်လဲ "

မောင်နှမနှစ်ယောက် စကားနိုင်လုနေကြသည်ကို ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သတ်သတ်လွှင်ပင်လျှင် မနေနိုင်တော့ပဲ ရယ်နေလိုက်မိသည်။ သက်ထက်လည်း မေမေ့ထံမှ စစ်ကူမရသဖြင့် ဒေါပွပြီး အခန်းထဲဝင်တာ အိပ်ခန်းတံခါးကို ဒုန်းကနဲ မြည်အောင်ပိတ်ပစ်လိုက်တော့သည်။

အပြင်ဘက်မှာတော့ သက်ဝေက ရှုးတူးတူး ပေါတောတော နှင့် အော်၍ တောင်းနေဆဲ . . . ။

"မြင့်မိုရ် ဟိမဝန္တာ၊ စာရာမေဟိ၊ ဖူဂျီယာမ၊ . . ဧဝရတ် "

✿✿✿✿✿

## အခန်း(၄)

ခေါ်တီကို အောက်သို့ ထိုးဆိုက်လိုက်သော ကားသံနှင့် ကားတံခါးပိတ်သံကို ကြားလိုက်ရသည်နှင့် သက်ထက်လည်ကိုင်ကလေး ဆန့်လိုက်မိသည်။

သည်လိုအချိန်မျိုး အိမ်လာတတ်တာ ကိုကိုပဲရှိသည်လေ။

ကိုကိုက သင်တန်းမစခင် နာရီဝက် တစ်နာရီကြိုရောက်လာပြီး ကိုလေးတို့ မေမေတို့နှင့် စကားတွေပြောသည်။ ဒါမှမဟုတ်လျှင်ဖြင့် ကိုကြီးဆီက စာအုပ်တွေ ငှားဖတ်တတ်သည်။

တစ်ခါတစ်ခါကျတော့ ကိုလေးအခန်းထဲဝင်ကာ MP-3 နားထောင်ကြသည်။

အေးအေးဆေးဆေးနေပြီး အချိန်နီးတော့မှ ကိုလေးနှင့် အတူတူ သင်တန်းသွားသည်။

ခုလည်း ကိုကိုရောက်လာပြီပဲ။

ကိုလေး သူ့ကိစ္စမပြီးခင် သက်ထက်ပဲ ဧည့်ခံစကားပြောရမှာ ဖြစ်သည်။

" လာ . . . ကိုကို "

" သက်ဝေကော အဆင်သင့်မဖြစ်သေးဘူးလား"

" ကိုလေး မော်လမြိုင် ရောက်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



သက်ထက် စကားကြောင့် မြင့်မိုရ် အံ့အားသင့်သွားသည်။

"ဟုတ်လား ကိုကိုကိုဘာမှလည်း ကြိုပြောမထားပဲနဲ့"

"သိပ်တော့ မကြာသေးဘူး၊ နာရီဝက်လောက်ပဲရှိအုံးမယ်"

"ဘာကိစ္စနဲ့သွားတာလဲ"

"ဝမ်းရေးပေါ့ ကိုကိုရယ်"

သက်ထက်က မျက်နှာအတည်လေးနှင့်ပြောသည်။

စီးပွားရေးကိစ္စဖြစ်မှာပဲ ဟုသောအတွေးဖြင့် မြင့်မိုရ် ဘာမှ ထပ်မမေးတော့ပါ။ သူတစ်ပါး၏ မိသားစုကိစ္စ မြင့်မိုရ် စပ်စပ်စုစု မလုပ်လိုပါ။

"အန်တီကော မမြင်ပါလား"

"မေမေလည်း ထားဝယ်သွားတယ်"

အမေရော အစ်ကိုပါခရီးထွက်နေကြသည်မို့ သက်ထက်တော့ နည်းနည်းပါးပါး အားငယ်နေမှာပဲဟု မြင့်မိုရ် တရှုဏာသက်မိသည်။ သက်ထက်မျက်နှာလေးပင်လျှင် ခပ်နွမ်းနွမ်းလေး။

"အန်ကယ်နဲ့ ကိုသက်ပိုင်တို့တော့ ရှိကြတယ်မဟုတ်လား"

"ဟင့်အင်း ဖေဖေနဲ့ ကိုကြီးတို့ကလည်း မနက်တတင်ပဲ အလုပ်ကိစ္စနဲ့မြေခြားထွက်သွားကြတယ်"

ဟာဘယ်လိုတွေ ဖြစ်ကြတာလဲဟု မြင့်မိုရ်တွေးနေမိသည်။ အဖေရော အမေပါမက ကိုကြီးရော ကိုလေးပါရှိသမျှ လူတုန်ခရီးထွက်သွားလိုက်ကြတာ ငယ်ငယ်ရွယ်ရွယ် ညီမလေးတစ်ယောက် တည်း သူတို့မို့ထားခဲ့ရက်ကြသည်။

"ဒါဆို အိမ်မှာ သက်ထက်တစ်ယောက်တည်းပေါ့"

"ဟုတ်တယ် ကိုကို၊ ရန်ကုန်မှာ သက်ထက်တစ်ယောက် တည်း"

"ကိုကိုလာနေပေးရမလားဟင်"

"ကိစ္စမရှိပါဘူး၊ ခဏနေရင်ပြန်လာကြတော့မှာပါ"

သက်ထက်၏ပြောစကားကို မြင့်မိုရ်နားမလည်နိုင်ပါ။

မော်လမြိုင်သွားတဲ့သူ၊ ထားဝယ်သွားတဲ့သူတို့က ခဏ ကြာရင်

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာကြတော့မှာတဲ့ လေယာဉ်နဲ့မို့ ဒီလောက်မြန်တာများလား။ လေယာဉ်ကလည်း သည်လောက်တော့ လွယ်လိမ့်မည်မထင်။ ဝေဝေဝါးဝါးအမှုအရာနှင့်ပင် မြင့်မိုရ် ဆက်မေးမိပြန်သည်။

" အန်တီက ဘာနဲ့ပြန်လာမှာလဲ၊ လေယာဉ်နဲ့လား "

" ဟင့်အင်း ခြေကျင်ပါပဲ၊ လမ်းလျှောက်ပြန်လာမှာ "

" ဘာလဲကွာ၊ ဘာတွေလဲ သက်ထက်ရယ် ကိုကိုနားမလည်နိုင်တော့ဘူး "

ဆိုစာဆက်တီပေါ် စိတ်ပျက်လက်ပျက်ထိုင်ချရင်း ခေါင်းကိုခါယမ်းလိုက်မိသည်။ မြင့်မိုရ်၏ပုံစံကိုကြည့်ပြီး သက်ထက်နှုတ်ခမ်းလေးဖူးလေးတော့တက်သွားသည်။

" တား တား တား "

အားဝါးတရရယ်သံနှင့်အတူ သက်ဝေအတွင်းခန်းထဲမှ ထွက်လာသည်။ လက်ထဲမှာတော့ လက်သုတ်ပုဝါတစ်ထည်။ လက်သုတ်ရင်းထွက်လာခြင်းပေမို့ စောစောပိုင်းက သက်ဝေထမင်း စားနေတာဖြစ်မှာတု မြင့်မိုရ်နားလည်လိုက်သည်။

မြင့်မိုရ်က မှီလျောထားသော သူ့ခန္ဓာကိုယ်ကို ခပ်မတ်မတ်ပြင်ထိုင်လိုက်သည်။

" ကြည့်စမ်း သက်ထက် ကိုကို့ကို နောက်တယ်။ မျက်နှာလေးကလည်း မှင်သေပေါ့ကွာ။ မင်းသမီးလုပ်စားဖို့ကောင်းတယ် "

" သက်ထက်မနောက်ဘူး ကိုကို"

မှင်သေသေမျက်နှာထားလေးအတိုင်း တစ်ချက်ကလေးမှ မပြောင်းလဲပဲ သက်ထက်ငြင်းဆန်သည်။

" ဟုတ်တယ်ကွ သက်ထက်မင်းကို နောက်တာ မဟုတ်ဘူး။ မင်းကသာ သက်ထက်နဲ့ ခင်တာသိပ်မကြာသေးလို့ အကြောင်းမသိတာ"

သက်ဝေကလည်း သူ့ညီမဘက်မှ အင်တိုက်အားတိုက်ထောက်ခံသည်။

အတွင်းခန်းမှ ဒေါ်သက်သက်လွင်ထွက်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းထဲမှာ ဖြစ်ပျက်နေသော အခြေအနေကို အားလုံး ကြားသိပြီးဟန်တူသည်။ ဟက်ဟက် ပက်ပက် ရယ်မောနေသည်။

" ဒီလိုကွယ့် မြင့်မိုရ်ရဲ့။ မင်းညီမက ဘာလေးပဲဖြစ်ဖြစ် နာမည်ပေးတာ သိပ်ဝါသနာပါတယ်။ အိမ်မှာပေါက်သမျှ ကြောင်တလေးတွေကို သူပဲဒိုင်ခံနာမည်ပေးတတ်သလို ဒီအိမ်မှာရှိသမျှ အခန်းတိုင်းကိုလည်း မြို့နာမည်တွေ ပေးထားတယ်လေ. . . " ပြောရင်းနှင့် ဒေါ်သက်သက်လွင်ရယ်ကာ၊ ရယ်မောနေရင်းနှင့် ဆက်ပြောပြသည်။

" အခု အန်တီတို့ ထိုင်ကြတဲ့ ညည့်ခန်းကိုတော့ လူမှုရေး၊ စီးပွားရေး စကားတွေပြောပြီး ဆွေမျိုးမိတ်ဆွေ မိတ်သစ် မိတ်ဟောင်းတွေလာတတ်ကြလို့ ရန်ကုန်တဲ့။ ခုနက သူတစ်ယောက်တည်း ညည့်ခန်းထဲမှာရှိလို့ ရန်ကုန်မှာတစ်ယောက်တည်းလို့ပြောတာ "

ဒေါ်သက်ထက်ဆုံး၏ အလေ့အထအဆန်းကို မြင့်မိုရ် နားလည်မှတ်သားလိုက်ရသည်။

" ငါးကျီးခြောက်၊ ငါးပုပ်ခြောက်၊ တကူရုံခြောက်တွေသျောင်ထားတဲ့ အခန်းကိုကျတော့ ထားဝယ်လို့နာမည်ပေးထားတယ်။ ခုနက အန်တီကအဲဒီအခန်းဖက်သွားပြီး နေကောင်းကောင်းပူတုန်း ငါးခြောက်တွေ ထုတ်လှန်းမလို့စစ်ဆေးနေတာနဲ့ အန်တီ့ကို ထားဝယ်ဘက်သွားတယ်လို့ ပြောလိုက်တာလေ. . . "

" သက်ဝေ မော်လမြိုင်ဘက်ကို ဝမ်းရေးကိစ္စနဲ့ရောက်နေတယ်ဆိုတာကရော "

မြင့်မိုရ်က သူနားမရှင်းသည့်ကိစ္စကို ဆက်မေးလိုက်သည်။

" မော်လမြိုင်ဆိုတာက အစားအသောက်သစ်သီးဝလံ ပေါပေါများများရှိတဲ့ ထမင်းစားခန်းကိုပြောတာ။ သက်ဝေက မင်းအလာကို စောင့်ရင်း ထမင်းစားခန်းထဲဝင်ပြီး နာနတ်သီးသွားစား နေတာကို ကြီးကြီးကျယ်ကျယ်လျှောက်ပြောနေတာ "

" အန်ကယ်နဲ့ကိုသက်ပိုင် မြေခြားသွားတယ်ဆိုတာ ကျတော့ကော "

www.burmeseclassic.com

www.burmeseclassic.com



" ကုမ္ပဏီသွားကြတာကို ပြောတာပါကွယ်။ ဒီအိမ်နဲ့မြို့ထဲက တုမ္ပဏီရုံးခန်းနယ်မြေချင်းကွာနေလို့ မြေခြားလို့ပြောတာ "

" ကျွန်တော်က ဒီမနက်စောစော Flight နဲ့ နိုင်ငံခြားများ ထွက်သွားကြသလားလို့ " ဝါးကနဲ ရယ်လိုက်ကြသည်။

သက်ထက်လည်း အိုက်တင်ခံကာ ခပ်တည်တည်ပုံစံဖမ်းထား သော်လည်း မြင့်မိုရ်အူကြောင်ကြောင်ယောင်ဝါးဝါးပုံကို ကြည့်ပြီး ဆက်လက်တောင့်မထားနိုင်တော့ပါ။ အူလှိုက်သည်းလှိုက် ရယ်ပစ်လိုက် တော့သည်။

ဒေါ်သက်သက်လွင်က စကားခဏနားလိုက်သောအခါ ဆက်ပေတ စကားဆက်သည်။

"ရှိသေးတယ်တွေ၊ သက်ထက်တို့ ဘယ်လောက်ပေါ်တော တောနိုင်လဲဆိုတာ။"

"အိမ်ပေါ်ထပ်က အခန်းတွေကိုကျတော့ မြန်မာပြည် အထက် ပိုင်းက မြို့နာမည်တွေ ပေးထားတယ်။ ဘုရားခန်းကိုကျ တော့ ပုဂံတဲ့၊ ငါနဲ့တိုသက်ပိုင်အခန်းကိုကျတော့ တောင်ကြီးတဲ့၊ လားရှိုးတဲ့၊ သူ့အခန်း တိုကျတော့ ပြင်ဦးလွင်တဲ့လေ "

" အိမ်အောက်ထပ်အခန်းတွေကိုကျတော့ မြင့်မိုရ်သိတဲ့ အတိုင်း ရန်ကုန်၊ မော်လမြိုင်၊ ထားဝယ်လို ခေါ်ထားတာနော်။ ရေချိုးခန်းကိုကျတော့ ချောင်းသာတဲ့၊ ငပလီတဲ့။ မီးဖိုခန်းကိုကျတော့ အိမ်အစွန်းမှာရှိလို့ ကော့သောင်းတဲ့လေ "

ဒေါ်သက်သက်လွင်က တစ်လှည့်ဝင်ပြောသည်။

သက်ထက်တို့အိမ်က သာမန်မြင်ဖူးနေကျ အိမ်များနှယ် စတုဝံ ပုံမဟုတ်ပဲ ခပ်ရှည်ရှည်နှစ်ထပ်တိုက် ကလေးဖြစ်သည်။ မီးဖို ခန်းက တော့ အပြင်ကိုစွန်းထွက်နေသည်။ ပြီးတော့ မီးဖိုခန်းက အကျယ်ကြီး ဖြစ်သည်မို့ တစ်ခါတစ်လေ ထမင်းစားခန်းဘက်မကူးတော့ပဲ မီးဖိုထဲမှာ ပင်ချက်ရင်းပြုတ်ရင်းနှင့်ပင် စားလို့သောက်လို့ရသည်။

" နေအုံး တစ်ခုကျန်သေးတယ်၊ အိမ်ခေါင်မိုးပေါ်ဗြိုဟ်တု

www.burmeseclassic.com



စလောင်းတင်ထားတာကိုတောင်မှ ဂျပ်ဆင်ထိပ်က လရိပ်ပြာတဲ့ကွာ”

သက်ဝေက အပိတ်စကားပြောလိုက်သည်။

သည်လိုမျိုး ပေါက်ပေါက်ရှာရှာတွေတွေးကာ ပျော်ပျော် ပါးပါး လွတ်လွတ် လပ်လပ်နေတတ်သော သက်ထက်သည် မြင့်မိုရ် ကိုကျတော့ ရီဝေဝေလေးငေးကြည့်တတ်လေသည်။

ဘာကြောင့်များပါလိမ့်။ မြင့်မိုရ်ယောကျ်ားတန်မဲ့ ရင်ထဲလှိုက် တနဲဆောင့်ခုန်သည်။

✿✿✿✿✿

## အခန်း(၅)

နံနက်အိပ်ရာမှ နိုးသည်နှင့် မိုးလင်းလင်းချင်းကိုကိုရောက် လာမလား မျှော်လင့်မိသည်။

မနက်ဘက်ရောက်မလာတော့ နေ့လည်လောက်လာမှာပါဟု ဖြေတွေးတွေးသည်။

နေ့လည်ရောက်မလာတော့ ညနေလောက်ဆို သေသေချာချာ ရောက်လာမှာဟု အားတင်းထားသည်။

ညနေလည်းမရောက်၊ ညပိုင်းလည်းမလာသောအခါ သက်ထက် ဘယ်လိုမှ နေလို့မရတော့ပါ။ တယ်လီဖုန်းအနီးတွင် တရစ်ဝဲဝဲလုပ်နေ ရင်း ကိုကို့ဆီဖုန်းဆက်ရန်စိတ်ကူးသည်။ သို့သော် သူကယောကျ်ားလေး ဖြစ်ပြီး ဖုန်းစမဆက်ပဲ မိန်းကလေးကစဆက်လို့ကောင်းပါ့မလား။ ဘာကိစ္စရှိလို့လဲဆိုပြီး ကိုကိုမေးလိုက်ရင် မေမေတို့ ကိုလေးတို့ရိပ်မိ သွားရင် ရှက်စရာကြီး၊ စသဖြင့် အမျိုးမျိုး တွေးမိပြီး ဖုန်းလည်းမဆက် ဖြစ်တော့ပါ။

အိပ်ရာထဲမှာသာ တလူးလူး တလိမ့်လိမ့် လှိမ့်နေမိသည်။

အိပ်ရာထဲလည်း ကြာကြာလှဲမနေနိုင်။ ကပျာကယာလူးလဲ ထပြီး ဝရံတာထွက်မျှော်ရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုလေးအပြင်သွားနေတာ ကိုလေးအပြင်ကပြန်လာရင် ကိုတိုလည်း လိုက်လာပါစေဟု ဆုတောင်းသည်။

ဒီအတိုင်း ဆုတွေနင်းကန်တောင်းနေရတာ မကောင်းပါဘူး။ တိုယ့်ဟာကိုယ်ပြောပြီး ဘုရားစင်ရှေ့အပြေးသွားကာ ဆီမီးအလင်းတိုင်ပူဇော်သည်။ အမွှေးနံ့သာတိုင်ပူဇော်သည်။

" ယခုကဲ့သို့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးအား ထိုထရုန့်သာတိုင်ဖြင့် ပူဇော်ထွန်းညှိရသော အကျိုးအားကြောင့် မကြာမီအချိန်အတွင်း တိုတိုရောက်လာပါစေ ဘုရား "

တဖျာတရာ ဦးချပြီးသည်နှင့် ဝရံတာပြန်ထွက်သည်။

တိုတိုတားလေးတို ရော်ရမ်းမှန်းဆသည်။

တိုတိုတို မျှော်သည်။

" တိုတိုနဲ့တွေ့ချင်လိုက်တာကွယ် "

သည်လိုနှင့် တစ်နေ့တာ ကုန်ဆုံးခဲ့ရသည်။

အပြင်မှာ မတွေ့ရရင်လဲ အိပ်မက်ထဲမှာပဲတွေ့တော့မယ် တိုတိုရေ. . . သက်ထက်ရဲ့အိမ်မက်ကလေးထဲကို ဆက်ဆက်လာခဲ့ပါကွယ်။

ခေါင်းအုံးထက်မှာ နောက်စေ့မတင်ရက် ပါးကလေးကပ်လိုက်သည်။

✿✿✿✿✿

## အခန်း(၆)

သက်ထက်တို့ခြံကြီးထဲမှာ ကြက်တောင်ရိုက်ကွင်းရှိသည်။

ခြေခင်းလက်ခင်း သာယာသောညနေခင်းများတွင် သက်ထက်တို့မောင်နှမတွေသာမက ဟိုဘက်ခြံမှ နန္ဒာနှင့် စန္ဒာတို့ ညီအစ်မပါလာရောက်ကစားတတ်ကြသည်။

စန္ဒာနှင့်သက်ထက်ကသက်တူရွယ်တူ အတန်းတူဖြစ်သည်။ မမနန္ဒာနှင့် ကိုလေးကရွယ်တူဖြစ်သည်။ ပြီးတော့ ကိုလေးက

www.burmeseclassic.com

www.burmeseclassic.com



မမနန္ဒာကို ကြိုက်နေသည်။ ဒါကိုစန္ဒာလည်းသိသည် သက်ထက်လည်း သိသည်။ မေမေလည်းသိသည်။ ကိုကိုကြီးပင်သိသည်။

သို့သော် မမနန္ဒာကတော့ အေးအေးဆေးဆေးပါပဲ။ ပစ်ပစ်ခါခါလည်း မဆက်ဆံသကဲ့သို့ ရင်းရင်းနှီးနှီးလည်း မနေထိုင်။ ဂရုမြေ မပျက်ဆက်ဆံသည်။ ခင်ခင်မင်မင် ခေါ်ပြောသည်။

" ကိုလေးရေ . . . ဒီညနေ မိုးမရွာဘူး ကြက်တောင်ရိုက်ကြရအောင်"

" ကောင်းသားပဲ၊ ငါလဲပျင်းနေတာ"

" ဒါဆို ပိုက်သွားတန်းလေ"

" နင်စပြောတဲ့ အကြောင်းအရာလေ နင်သွားတန်းပေါ့ "

ထုံးစံအတိုင်း မောင်နှမငြင်းကြခုန်ကြရပြန်သည်။

" ကိုလေးကအကြီးပဲဟာ အကြီးဆိုတာ အငယ်ကို ဦးစားပေးရတယ် "

" နင်ကအငယ်ပဲဟာ အငယ်ဆိုတာ အကြီးကိုဦးစားပေးရတယ် "

" သက်ထက်က မမနန္ဒာကို တယ်လီဖုန်းဆက်ခေါ်ပေးရှာနော်။ ဒါကိုလည်း သတိထားအုံး "

သက်ထက်က သက်ဝေမလှုပ်နိုင်မည့် အတွက်တောင်းကို တိုင်လိုက်သည်။ သက်ဝေပြုံးပြုံးပျာပျာ ဖြစ်သွားသည်။

" အေး ဟုတ်တယ် ဟုတ်တယ် ငါ့ညီမလေး သိပ်လိမ္မာတာပဲ ကိုလေးပဲ ပိုက်သွားတန်းမယ်။ ကိုလေးပဲ ရက်ကတ်တွေ ကြက်တောင်တွေသွားရှာမယ်။ ငါ့ညီမလေး ဘာမှမလုပ်နဲ့ တိုဘတ်အိမ်ကိုသာ ဖုန်းဆက်လိုက်တော့နော် "

ကိုလေး၏ ပျာပျာသလဲအမူအရာကိုကြည့်ပြီး သက်ထက် ရယ်ချင်လွန်းလှ၍ မျက်နှာကိုတစ်ဖက်သို့လွှဲထားလိုက်သည်။ သူကိုယ်တိုင် မမနန္ဒာကို ခင်ပါလျက်နှင့် ကိုလေးကသည်လောက်သည်းသည်း ထူပ်နေသောအခါ အူကတိုချင်သည်။ သဘောမလှူနိုင် တာသည်းမ

www.burmeseclassic.com



ဟုတ်ပဲနှင့် ကိုလေးကို နှမျောတွန့်တိုချင်သည်။

စန္ဒာနှင့် မမနန္ဒာရောက်မလာခင် မောင်နှမ ကွင်းတစ်ဖော် တစ်ချက်တွင် Single ကစားသည်။ သက်ထက်နှင့် သက်ဝေတစ်ပွဲ ကစား၍ ပြီးကာနီးမှာပဲ စန္ဒာရောက်လာသည်။

" မမနန္ဒာရော . . . "

" ခြေထောက်နာနေတယ် မကစားနိုင်တော့ဘူးတဲ့ "

ကိုလေးမျက်နှာ ရှုံ့မဲ့သွားသည်။ ဒီညနေရာသီဥတု မသာယာနိုင်တော့ဘူးတွာဟု ပြောနေသည်။

စန္ဒာတရယ်ရင်းနှင့် . . .

" ကိုလေးထွက်ပေးလေ စန္ဒာနှင့် သက်ထက်ကစားမယ် "

" ဟုတ်တယ် ကိုလေးထွက်ပေး၊ သက်ထက်နှင့်စန္ဒာကစားမယ် "

သက်ထက်တလည်း ထောက်ခံသည်။

" တော်တော်တရားပါလား၊ စောစောကအဖော်မရှိတုန်းက တော့ငါ့ကို အတင်းခေါ်ပြီး အခုစန္ဒာလည်းရောက်လာရော ငါ့ကို နှင်ထုတ်တယ် "

" ကိုလေးပွဲဆက်တွေများနေရင် မောမှာစိုးလို့ပါ "

" ငါလည်း ကစားလို့အရှိန်ရနေတာ ဘယ်ထွက်ချင်ပါ့မလဲ "

" သက်ထက်လည်း ကစားချင်တာပဲ "

" စန္ဒာ့ကို တကူးတကဖုန်းဆက်ခေါ်ထားတာ စန္ဒာလည်း တစားမှာပဲ "

သုံးယောက်သား မူလတန်းကျောင်းသားအရွယ် ကလေးငယ်လေးများပမာ ငြင်းခုန်နေကြသည်။ ဘယ်သူမှ ထွက်မပေးချင်၊ သည်ပြဿနာကို ဘယ်လိုရှင်းရပါ့မလဲဟု စဉ်းစားနေဆဲ ခြံထဲသို့ ပြိုင်ကားနီနီလေး လိမ့်ဝင်လာသည်။

" ဟေး အတော်ပဲ ကိုကိုလာပြီ "

" သက်ထက် ဝမ်းသာအားရ အော်ဟစ်လိုက်ပါသည်။

✿✿✿✿✿

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မြင့်မိုရ် လာလာအိမ်ထဲမဝင်နဲ့ ဒီဘက်ကိုလာခဲ့" သက်ဝေက အကျယ်ကြီးလှမ်းအော်သည်။

" ဘာလဲကွာ "

" ငါတို့နဲ့ ကြက်တောင်လာရိုက်စမ်းပါကွာ။ တစ်ယောက်လိုနေလို့ "

" ရက်ကက်မပါလာဘူးကွ"

" ရက်ကက်များကွာ ငါ့ဆီမှာ ပေါလွန်းလို့"

သက်ဝေက ပြောရုံပဲရှိသေး သက်ထက်ကအိမ်ထဲပြေးဝင်ကာ ရက်ကက်တစ်ချောင်းယူလာခဲ့သည်။ မြင့်မိုရ်ဘယ်လိုမှ ငြင်းမရနိုင်တော့မှန်း ရိပ်မိသည်။

သက်ထက်ထံမှ ရက်ကက်ကိုလှမ်းယူရင်း တစ်ခါမှ မမြင်ဖူးသော ကောင်မလေးတစ်ယောက်ကို အကဲခတ်ကြည့်လိုက်သည်။

သက်ထက်နှင့်ရွယ်တူ ချစ်စရာလေးပါပဲ

မြင့်မိုရ်မျက်ဝန်းအကြည့် စန္ဒာ့ထံရွေ့သွားမှန်းသိသော သက်ထက်က အလိုက်တသိ မိတ်ဆက်ပေးပါသည်။

" ဒါကသက်ထက်သူငယ်ချင်း စန္ဒာ၊ သူကတော့ ကိုယေး သူငယ်ချင်း ကိုမြင့်မိုရ်"

တိုတိုတုတ်တုတ်ပဲပြောလိုက်သည်။

ဒါကိုပင် သူတို့နှစ်ယောက်က လက်ဆွဲနှုတ်ဆက်နေကြသေးသည်။

ကြည့်စမ်းစန္ဒာက ပြုံးနေလိုက်တာ၊ အပေါ်နှုတ်ခမ်းက နားရွက်မှာ တက်ချိတ်တော့မည်။ ကိုကိုကလည်း စန္ဒာ့လက်ကို ဆုပ်ကိုင်ထားလိုက်တာ ကြာလွန်းပါတယ်။

" ကဲကဲ အဖြစ်သဲမနေတော့နဲ့ ကစားတော့မယ် "

ရှင်းရှင်းပဲပြောပစ်လိုက်သည်။ သက်ထက်တတင်ဆောင်ဝန်ဆောင်တွေ ဝါသနာမပါ။ ကြည့်မရလျှင်မရသလို အပြတ်ဖြတ်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



" ဘယ်သူနဲ့ ဘယ်သူတွဲကြမှာလဲ"

" ကိုလေးနဲ့ သက်ထက်တွဲ၊ စန္ဒာနဲ့ ကိုကိုမြင့်မိုရ်တွဲမယ်"

စန္ဒာက သွက်သွက်လက်လက်စီမံသည်။

သက်ထက်သဘောမတူနိုင်ပါ။ ချက်ချင်းပဲ ဆန့်ကျင်ပစ် သည်။

" ကိုလေးနဲ့စန္ဒာနဲ့တွဲ သက်ထက်နဲ့ ကိုကိုနဲ့တွဲမယ်"

" ဘာဖြစ်တာလဲဟာ"

" ငါတို့မောင်နှမတအိမ်ရှင်လေ။ အိမ်ရှင်တွေဆိုတော့ ဧည့်သည်တစ်ယောက်စီနှင့် တစ်ဖက်စီ နေပေးရမျာပေါ့၊ အိမ်ရှင် ဝတ္တရားလေ "

သက်ထက်၏ စကားက အဆင်ပြေနေသည်မို့ ဘယ်သူမှ စောဒကတက်ကြတော့ပါ။

ဖော့ဖော့ဝါးဝါးပဲ ကစားလိုက်ကြသည်။

သည်ပွဲမှာ သက်ထက်တို့ ကောင်းကောင်းကြီး ရှုံးပါသည်။

သုံးပွဲ နှစ်ပွဲနှင့် မသိမသာလေးရှုံးခြင်းမဟုတ်ပဲ နှစ်ပွဲအပြတ်ဖြင့် အပြတ်အသတ်ရှုံးခြင်းပါ။

" ဆောရီးပဲ သက်ထက်ရယ်။ ကိုကိုလက်ပျက်နေတယ် "

" ရပါတယ် ကိုကိုရယ်။ အပျော်ကစားတာပဲဟာ၊ ကိုကိုနဲ့ သက်ထက်တို့က သူ့လက်ကိုယ့်လက်မသိကြသေးတော့ အပေးအယူ မမျှဘူးဖြစ်နေတာ "

မြင့်မိုရ်နှင့် သက်ထက်တို့က သည်ညနေမှာပဲ တွဲကစားဖူး ကြသည်ဆိုတော့ အမှန်ပင်သူ့လက်ကိုယ့်လက် မသိကြသေးပါ။ ကြက် တောင်ကွင်းထဲတွင် တစ်ယောက်ကရှေ့ တစ်ယောက်က နောက် တာဝန်ခွဲယူမှာလား။ ဒါမှ မဟုတ် တစ်ယောက်က ဘယ်ဘက်ခြမ်း တစ်ယောက်က ညာဖက်ခြမ်းတာဝန်ယူမှာလား မသိကြသေးတော့ လပ်ဟာသည်။

ပိုက်နားကပ်သည်အထိ ရှေ့တက်သည့်အခါမျိုးတွင် နှစ် ယောက်ပြိုင်တူ ရှေ့တက်ကြပြီး နောက်ကွင်းဘက် ဆုတ်သည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



မှာလည်း သူရောကိုယ်ပါ အတူတူဆုတ်လိုက်မိကြသည်။

တစ်ဖက်စည်းမှကိုလေးနှင့် စန္ဒာတို့က စိတ်ကြိုက်ကစားနိုင်ကြပြီပေါ့။

ကိုလေးနှင့် စန္ဒာတို့က တွဲနေကြဆိုတော့ သူ့အထာ ကိုယ့်အထာနားလည်သည်။ စန္ဒာကရှေ့ပိုင်းတာဝန်ယူပြီး ကိုလေးက နောက်ပိုင်းတာဝန်ကျေအောင်ယူနိုင်သည်။

ကိုကို ခုတ်ချသော ရိုက်ချက်များကို တစ်ဖက်မှ စန္ဒာက ပိုက်တန်းနားမှ ကပ်ပြီး ပြန်လည်ပင့်တင်နိုင်သကဲ့သို့ သက်ထက်၏ အဝေးလွှဲရိုက်ချက်များကိုလည်း အနောက်စည်းနားမှ ကိုလေးက အေးအေးသက်သာပဲ တုန့်ပြန်နိုင်လေသည်။

ပွဲအပြီးမှာ ကိုလေးက ကိုကို့ကို မခံချင်အောင်ပြောနေသည်။

" သက်ဝေကို လာစမ်းလို့ မရဘူးလေကွာ။ မြင့်မိုရ်မင်းငယ်ဝါသေးတယ်"

"နေနှင့်အုံးပေါ့ကွာ ခုဟာက ကွင်းစိမ်းလူစိမ်းသေးလို့ပါ"

" ဒါဆိုလူလဲမလား၊ ငါတို့မောင်နှမနေမယ် မင်းနဲ့စန္ဒာနေလေအဲဒီလိုပွဲမှာလည်း မင်းတို့ရှုံးမယ်ဆိုရင် မင်းညံ့တာပေါ်ပြီပေါ့ကွ"

မြင့်မိုရ်က ဘာမှပြန်မပြောပဲ ပြုံးနေသည်။

မြင့်မိုရ်က ဘာမှပြန်မပြောသော်လည်း သက်ထက်က ဖျာဖျာသလဲဝင်ပြောသည် "ကိုကိုနဲ့စန္ဒာတွဲရင်လည်း ဘာထူးမှာလဲ သူတို့နှစ်ယောက်ကလည်း ဒီနေ့မှ ဆုံဖူးတာပဲ။ ဘယ်လိုလုပ်ချိတ် ဆက်မိမှာလဲ "

မြင့်မိုရ်က သက်ဝေအကြံဉာဏ်ပေးသကဲ့သို့ စန္ဒာနှင့် လူလဲတွဲဘို့ရာ သဘောတူလိုက်မလို့ပါပဲ၊ သက်ထက်ကြားဖြတ်ဝင်ပြောလိုက်၍ သူမလုပ်ရဲတော့။

သူနှင့်စန္ဒာတို့ တွဲကြမည်ပြုလေတိုင်း တစ်ကြောင်းထုတ်တစ်ကြောင်းအကြောင်းပြကာ ဖျက်ဖျက်ပစ်တတ်သည်မို့ သက်ထက်၏သဘောထားကို မြင့်မိုရ်ရိပ်စားမိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်အချိန်မှာပဲ ဒေါ်သက်သက်လွင်က အိမ်တံခါးဝမှ လှမ်းခေါ်နေသည်။

" အမောပြေ ဘာလီလာသောက်ကြအုံးဟေ့၊ ပြီးမှဆက်တစားကြ"

အန်တီတယ်ပေလို့ မြင့်မိုရ်တကယ်ပဲ အမောပြေရပါသည်။ ကြွက်တောင်ရှိတ်ရတာက ဘယ်လောက်မှ မမောပါ။

သက်ထက်၏ သဘောထားလေးများကို ရိပ်စားနားလည်မိသည်က မောလှပါသည်။

✿✿✿✿✿

## အခန်း(၇)

မြင့်မိုရ်က သူငယ်ချင်းဆိုလျှင် သိပ်ခင်သည်။

သူ့တွင်အစ်မတစ်ယောက်တည်းသာ ရှိပြီး အစ်ကိုတွေ ညီတွေမရှိ၍ သူငယ်ချင်းဆိုလျှင် ညီရင်းအစ်ကိုရင်းလိုပဲ တွယ်တာသည်။

သက်ဝေနှင့် တက္ကသိုလ်ပထမနှစ်ကျမှ စတင်ခင်မင်ရသော်လည်း စိတ်ဓါတ်ချင်းတော်တော်များများ တူညီ၍ ညီရင်းအစ်ကိုလိုပင်ပေါင်းမိသွားသည်။

တက္ကသိုလ်မှာ နေ့တက်တက်ကြသူများမို့ နေ့စဉ်နီးပါးတွေ့နေရသဖြင့် သူ့အိမ်သွား ကိုယ့်အိမ်လာ သိပ်မလုပ်ဖြစ်ကြပါ။ ကျောင်းပြီးမှပဲ ပိုတွဲမိကြသည်။

ဟိုတယ်မှာ သင်တန်းအတူတူတက်ဖြစ်တော့ ပို၍အနေနီးခဲ့ကြသည်။ သက်ဝေနှင့်ခင်မင်ခဲ့ရာမှ ကိုကြီးသက်ပိုင်နှင့်လည်း ခင်မင်ခဲ့ကြသည်။ ခုတော့ညီမလေး သက်ထက်နှင့်ပါ ဆက်စပ်ခင်မင်နေရလေပြီ။

ကိုသက်ပိုင်တို့ သက်ဝေတို့နှင့် တရင်းတနှီးပေါင်းကြသည်ကအကြောင်းမဟုတ်သော်လည်း သက်ထက်နှင့်ကျတော့ တော်တော်လေး

www.burmeseclassic.com

www.burmeseclassic.com



သတိထားရသည်။

သက်ထက်က မောင်နှမသုံးယောက်တွင် ရှားရှားပါးပါး မိန်းကလေးတစ်ယောက်တည်း ဖြစ်နေသည့်အပြင် အငယ်လည်း အငယ်ဆုံးဆိုတော့ ကလေးဆန်လှသည်။

နေရာတကာ သူ့ကိုဦးစားပေးမှ ကြိုက်သည်။

သက်ထက်၏ ရှေ့တွင် စန္ဒာနှင့်လှိုက်လှိုက်လှဲလှဲ မခေါ်ရဲသလို မြင့်မိုရ်၏ပြောစကားထဲ၌ မိန်းကလေးတစ်ယောက်၏ နာမည်ထည့်မပြောရဲပါ။ လွတ်ကနဲပြောမိပါက

အဲဒါဘယ်သူလဲ

ဘယ်ကျောင်းကလဲ

ဘယ်မှာနေတာလဲ

ကိုကိုနဲ့ဘယ်တုန်းကတည်းက သိတာလဲ

ဘယ်အတိုင်းအတာအထိ ရင်းနှီးနေကြတာလဲ။

သည်လိုမေးခွန်းစီးရီးများဖြင့် စိတ်ညစ်လာသည်အထိ စုံစမ်းစစ်ဆေးတတ်လေသည်။

သက်ဝေထံဝင်ထွက်သွားလာနေကြသော တစ်ခြားသူငယ်ချင်းများလည်းရှိသေးပေမယ့် သက်ထက်က သူ့ကိုသာ ပိုမိုသံယောဇဉ်ကြီးမှန်း မြင့်မိုရ်နားလည်သည်။

ခုတစ်လော မြင့်မိုရ်၏မေမေ သိပ်နေမကောင်းဖြစ်နေသည်မို့ ဆေးရှာဝယ်ရသောကိစ္စတွေ၊ မေမေ့ကိုဆေးခန်းလိုက်ပို့ပေးရသော ကိစ္စတွေနှင့်မြင့်မိုရ် အလုပ်ရှုပ်နေသည်။ ခါတိုင်းလိုမျိုး သင်တန်းမခေါင် သက်ဝေအိမ်ကြိုကြိုရောက်နေတက်တာ သင်တန်းပြီးတော့လည်း တိုက်ရိုက် အိမ်ကိုယ်တန်းတန်းမတ်မတ်မပြန်ပဲ သက်ဝေအိမ်လိုက်လိုက်တတ် တာမျိုး မြင့်မိုရ်မလုပ်နိုင်တော့ပေ။

အိမ်ကနေ သင်တန်းကို တိုက်ရိုက်လာပြီး သင်တန်းချိန်ပြီး တော့လည်း အိမ်ကိုသာ တိုက်ရိုက်ပြန်သွားရသည်။ သက်ထက်နှင့်လည်းသိပ်မတွေ့နိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သင်တန်းကိုတော့ မပျက်အောင် ကြိုးစားတက်နေသည်မို့ သက်ဝေနှင့်တော့ အမြဲတွေ့နေရသည်။ သက်ဝေ သယ်ဆောင်လာသော စကားများကို မြင့်မိုရ်နားထောင်နေရသည်။

"ဟော့ကောင် မြင့်မိုရ် မင်းမလာတာကြာလို့တဲ့ သက်ထက်က မေးနေတယ်"

"အေးတွာ မေမေဆေးခန်းကိစ္စနဲ့ ငါလည်း မအားဘူးဖြစ်နေတာ။ သက်ထက်ကို သတိရပါတယ်လို့ပြောလိုက်ပါကွာ"

"စန္ဒာတလည်း မေးနေတယ် ကိုကိုမြင့်မိုရ်မလာဘူးလားတဲ့"

"မကြာခင်လာမယ်လို့ပြောလိုက်ပါကွာ ညနေမိုးမရွာရင် ကြွက်တောင်ချိတ်ကြတာပေါ့"

မြင့်မိုရ်က သာခနဲ့ဝဲပြောလိုက်သည်။

သက်ဝေက ထပ်မံ အတွန့်တက်သည်။

"လာမယ်ဆိုရင်လည်း နေ့ရက်အတိအကျပြောလိုက်ပါကွာ အဲဒီကောင်မလေးနှစ်ယောက်ကမလွယ်ဘူး ကြားထဲက ငါပဲ နားညည်းရမှာ"

"စနေနေ့ ညနေလို့ပြောလိုက်။ တစ်ခုခုတော့ ကျွေးရမယ်နော်"

"ငါတို့အိမ်လာရင် မင်းမစားရပဲပြန်ရတဲ့နေ့ရှိလို့လား အငတ်ကြီးရယ်"

ပြောမနာ ဆိုမနာ သူငယ်ချင်းတွေမို့ သက်ဝေနှိပ်ကွပ်လိုက်သည်။

မြင့်မိုရ်ကလည်း မည်သို့မှ မဖြူပဲ တဟားဟားရယ်နေလေသည်။

✿✿✿✿✿

## အခန်း(၈)

ကိုကိုက စနေနေ့ညနေလာမည်ဟုပြောသည်။

တစ်ခုခုချက်ထားဟုလည်း မှာသွားသေးသည်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီး ကျွမ်းဝင်စိတ်ဖြင့် ပြောသောစကားမှန်း အားလုံးတနားလည်ကြသည်။ မေမေက အချက်အပြုတ်ဝါသနာပါသည်။ တစ်ယောက်ယောက်လာလျှင် တစ်ခုခုကျွေးရမှကျေနပ်သူမို့ ခုလည်းတိုကို ပူဆာမှုနှင့် မေမေ့ဝါသနာ အံကိုက်ပါပဲ။

သည်နေ့ စနေနေ့။ သက်ထက်အိပ်ရာနိုး၍ မျက်စိနှစ်လုံး စဖွင့်လိုက်ကတည်းက လန်းဆန်းတက်ကြွနေမိသည်။

ခါတိုင်းနှယ် အိပ်ရာထဲမှ လူးလိမ့်နှပ်နေပဲ ချက်ချင်းပဲ အိပ်ရာထသည်။သွားတိုက်မျက်နှာသစ် ရေချိုး သနပ်ခါးလိမ်း အဝတ်လဲ ဘုရားရှိခိုးစသည့်အလုပ်များကို မေမေတိုက်တွန်းမှုမပါပဲ စိတ်ပါ လက်ပါ ဆက်တိုက်လုပ်လိုက်သည်။

အားလုံးပြီးစီးတာနဲ့ တံမြက်စည်းကောက်ကိုင်သည်။ သက်ထက်တရန်ကုန်ဟု အမည်နာမပေးထားသော ဧည့်ခန်းကျယ်ကြီးကို ဖုံသုတ်တံမြက်လှည်းသည်။

မိုးပြာရောင် ခန်းဆီးစ,လေးတွေလဲလှယ်တပ်ဆင်သည်။

ဆိုဖာကျောမှီ ဇာပဝါလေးများကိုလည်း မိုးပြာရောင်လေးများပဲလဲလှယ်လိုက်သည်။

"သက်ထက်တစ်ယောက် ခုတလောတယ်လိမ္မာနေပါလား"

ကိုကြီးသက်ပိုင်ကပင်လျှင် သတိပြုမိစွာချီးမွမ်းနေသည်။

သက်ထက်က မြူးစီစီလုပ်နေသော်လည်း သက်ဝေတနောက်တီး နောက်တောက်နေတက်သောသူ့ပုံစံအတိုင်း ညီမငယ်ကိုနောက်ပြောင်သည်။

"နင် ဒါတွေလုပ်နေတာ အိမ်လှဘို့လား။ မြင့်မိုရ်မျက်စိထဲလှဘို့လား"

"ဟာ ဘာတွေလာပြောနေတာလဲ ဟောဒီမှာ မေမေရေ့ ဒီမိန်းဘာသာ သမီးမေမေ့ကို ကူနေတာ ကိုလေးမဟုတ်တန်းတရားတွေလာပြောနေတယ်"

မီးဖိုထဲမှ ဒေါ်သက်သက်လွင်ထွက်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သားငယ်နော် ကိုယ့်ညီမလေးကို ဒီလိုမျိုးမနောက်ရဘူး" သက်ထက်က လူမိသဖြင့်ရှက်ကိုးရှက်ကန်းဖြစ်သွားတာကို ဖုံးဖိရင်း တလှဲစားပြန်ချေသည်။

"အလကား မေမေ ညနေကျရင် မမနန္ဒာလည်းလာမယ်ဆိုလို့ ကိုလေးအူမြူးနေတာ"

"ဟုတ်တယ် ဘာဖြစ်လဲ ငါတို့ကတော့ ဟုတ်ရင်ဟုတ် တယ်ပဲ။ မှန်တာပြောလို့များ ဘယ်တော့မှ စိတ်မဆိုးဘူး"

"ဘယ်စိတ်ဆိုးမလဲ ကိုလေးက ရှက်မှမရှက်တတ်တာ" ကိုလေးကို အနိုင်နှင့်ဝိုင်းပြောပြီး သက်ထက်ရေချိုးခန်းထဲ ပြေးဝင် သွားသည်။ လူတစ်ကိုယ်လုံးချွေးတွေ ဖုံတွေပေနေတာ ရေချိုး သနပ်ခါးလိမ်းရဦးမယ်။

ခဏကြာရင် ကိုကိုရောက်လာတော့မှာ။

ကိုကိုနှင့်တွေ့လျှင် လှချင်နေတာ ဘာကြောင့်များလဲကွယ်။

✿✿✿✿✿

မေမေက အုန်းထမင်းနှင့်ကြက်သားဆီပြန် စပါယ်ရှယ်ချက် ထားသည်။

ပုဇွန်ခြောက်ကြော်နှင့် ချဥ်ပေါင်ရွက်ဟင်းလည်းပါသေးသည်။ သရက်ချဥ်လည်းသုပ်ထားလိုက်သေးသည်။

အနေအထိုင်အေးသော ဖေဖေနှင့်ကိုကိုကြီးက အရင်စားနှင့် ကြပြီး စာအုပ်တစ်အုပ်စီဆွဲကိုင်ကာ ကိုယ့်အခန်းကိုယ်ဝင်သွားကြ လေပြီ။

ကိုလေး၊ သက်ထက်နှင့် ကိုကိုမြင့်မိုရ်သာ အစားမမက်နိုင် သေးပဲ ကစားမက်နေကြသည်။ မမနန္ဒာက ခြေထောက်နှင့်ပျောက် သွားပြီမို့ သူပါကစားမည်ဟုဆိုသည်။

မမနန္ဒာပါလာတော့ ကိုလေးကမမနန္ဒာနှင့်တွဲမည်ဟု ပေါ်ပေါ်

www.burmeseclassic.com



တင်တင်ကျေညာသည်။ သက်ထက်ကလည်း ကိုကိုနှင့်ပဲ တွဲမည်ဟု တစ်ကြွေးထားသည်။

"ဒါဆို ငါက ဘယ်သူနဲ့တွဲရမှာလဲ"

စန္ဒာက ကုန်းအော်တော့သည်။

"ကိုကြီးကို သွားခေါ်လေ . . ."

သက်ထက်ကပြီးစလွယ်ပြောလိုက်သည်။ စန္ဒာက တကယ်ပဲ ကိုကြီးကို သွားခေါ်သည်။နင်တို့ကလေးတွေကြားထဲ မပါချင်ပါဘူးဟာ။ ငါ့ဟာ ငါအေးအေးဆေးဆေး စာဖတ်ပါရစေဟု ကိုကြီးကပြောလွှတ်လိုက်သည်။

ဒီပြဿနာက ဒီဘက်လှည့်လာတော့မည်မှန်း သက်ထက် ကြိုတင်သိပြီးဖြို့မို့ ထွင်သည်။

"စန္ဒာ နင်ခုနကပြောတော့ ခြေထောက်နည်းနည်း နာနေတယ်ဆို။ ဒီညနေ နင်မကစားပဲ နားနေလိုက်ပါလား"

"ငါ ဘယ်တုန်းကမှ ခြေထောက်မနာဘူး သက်ထက်။ နင်သာ စောစောပိုင်းက အန်တီ ငရုတ်သီးဆီသပ်တာ အညှော်မိပြီး ခေါင်းတိုက် နေတယ်ဆို။ ဒီပွဲမှာ နင်မပါပဲ အေးအေးဆေးဆေးသွား အိပ်နေလေ။"

"အံမယ် ငါခေါင်းလုံးဝ မကိုက်ပါဘူးနော် မီးဖိုထဲမဝင်ချင် တော့လို့ ညာပြောတာ .. ငါဘာမှမဖြစ်ဘူး"

စန္ဒာနှင့် သက်ထက်တို့ စကားနိုင်လုနေကြသည်။

သူတို့နှစ်ယောက်မှာ တစ်ယောက်က ဘေးထွက်ထိုင်နေမှ ကျန်လူက မြင့်မိုရ်နှင့်တွဲရမည်မို့ ဂျောက်တွန်းနေကြခြင်းဖြစ်သည်။

သက်ဝေလည်း ဘာမှမဆုံးဖြတ်တတ်သလို မြင့်မိုရ်လည်း ဘာမှမပြောတတ်တော့ပါ။

မမနန္ဒာကသည်ကိစ္စ အဖြေရှာပေးသည်။

"နင်တို့နှစ်ယောက် ခေါင်းပန်းလှန်ကြပါလား"

"ဟုတ်တယ် အဲဒါကောင်းတယ်"

ခေါင်းပန်းလှန်ဘို့အရေး အိမ်ထဲပြေးဝင်ကာ အကြွေစေ့တစ်စေ့ ရှာလာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



စန္ဒာက ပန်းယူမယ်ဟု စ,ပြောတော့ သက်ထက်က ခေါင်းယူရန်ကျေနပ်လိုက်သည်။

သက်ဝေက ကျပ်စေ့ကို လေထဲမြှောက်တင်ရန် ဟန်ပြင်ဆဲ သက်ထက်က သက်ဝေ၏လက်ကို ဆွဲထားလိုက်သည်။

"ဟ . . . ဘာလုပ်တာလဲ"

"ကိုလေး မမြှောက်နဲ့ ကိုလေးက မမနန္ဒာမျက်နှာနဲ့ စန္ဒာဘတ်တ မျက်နှာလိုက်မှာ သက်ထက်ပဲ မြှောက်မယ်"

ကျပ်စေ့လေးက သက်ထက်၏လက်ထဲသို့ ရောက်လာပြန်သည်။ သည်အချိန်တွင်နန္ဒာက ပြောလိုက်သည်။

"တာသတ်ရှင်တွေ မမြှောက်နဲ့လေ။ ကိုမြင့်မိုရ်လာမြှောက်စေပါလား"

ဖြူသနန္ဒာက မြင့်မိုရ်၏ခေါင်းတည့်တည့်ပေါ် ကျရောက်သွားတော့သည်။ မလုပ်ဖဲ လွှဲရှောင်လျှင်လည်း အပြစ်တင်ခံရဦးမှာ သေချာနေသဖြင့် သက်ထက်၏ လက်တွင်းမှ ကျပ်စေ့လေးကို မြင့်မိုရ် လက်ပြောင်းယူလိုက်သည်။ ပြီးတော့ ကျပ်စေ့လေးကို မိုးပေါ် မြှောက်တင်ပစ်လိုက်သည်။

ကျပ်စေ့ဝိုင်းလေးသည် လေထဲသို့ တလွင့်လွင့် မြင့်တက်သွားပြီး မြေပြင်ပေါ်သို့ တရွေ့ရွေ့ပြန်ကျလာသည်။ မြေပြင်နှင့် အထိတွင် ချက်ချင်းလဲကျမသွားသေးပဲ မျဉ်းကွေးအတိုင်းလျှောက်ပြေးနေသည်။ အရှိန်ကုန်သွားမှ လဲကျသွားသည်။

အားလုံးပြေးကြည့်ကြသည်။

"ဟေး . . . ပန်းကျတယ်ကွ" စန္ဒာဝမ်းသာအားရ ထအော်လေသည်။

✿✿✿✿✿

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

ဒီည မြင့်မိုရ် တော်တော်နှင့်အိပ်မပျော်။

ခါတိုင်းဆိုလျှင်ဖြင့် စာအုပ်ဖတ်ရင်းနှင့်လည်း စာအုပ် လက်မှ လွတ်ကျကာ အိပ်ပျော်တတ်သူ၊ ရုပ်မြင်သံကြားဇာတ်လမ်းကြည့်ရင်းနှင့်လည်း တီဗွီကြီးဖွင့်လျက်သားနှင့် အိပ်ပျော်တတ်သောသူ၊ သို့မဟုတ်ပါကလည်း စီဒီချပ်ဖွင့်ရင်းဖြစ်စေ Walkman နားထောင်ရင်းနှင့်ဖြစ်စေ သီချင်းတွေမဆုံးခင်အိပ်ပျော်သွားတတ်သူက ဒီညကျမှ မျက်စိကြောင်နေသဖြင့် ကိုယ့်ကိုကိုယ်အံ့ဩရသည်။

ဘာဖြစ်လို့ အိပ်မပျော်ရတာလဲ။

အိပ်မပျော်ရုံသက်သက်သာမဟုတ်ပဲ ညနေက သက်ထက်နှင့် ပြောခဲ့ဆိုခဲ့ရယ်မောနောက်ပြောင်ခဲ့သည်များကိုပါ ပရိုဂျက်တာနှင့် ထိုးပြသလို မျက်ဝန်းထဲတွင် ဘာကြောင့် အရိပ်ထင်နေရတာလဲ။ ကိုယ့်ကိုကိုယ် မေးခွန်းထုတ်ရင်း ကိုယ်ထုတ်သောမေးခွန်းကို ကိုယ့်ဟာကိုယ်ပြန်မဖြေတတ်ပါ။

သေချာတာ တစ်ခုကတော့ တွေးလက်စအတွေးများကို ရပ်မပစ်ချင်ပဲ ဆက်၍ ဆက်၍သာ တွေးချင်နေမိခြင်းပင်။

ကျပ်စေ့လေးတစ်စေ့ကို လေထဲမြှောက်ရင်းခေါင်းဝန်းလှန်သည်။

ပန်းဘက်ကကျသည်မို့ စန္ဒာနိုင်သွားသည်။

သည်တော့ သက်ထက်ထွက်ရပြီး စန္ဒာနှင့်မြင့်မိုရ်တွဲရသည်။

သက်ဝေနှင့်နန္ဒာက နှစ်ယောက်တွဲလျက် တစ်ဘက်မှနေကာ မြင့်မိုရ်နှင့်စန္ဒာက နှစ်ယောက်တွဲလျက် တစ်ဘက်မှနေကြသည်။ သက်ထက်က ဒိုင်လူကြီးလုပ်ကာ အမှတ်ရပေးရသည်။

ပထမပွဲမှာတော့သက်ထက် ဟုတ္တိပတ္တိအမှတ်ရေပေးသည်။

နောက်ပွဲများမှာကျတော့ ဘာမဆို ဘာမပြော ဒိုင်လူကြီး ခုံမြင့်မှဆင်းပြီး ကိုယ်ယောင်ဖျောက်သွားသည်။ အိပ်ယပြန်ဝင်ပြီးမီးခို

www.burmeseclassic.com

www.burmeseclassic.com



ချောင်ထဲမှာ သွားကူညီနေသည်ဟုပဲ အားလုံးကတင်လိုက်ကြပြီး ကိုယ့်ဟာကိုယ်တွေပဲ အမှတ်တွေဆက်ရေနေလိုက်သည်။

ပွဲပြီး၍ စားကြမည်သောက်ကြမည်ပြုသောအခါ သက်ထက်ကို ရှာမတွေ့ကြတော့လေ။

သက်ဝေနှင့် ဒေါ်သက်သက်လွင်က အိမ်ပေါ်တက်သွားရှာသည်။

စန္ဒာနှင့်နန္ဒာက သက်ထက်၏ နာမည်ကို တကြော်ကြော်ခေါ်တာ အိမ်အောက်ထပ်အခန်းများမှာရှာသည်။ မြင့်မိုရ်က ခြံထဲမှာ ဝတ်ရှာသည်။ ဘယ်မှာမှ ရှာမတွေ့ကြပေ။

နောက်တော့မှ ဒေါ်သက်သက်လွင် ကူဖော်လောင်ဘက်ခေါ်ထားသော ဒေါ်တိုးက မြင့်မိုရ်ကို တိုးတိုးလေးပြောသည်။ ခြံထိပ်က အုတ်ခုံမှာ သက်ထက်တစ်ယောက်တည်းထွက်ထိုင်နေသည်တဲ့။

မြင့်မိုရ် ခြံထိပ်အုတ်ခုံလေးဆီသို့ အပြေးအလွှားသွားရသည်။

သက်ထက်က မြင့်မိုရ်အနားရောက်လာသည်ကို သိလျက်နှင့် မသိသလိုနေမြဲ အတိုင်းနေသည်။

"သက်ထက် ဘာထိုင်လုပ်နေတာလဲ"

"စိတ်ကောက်နေတာလား"

"လာလေ ထမင်းစားကြမယ် အားလုံးက သက်ထက်ကို စောင့်နေကြတာ"

မြင့်မိုရ်ပြောသမျှ စကားကိုတစ်လုံးမှ မကြားဟန်ငြိမ်နေသည်။

"လာပါ သက်ထက်ရယ်။ ထမင်းစားပြီးရင် ကိုကိုနဲ့ သက်ထက် နှစ်ယောက်တည်း ကြက်တောင်ရိုက်ကြမယ်နော်။ ဘယ်သူမှ မပါစေဘူးနော်"

မြင့်မိုရ်အမျိုးမျိုးချော့သည်။

"စိတ်မဆိုးပါနဲ့သက်ထက်ရယ် ကျပ်စေ့တစ် စေ့ကိုမြောက်တင်လိုက်ရင် မြေပြင်ပေါ်ကျတဲ့အခါ သူ့ဟာသူချင်းဘက်ကိုကျမှာပေါ့ကွာ။ ကိုကိုလည်းဘာတတ်နိုင်မှာလဲ"

သည်စကားရောက်တော့ သက်ထက် လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"တတ်နိုင်ရမှာပေါ့ စန္ဒာကပန်းယူတယ်။ သက်ထက်က ခေါင်းဆူတယ်။ တကယ်ဆို ကိုကိုနဲ့ သက်ထက်ကပိုရင်းတဲ့ဟာ ခေါင်းကျအောင်မြှောက်ရမှာပေါ့"

"ဟ . . . ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ သက်ထက်ရယ်"

"ရိုမှုကွန်ထရိုးနဲ့ထိန်းပေါ့"

"ရှိမယ်ဆိုရင် ထိန်းချင်ပါတယ် သက်ထက်ရယ်၊ ခုရှိမှမရှိ တာ"

"ကိုကိုသာ သက်ထက်ကို စေတနာရှိမယ် ဦးစားပေးမယ်ဆိုရင် တပည့်တော်မြှောက်တင်လိုက်သော ကျပ်စေ့ကလေးသည် မြေပြင်ပေါ်ကျသောအခါ တပည့်တော်ခင်မင်တွယ်တာရပါသော ညီမလေးသက်ထက် ယူထားသောခေါင်းဘက်သို့သာ ပြန်ကျပါစေ သားလို့ဆုတောင်းရင် ခေါင်းကျမှာပေါ့"

သက်ထက်က နှုတ်ခမ်းချွန်ချွန်လေးဖြင့် ခပ်စွာစွာလေးပြောလေသည်။

မြင့်မိုရ် ဘာဆိုဘာမှမပြောနိုင်တော့ပါ။

သက်ထက်ရယ် မင်းလေးရဲ့အပြုအမူတွေ အပြောအဆိုတွေဟာ ချစ်စရာကောင်းလိုက်တာ ကြာရင်ခက်တော့မှာပဲတု ရင်ထဲမှာတွေးနေမိပြီး မရည်ရွယ်ပါပဲလျက် သက်ထက်၏ လက်တလေးကို ဆွဲယူဆုပ်ကိုင်ထားမိတော့သည်။

"တဲ . . လာလာ။ ခုကိုကိုတို့ ထမင်းအတူတူသွားစားကြမယ်နော်။ ပြီးရင် သက်ထက်နဲ့ကိုကို နှစ်ယောက်တည်း ပြန်ကစားကြမယ်နော် . . ."

"ဟင့်အင်း ဟင့်အင်း ဒီနေ့ သက်ထက်လုံးဝ မကစားတော့ဘူး။ သူများနဲ့ဦးဦးဖျားဖျားတွဲထားတဲ့ ကိုကိုနဲ့လည်း သက်ထက်ပြန်မတွဲဘူး။ သက်ထက်နေ့တစ်နေ့ကို ထပ်စောင့်မယ်။ အဲဒီတစ်နေ့ကျမှကိုကိုနဲ့တွဲမယ်"

ရှင်းရှင်းလင်းလင်းပြတ်ပြတ်သားသားပြောလိုက်သည်။ ပြော၍ခုမှပဲ ဖြဲထဲပြန်ဝင်ခဲ့ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထဲတွင် တလူးလူးတလိမ့်လိမ့်နှင့် တွေးနေမိသော မြင့်မိုရ်သည် ညနေကသက်ထက်ပြောခဲ့သမျှ ပြုခဲ့သမျှ စကားသံနှင့် ရုပ်သွင်မှုရာကိုပါ ပြန်လည်ကြားယောင် မြင်ယောင်ရင်း တစ်ယောက်တည်းပင် ပြုံးနေမိတော့သည်။

✿ ✿ ✿ ✿ ✿

## အခန်း (၁၀)

ဒီည သက်ထက် ဘယ်လိုမှ အိပ်လို့မရပါ။

ခါတိုင်းဆိုလျှင်ဖြင့် တစ်နေ့ကုန် စားချင်တာစား၊ လုပ်ချင်တာလုပ်၊ လျှပ်ရှားခုန်ပေါက်နေသူမို့ အိပ်မပျော်သောညဆိုတာ သက်ထက်တစ်ခါမှ မကြုံဖူးပါ။

တတယ်ဆို မေမေ့လက်ရာ အုန်းထမင်းနှင့်ကြက်သားဟင်းသည် အလွန်တရာမှ အရသာရှိလှသဖြင့်ထမင်းဝိုင်းရှိလူများအားလုံး နှစ်ပန်းတန်ထက် မနည်းအောင် စားခဲ့ကြတာပါပဲ။

အဆီ အဆိမ့်၏ စွမ်းအားနှင့်မျက်လုံးများလေးလံ ထိုင်းမှိုင်းပြီး အရမ်းကိုအိပ်လို့ကောင်းသင့်တာပါပဲ။ ခုတော့ သက်ထက်ဘယ်လိုမှ အိပ်မရပါ။

အိပ်မရသည့်အပြင် စိတ်တို့ကိုလည်း ချုပ်ထိန်းလို့မရပါ။

စိတ်တို့က ညနေကအဖြစ်ကလေးများကိုသာ ပြန်လည် တသသတိရမိနေသည်။

သက်ထက် ကိုကိုနှင့်မတွဲရပဲ ကိုကိုက စန္ဒာနှင့်တွဲလိုက်ရသဖြင့် သက်ထက်စိတ်ကောက်ခဲ့သည်။

ပျော်ပျော်ပါးပါးကြက်တောင်ရိုက်နေကြသော သူတို့လေးယောက်ကိုကြည့်ရင်း ကြည့်ရင်းမကြည့်ချင်တော့သဖြင့် ဘယ်သူမှ မမြင်နိုင်အောင် ခြံထိပ်အုတ်ခုံလေးမှာ ထွက်ထိုင်သည်။ သို့နှင့်သော်မှ ကိုကို

www.burmeseclassic.com



တွေအောင်လိုက်ရှာနိုင်ခဲ့သည်။ ကိုကိုအမျိုးမျိုး ချော့ခေါ်၍ ခြံထဲပြန်ဝင်ခဲ့သည်။

မကောင်းတတ်သဖြင့် အားလုံးနှင့်အတူတူ ထမင်းဝင်စားခဲ့ရသည်။

ထမင်းစားပြီးတော့ မေမေက အအိပ်ပျော်အောင်ဆိုပြီး ဆားငံသီးဖျော်ရည်တိုက်သည်။

ဗိုက်လည်းတင်းနေကြပြီးမောလည်းမောသွားကြသဖြင့် ဘယ်သူမှ ကြက်တောင်ထပ်မရိုက်ဖြစ်တော့ပဲ ဧည့်ခန်းထဲမှာပင် ကာရာအိုကေသီချင်းတွေဝိုင်းအော်ဟစ်နေကြသည်။

သက်ထက်က နားညည်းလာသဖြင့် ဖျော်ရည်ခွက်ကို လက်မှကိုင်ရင်းခြံထဲဆင်းခဲ့သည်။ ခြံထဲက ဒန်းပေါ်မှာတစ်ယောက်တည်းထိုင်ပြီး ဒါန်းစီးနေလိုက်သည်။

ဘယ်လောက်မှ မကြာခင်မှာပဲ ကိုကိုလိုက်လာသည်။

ရင်ထဲမှာ အေးကနဲနေအောင် ကျေနပ်ကြည်နူးသွားပါလျက်နှင့် မျက်နှာထားကို ခပ်တည်တည်ခပ်တင်းတင်းပဲ မော့ထားလိုက် သည်။

ကိုကို နဘေးမှာ အသာလေးဝင်ထိုင်လိုက်သည်။

သက်ထက်ဘာမှမပြောသဖြင့် ကိုကိုလည်းဘာစကားမှမပြော။

သက်ထက်မျက်နှာညိုးနေလျှင် တစ်ခွန်းမဟုတ်တစ်ခွန်းဖွာ ဖြဲချော့မော့နှစ်သိမ့်တက်သောကိုကိုက ခုတော့ ဘာစကားမှမပြောပဲ ငြိမ်သက်နေသည်။ ကိုကိုငြိမ်သက်လွန်းမက ငြိမ်သက်နေသဖြင့် သက်ထက်လှည့်ကြည့်လိုက်မိသည်။

ကိုကို့မျက်နှာက အကြီးအကျယ်ရှုံ့မဲ့နေသည်။ ဝေဒနာတစ်ခုကို မချိမဆန့် ခံစားနေရသည့်ပမာ မျက်နှာပျက်နေသည်။

"ကိုကို ဘာဖြစ်တာလဲ"

သက်ထက်ပျာပျာသလဲ မေးလိုက်သည်။

မြင့်မိုရ်က ပြန်မဖြေပဲ ရှုံ့မဲ့နေသည်။

"ကိုကို ကိုကို ဘာဖြစ်တာလဲလို့ဆိုနေ"

www.burmeseclassic.com

www.burmeseclassic.com



သက်ထက်အသံက ငိုသံများပင်ပါလာသည်။

"ဘိုက်အောင့်လို့"

"ဘာဖြစ်လို့ ဘိုက်အောင့်တာလဲ၊ ငရုပ်သီးကြော်တွေထည့်စားတာများသွားလို့လား"

"မဟုတ်ဘူး အစာအဆိပ်တက်ပြီထင်တယ်"

"တာ . . . ဘယ်လိုဖြစ်တာလဲ" ထိုင်နေရာမှပင် သက်ထက်ခုန်ထလိုက်မိသည်။

"ပြောပါအုံး ကိုကိုရဲ့၊ ဘယ်လိုအစာအဆိပ်တက်တာလဲ" သက်ထက်တစိတ်ပူလွန်းသဖြင့် မြင့်မိုရ်၏လက်များကို ကိုင်ဆုပ်တားရင်းမေးလိုက်သည်။

"ဒီမနက်ခင်း ကိုကိုကြောင်လျှာသီးသုပ်စားလာတယ်၊ ဒီရောက်တော့ကြက်သားစားတယ်၊ ကြောင်လျှာသီးနဲ့ ကြက်သားက လုံးဝမတည့်ဘူး၊ ကိုကိုတော့သွားပြီ"

မြင့်မိုရ်က ဝမ်းဗိုက်နေရာကို လက်ဖြင့်နှိပ်ထားရင်းပြောပြသည်။

"လာ . . . လာကိုကို အိမ်ထဲမြန်မြန်ပြန်ဝင်မယ်၊ ဆေးခန်းသွားမယ်၊ ဟိုကိုကိုဘယ်သွားနိုင်မှာလဲ ဆရာဝန်ဖုန်းဆက်ခေါ်ပေးမယ်၊ သက်ထက်ကိုလေးကို ခေါ်လိုက်အုံးမယ် ထနိုင်ရဲ့လား၊ဖြည်းဖြည်းဖြည်းဖြည်းထ .. ကိုလေးရေ"

သက်ထက်တစ်ယောက်တည်းပြောင်းဆန်နေတော့သည်၊ ကိုလေးရေဟု လှမ်းခေါ်လိုက်သောအခါ မြင့်မိုရ်က သက်ထက်၏ပါးစပ်ကို လက်ဝါးဖြင့် လှမ်းပိတ်သည်။

"မခေါ်နဲ့ သက်ထက်ရတယ်"

"ဘယ်ရမှာလဲ . . . ဆရာဝန်ပြမှဖြစ်မှာပေါ့ သက်ထက်ဘာမှမလုပ်တတ်ဘူး"

"မခေါ်နဲ့ဆို . . . ကိုကိုအောင့်ခံမယ်"

"ကိုကို သေသွားမှာပေါ့"

"သက်ထက်က ကိုကိုသေမှာစိုးလို့လား"

www.burmeseclassic.com

www.burmeseclassic.com



စောစောပိုင်းက ရှုံ့မဲ့နေသောမြင့်မိုရ် မျက်နှာက ပြုံးပြုံးရွှင်ရွှင်ဖြစ်လာသည်။မျက်ဝန်းအစုံမှ ရွှန်းလဲ့သော ရောင်စဉ်တန်းများနှင့် သက်ထက်တို စူးစူးစိုက်စိုက်ကြည့်နေသည်။

"သက်ထက်က ဘာဖြစ်လို့ ကိုကိုသေမှာစိုးတာလဲဟင်"

စိတ်တွေအရမ်းပူလောင်နေသော အချိန်မို့ သက်ထက်ဘာကိုမှစဉ်းစားမနေနိုင်တော့ပါ။စကားလုံးများလည်း မရွေးချယ်နိုင်တော့ပါ။ ရင်ထဲမှာရှိသည့်အတိုင်းပြောလိုက်သည်။

"ချစ်လို့ပေါ့။ ကိုကို့ကိုသက်ထက်ချစ်တော့ ကိုကိုသေမှာစိုးရိမ်တာပေါ့"

"မစိုးရိမ်ပါနဲ့ သက်ထက်ရယ်၊ ကိုကိုကြောင်လျှာသီးသုပ်စားလာခဲ့တာ အိပ်မက်ထဲမှာ။ ကိုကိုဘာမှမဖြစ်ဘူး၊ သက်ထက်ကိုပျော်အောင်စ,တာ"

သက်ထက်ခုမှ တကယ်စိတ်တိုပြီး မြင့်မိုရ်ကို စိတ်ရှိလတ်ရှိထုပစ်လိုက်သည်။

မြင့်မိုရ်ကအနာခံ အထုခံနေရင်း အားပါးတရရယ်မောနေလေသည်။ ညနေက အကြောင်းလေးများကို သတ်ထက်ပြန်လည်သတိရနေရင်း အိပ်ရာတွင်းမှာပင် တစ်ယောက်တည်းပြုံးနေမိသည်။

ဟင်း ဒါနောက်စရာလား။ ခုတော့ ငါ့ရင်ထဲက အလှအပလေးတွေ ကိုကိုသိသွားပြီး ရှက်လိုက်တာဟယ်။ ဘယ့်နှယ့်လုပ်ပါ့။

စောင်ကို မျက်နှာဖုံးသွားသည်အထိ ခေါင်းမြီးခြုံပစ်လိုက်တော့သည်။

✿✿✿✿✿

## အခန်း (၁၁)

စန္ဒာအဖော်ခေါ်၍ ANGEL CITY အလှပြင်ဆိုင်ရှေ့သို့ သက်ထက်လိုက်ခဲ့သည်။ စန္ဒာနှင့်သက်ထက်အလှည့်ကျသေးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်စောင့်နေကြရသည်။

မှန်မှတစ်ဆင့် မြင်နေရသော အလှပြင်ခုံမြင့်ထက်မှ ကောင်မလေးများ၏ မျက်နှာများကို သက်ထက်လိုက်ကြည့်နေလိုက်သည်။ တစ်ချို့ကဖြူဖြူ၊ တစ်ချို့ကညိုညို၊ တစ်ချို့ကဝါဝါ . . .

အချို့သောမျက်နှာက သွယ်သွယ် အချို့ကဝိုင်းဝိုင်း အချို့ကျတော့လေးထောင့်စပ်စပ်၊ တစ်ချို့က နောက်ဖက်ဆံပင်များကို ညှပ်နေကြပြီး တစ်ချို့ကျတော့ရှေ့ဆံပင်များသာဖြတ်ပြီး အတွန့်တွန့် အလိပ်လိပ်အဖွာဖွာဖြစ်အောင် ပြင်ဆင်ကြသည်။

သက်ထက်ထိုင်နေသောနေရာနှင့် မျက်စောင်းထိုးခုံထက်မှ အန်တီတစ်ယောက်ကတော့ ဆံပင်ကောက်နေဟန်တူသည်။ ဆံပင်အလှပြင်သူမိန်းကလေးငယ်က ထိုအန်တီ၏ ဆံပင်လေးများကို အနည်းငယ်ဆွဲကာ ကောက်ဆေးသုတ်လိမ်းပေးသည်။ ပြီးတော့ ရှိလာခေါ်ဒူးချွန်လိပ်တလေးများဖြင့် စိတ်ရှည်လက်ရှည် လိပ်တင်ရစ်ပတ်ပေးပြီး တလစ်ဖြင့် ညှပ်ညှပ်ထားသည်။

တိုတစ်လိပ်သည်တစ်လိပ်ဖြင့် အလိပ်လိပ် အခွေခွေဖြစ်နေသော အန်တီ၏ခေါင်းကအချောသပ်မပြီးစီးခင်မှာပင် ကြည့်၍ တောင်းနေသည်။

ထိုအန်တီ၏နဘေးခုံထက်မှ မမတစ်ယောက်ကတော့ ဆံပင်ဖြောင့်နေခြင်းဖြစ်သည်။သူမကို တာဝန်ယူပြင်ဆင်ပေးနေသည့် မိန်းကလေးက လက်တစ်ဖက်ကဆံစ အနည်းငယ်ကို ထုတ်ယူကိုင်ကာ နောက်လက်တစ်ဖက်ဖြင့် ဖလက်ပြားနှင့် အပူချောင်းဆွဲပေးနေသည်။

"နောက်တစ်ယောက် ဘယ်သူလဲ"

အစွန်းဆုံးခုံမြင့်မှ ဆံပင်ညှပ်သည့် ချာတိတ်မလေး အလှညှိပြီးစီးသွားပြီမို့ ခုံနေရာလွတ်သွားသည်။

"သက်ထက် နင်က ဆံပင်ညှပ်ရုံ ညှပ်မှာဆိုတော့ မြန်လိမ့်မယ်၊ ငါကခေါင်းပါလျှော်မှာ နင်အရင်သွားလိုက်လေ . . စန္ဒာက သက်ထက်ကို ဦးစားပေးရှေ့ပို့သည်။ သက်ထက်ထိုင်ရာမှထပြီး ဆံပင်

www.burmeseclassic.com

www.burmeseclassic.com



ညှပ်သည့် ခုံမြင့်ပေါ်တက်ထိုင်လိုက်သည်။

သူ့ကို တာဝန်ယူညှပ်ပေးမည့် အမျိုးသမီးက သက်ထက်၏ လည်ပင်းတွင်ဖဲအဝတ်စလေးပက်ပေးလိုက်သည်။ သက်ထက်၏ ဆံပင် ပျော့ပျော့နွဲ့နွဲ့လေးများကို အသာအယာကိုင်ကြည့်သည်။

"ဘာပုံညှပ်မလဲ။ စဉ်းစားမရရင် ဟိုမှာ ပုံစံတွေအမျိုးမျိုးရှိတယ်။"

သက်ထက်ဘယ်လိုပြန်ပြောရမှန်းမသိပေ။ မှန်ထဲတွင်ပြန်မြင်နေရသည့် ကိုယ့်မျက်နှာကို ကိုယ့်ဟာကိုယ်ငေးကြည့်နေမိရင်းမှာဝင် ကိုကို့စကားသံတစ်ချို့က သက်ထက်၏နားထဲသို့ ဘယ်လို ဘယ်လိုဝင်လာမှန်းမသိပေ။ အလိုလို ကြားယောင်လာမိသည်။

"သက်ထက်မျက်နှာလေးက သွယ်သွယ်လေးရယ်။ဆံပင်ကို ဒီထက်ပိုပြီးရှည်အောင် ထားလိုက်ရင် သိပ်လှမှာပဲ. . ."

ဘာကိုမှ ဂရုမစိုက်နိုင်တော့ပဲ လည်ပင်းမှဖဲစကြိုးကို ဆွဲဖြုတ်ပစ်လိုက်သည်။ ခုံထက်မှ အလျှင်အမြန်ဆင်းပြေးလိုက်သည်။

"ဆောရီးပဲ အစ်မရယ် သက်ထက်ဆံပင်မညှပ်ချင်တော့ဘူး။ ဒါပေမယ့် သက်ထက်ဘက်က ဖောက်ဖျက်တဲ့အတွက် ဆံပင်ညှပ်ခ တော့ယူလိုက်ပါနော် . . ."

ယဉ်ယဉ်ကျေးကျေးလေးပြောလိုက်သည်။

စန္ဒာက နားမလည်နိုင်သော မျက်နှာဖြင့် သက်ထက်ကို မြူးကြောင်ကြောင်ကြည့်နေသည်။

"ကိုကိုက ငါ့ကို ဆံပင်အရှည်ထားခိုင်းတယ်"

လေးလေးနက်နက်ပြောလိုက်သော သက်ထက်ကိုကြည့်ပြီး စန္ဒာ ဘာမှ မပြောချင်တော့။

ကိုမြင့်မိုရ်၏ စကားဆိုလျှင် သက်ထက်တို့ တစ်သွေမသိမ်း နားထောင်လိုက်နာတက်တာ စန္ဒာကောင်းကောင်း သိနေသည်ပဲ။ သက်ထက်ဆံပင်မညှပ်ချင်လည်း ရှိပါစေတော့။

စန္ဒာတစ်ယောက်တည်းပဲ ဆံပင်ညှပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စန္ဒာတစ်ယောက်တည်းပဲ ခေါင်းလျှော်သည်။
စန္ဒာတစ်ယောက်တည်းပဲ အပူချောင်းဆွဲသည်။

✿✿✿✿✿

## အခန်း (၁၂)

သက်ထက်က ဆိတ်ငြိမ်ရပ်ကွက်တွင် ခြံနှင့်ဝင်းနှင့်နေလာသူမို့ တစ်ခါတစ်လေမြို့လယ်ဘက်သို့လာရသောအခါ ပျော်သည်။

လူများများ တားရှုပ်ရှုပ်မို့ နည်းနည်းတော့မျက်စိရှုပ်ရသော်လည်း မြို့ထဲမှာတ စတိုးဆိုင်တွေ မိနီမားကက်၊ စူပါမားကက်၊ အလှမြင်ဆိုင်စားသောက်ဆိုင်တွေ ပေါများလှသည်မို့ လမ်းဘေးတစ်ဘက်တစ်ချက် တိုကြည့်ဒီကြည့် ကြည့်ရတာ စိတ်ဝင်စားဘို့ကောင်းသည်။

"သက်ထက် မြန်မြန်လျှောက်ဟာ သိပ်ငေးတာပဲ"

သက်ထက်၏ သူငယ်ချင်းဇူလိုင်က ပြောနေသည်။

သက်ထက်က အင်းမလုပ် အဲမလုပ်နှင့် လမ်းနဘေးကို ငေးမြဲငေးသည်။

"ဟဲ့ သက်ထက် နင်ရန်ကုန်မှာ မွေးတာပါပဲနော်။ ဒီရှုခင်းတွေ မမြင်ဖူးဘူးလား နင့်ပုံစံက တောသူမမြို့တက်လာတာကျနေတာပဲ"

"မြင်တော့ မြင်ဖူးတာပေါ့ဟာ။ ဒါပေမယ့်ဖေဖေ့ကားပေါ်က နေရိပ်ကနဲ ရိပ်ကနဲမြင်လိုက်ရတာ ခုလိုမျိုးတစ်ခါမှ အေးအေး ဆေးဆေးမကြည့်ဖူးဘူး"

"နောက်နေ့ နောက်နေ့တွေမှာလဲ ဒီလမ်းအတိုင်းပဲ ပြန်ရမှာပါ နင်စိတ်တိုင်းကျ ကြည့်လို့ရပါတယ်။ နင်ငါ့အိမ်မှာ ညနေအထိ နေမှာ မဟုတ်လား။"

"အေး ညနေရုံးဆင်းချိန်လောက်ကျမှ ကိုကြီးဝင်ခေါ် လိမ့်မယ်။"

www.burmeseclassic.com

www.burmeseclassic.com



သက်ထက်က သူငယ်ချင်းတစ်ဦးဖြစ်သူ ဇူလိုင်နှင့် ကွန်ပျူတာသင်တန်းတက်နေခြင်းဖြစ်သည်။ သင်တန်းကနေ့လည်တစ်နာရီမှ သုံးနာရီအထိမို့ သူ့ကိုဘယ်သူကမှ တကူတကလာမခေါ်နိုင်ကြပေ။ ဗဟိုစည်အိမ်ရာတွင် ကုမ္ပဏီဖွင့်ထားသော ကိုကြီးရုံးဆင်းချိန်ကျမှ ဇူလိုင့်အိမ်ကို လှည့်ဝင်ကြိုမှာဖြစ်သည်။

စန္ဒာ့ကို ကွန်ပျူတာသင်တန်းအတူတူတက်ကြရန် အဖော်ညှိခဲ့သေးသော်လည်းစန္ဒာက ကျောင်းစာမေးပွဲ ပြီးတော့မှတက်မည်။ လောလောဆယ် ကျောင်းတစ်ဘက်နှင့် အာရုံနှစ်ခုကို မဝင်စားနိုင်ဟု ဆိုသည်။ သက်ထက်ကသာ မနေနိုင် မထိုင်နိုင်ဖြစ်ပြီးသူ့ကိုအရမ်းခင်သောသူငယ်ချင်း ဇူလိုင့်ကို မရမက အဖော်စပ်ကာ သင်တန်းတက်နေကြခြင်းဖြစ်သည်။

ဇူလိုင်က လမ်းမတော်ဘက်တွင်နေသူမို့ သူတို့တက်နေကြသော ကွန်ပျူတာသင်တန်းနှင့်လည်း နီးနီးလေးဖြစ်သည်။ ကိုကြီး အပြန်ဝင်ကြိုလျှင်လည်းလမ်းသင့်သည်မို့ သက်ထက်၏ဖေဖေ မေမေတို့က တကျေကျေနပ်နပ်ခွင့်ပြုကြခြင်းဖြစ်သည်။

သက်ထက်နှင့်ဇူလိုင်တို့ စကားတပြောပြောနှင့် လျှောက်လာကြသည်။

သင်တန်းမှာတွေ့ခဲ့ရသော ကောင်မလေးများ၏ ဝတ်စားဆင်ယင်ပုံကိုလည်းပြောဖြစ်သည်။

သူတို့ကို သင်ကြားပေးသော ဆရာမငယ်လေးများစိတ်ရှည်သဘောကောင်းပုံများလည်းပြောဖြစ်သည်။ စန္ဒာ့ အကြောင်းလည်းပါသည်။ စန္ဒာ့အစ်မနန္ဒာနှင့် သက်ထက်အစ်ကို သက်ဝေတို့ ချိတ်ထိတ်ထိတ်ဖြစ်နေကြတာလည်းဖောက်သည်ချဖြစ်သည်။ စကားတွေတပြောပြော၍မကုန်နိုင်။

"ဟိတ်"

တစ်စုံတစ်ယောက်က နောက်မှနေ၍ သက်ထက်ပခုံးစွန်းကို သွမ်းပုတ်သည်မို့သက်ထက် မိုက်တိုက်တိုက် လှည့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီထက်အခြေအနေဆိုးလာလျှင် ကျောပိုးအိတ်နှင့် ရိုက်ပစ်မည်။

"ဟာ . . ကိုကို. . သက်ထက်က ဘယ်သူ့ရန်စလဲလို့"

"ဒီလိုနေရာမျိုးမှာတွေ့လိမ့်မယ်မထင်လို့ သက်ထက်မှ ဟုတ်ရဲ့လားလို့"

"ဟုတ်တယ်ဟုတ်တယ် သက်ထက် သင်တန်းက ပြန်လာတာ"

"လာလေ တစ်ဆိုင်ဆိုင်မှာ တစ်ခုခုဝင်စားကြရအောင် လမ်းလယ်ခေါင်မှာ အကြာကြီး ရပ်စကားပြောလို့ မကောင်းပါဘူး" ကိုကိုက ဇူလိုင့်ကိုပါခေါ်သည်။ သက်ထက်ကကိုကိုနှင့် ဇူလိုင့်ကို မိတ်ဆက်ပေးလိုက်သည်။

သက်ထက်တို့ ဖျာဖျာသလဲဖြစ်နေတာ၊မျက်နှာချို ရွှင်အိစိမ့်နေတာ၊ နှုတ်ခမ်းတနားရွှတ်ကို တက်ချိတ်မတတ် ပြုံးရယ်ပျော်မြူးနေတာ မြင်နေရသော ဇူလိုင်က ပါးရည်နပ်ရည်ရှိပါသည်။

"ဇူလိုင်မလိုက်တော့ဘူး သက်ထက်၊ မေမေကအရမ်းစိတ်ပူတတ်တာ။

နင်ရော ငါပါအချိန်တန်ပြန်မရောက်ရင် သင်တန်းကိုဖုန်းဆက်မေးနေလိမ့်မယ်။နင်နေချင်နေခဲ့လေ။ ငါပြန်နှင့်မယ် . . . "

သူငယ်ချင်းအတွက် စီမံကိန်းရေးဆွဲပေးလိုက်သည်။

"အေး ကျေးဇူးတင်တယ် ဇူလိုင်ရယ်။ ငါကိုကိုနဲ့ ခဏစကားသွားပြောမယ်။ငါးနာရီမထိုးခင် အမှီပြန်လာခဲ့မယ်၊ အန်တီကိုလည်း ကြည့်ပြောပေးနော်"

ရွှင်ရွှင်ပြပြလေးပြောပြီး သက်ထက်ကိုကိုနှင့်လိုက်လာခဲ့သည်။ ခြေထောက်နှင့်မြေကြီးပင်ထိမှ ထိပါရဲ့လားမသိ။

ကိုကိုနှင့်အိမ်မှာသာ စကားအတူတူပြောဖူးတာ ခုလိုမျိုးအပြင်မှာ နှစ်ယောက်တည်းတစ်ခါမှ မဆုံဖူးပါ။ မဆုံစဖူးဆုံရသည်မို့ ရင်ခုန်သည်။ ပျော်လည်းပျော်လှသည်။

ပြီးတော့ ရင်လည်းတော်တော်ခုန်ပါသည်။ လူတစ်ကိုယ်လုံး ရှိန်းတိန်းတိန်းဖိန်းတိန်းတိန်း။ ကိုကိုက ဟိုကြည့်ဒီကြည့်လုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ဘယ်ဆိုင်သွားရင်ကောင်းမလဲ၊ ဒီနားမှာ ဘာဆိုင်ရှိ ပါလိမ့် . . ." တစ်ယောက်တည်းပြောနေသည်။

"ဘီယာဆိုင် မဟုတ်ရင်ပြီးတာပဲ"

သက်ထက်က နောက်လိုက်သည်။ မြင့်မိုရ်က ဟိုကြည့် ဒီကြည့်နှင့် ဆိုင်ရှာနေရာမှသက်ထက်ကို ကြည့်လိုက်သည်။ သက်ထက်က ပန်းနုရောင်တီရှပ်နှင့်မိုးပြာရောင်ဂျင်းဘောင်းဘီတွဲဝတ်ထားသည်။ လက်ထဲမှာကတော့ သက်ထက်လွယ်နေကျ ကြောင်ရုပ်ကလေးနှင့်ကျောပိုးအိတ်။

သက်ထက်ကျောပိုးအိတ်မှ ကြောင်ရုပ်ကလေးကဆွတ်ဆွတ်ဖြူနေသော်လည်း နှာခေါင်းလေး၊ လက်ဖဝါးလေး၊ ခြေဖဝါးလေးနှင့်လည်စီး ပဝါစလေးတွေက ပန်းရောင်လေးတွေဖြစ်သည်။

"သိပြီ . . . သိပြီ . . လာလိုက်ခဲ့"

မြင့်မိုရ်က သွားမည့်ဆိုင်ကို စဉ်းစား၍ရသွားဟန်တူသည်။ ရှေ့မှဦးဆောင်ပြီး လျှောက်တော့သည်။ သက်ထက်ကို တစ်ခါလှည့်ကြည့်လိုက်တော့ လူတွေကြားမှာ တုံ့နှေးတုံ့နှေးဖြစ်နေတာမြင်ရသဖြင့် အားမလိုအားမရဖြစ်ပြီး ကလေးတစ်ယောက်ကို ဆွဲခေါ်သလိုမျိုး သက်ဆွဲခေါ်လာခဲ့တော့သည်။

လမ်းဘေးဈေးသည်တွေ၊ လမ်းဘေးဈေးဆိုင်တွေ၊ စားသောက်ဆိုင်ငယ်တွေ ဆေးလိပ်ကွမ်းယာဆိုင်များစွာကို ကျော်ဖြတ်ပြီးမှ မြေညီထပ်ခန်းမကျယ်ကြီးထဲသို့ ဝင်လာခဲ့ကြသည်။

ခန်းမကျယ်ကြီး၏ အဝင်ဝတွင် ချစ်စရာကောင်းသော အရုပ်ကြီးက ဆီးကြိုနှုတ်ဆက်နေသည်။

"ကိုကိုက ဘာစားမှာလဲ"

သက်ထက်က တိုးတိုးလေးမေးလိုက်တော့ မြင့်မိုရ်ကမဖြေပဲ သက်ထက်ကို အဝင်တံခါး၏အတွင်းညာဘက်ခြမ်းဆီသို့ ဆွဲခေါ်လာခဲ့သည်။ ညာဘက်ခြမ်းနံရံတောင့်တွင် စားသောက်ဖွယ်ရာမျိုးစုံတို့၏ ရုပ်ပုံများကို နံပါတ်လေးများ ရေးထိုး၍ကပ်ထားသည်။ ကိုယ်ကြိုက်တာတို့ နံပါတ်ကပ်မှာကြားရုံပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဥရောပအစားအစာ ထိုင်းအစားအစာ၊ တရုတ်အစားအစာ စသဖြင့် အမျိုးမျိုးသောအစားအစာကို စားချင်စဖွယ်ဖြစ်အောင် ရှုံးပြဆွဲ ဆောင်ထားသည်။ ဈေးနှုန်းများကိုပါ ရေးထိုးထားသဖြင့် ချင့်ချိန်နိုင် သည်။ အကင်စားမလား၊ အကြော်အလှော်စားမလား၊ ပင်လယ်စာ စားမလား နှစ်သက်ရာမှာကြားနိုင်သည်။ သက်ထက်ကတော့ အမှန် တကယ်မစားသောက်ရသေးပါပဲ ရုပ်ပုံထဲမှ အစားအစာများကို မြင့်ရုံ နှင့်ပင် သဘောကျနေမိတော့သည်။

"တဲ သက်ထက် ကြိုက်တာရွေး"

"တင့်အင်း သက်ထက်မရွေးတတ်ဘူး ကိုကိုရွေးပေး"

"ဟာ ကိုယ်စားမယ့်ဟာ ကိုယ်တိုင်ရွေးမှပေါ့"

"သက်ထက် ရမ်းသမ်းရွေးပေးလိုက်ပြီးမှ စားမကောင်းရင် နှမြောတယ်"

"ဒါဆိုလည်းပြီးရော ဝက်သားစားမလား"

"တင့်အင်း . . . အီတယ်"

"ဘဲကင်ရော . ."

"ရိုးနေပြီ"

"ပင်လယ်စာရော . . "

"ဗိုက်နာမှာကြောက်တယ်"

သက်ထက်က ထုံးစံအတိုင်း ဂျီများတော့သည်။ နံဘေးမှ စားသောက် ဆိုင် အမှုထမ်းကလေးမလေးများကပင် သက်ထက်ကလေး ဆံနေပုံကို ကြည့်ပြီး ရယ်နေကြသည်။

"ဒါဆို Hot Pot စားမယ်ကွာ"

"ကုန်မှာ မဟုတ်ဘူး ကိုကိုရဲ့"

"မကုန်နိုင်ရင် One-Two ရိုက်မယ်ကွာ"

တစ်ပွဲကို နှစ်ယောက်ခွဲဝေစားမယ်ဟု မြင့်မိုရ်က ပြောလိုက် တော့မှ သက်ထက်အင်းချသည်။

ဒီဆိုင်၏ထုံးစံက မိမိရွေးချယ်လိုက်သော စားသောက်ဖွ

www.burmeseclassic.com

www.burmeseclassic.com



အတွက် ငွေကြိုရှင်းရသည်။ မြင့်မိုရ်က ဖျော်ရည်နှစ်ခွက်ပါမှာပြီး ငွေရှင်းလိုက်သည်။

အားလုံးပြီးစီးတော့မှ ခန်းမ အလယ်ဘက်သို့ သွားကာထိုင်မည့်စားပွဲရှာသည်။

ခန်းမကျယ်ကြီးထဲတွင် စားပွဲနှင့်ကုလားထိုင်များအားလုံးမှာ သက်ထက်ဝတ်ဆင်ထားသော တီရှပ်အရောင်နှင့်ဆင်တူ ပန်းရောင်တွေချည်းဖြစ်သည်။

ခန်းမထိပ်စင်မြင့်တွင် မိသားစုဆယ်ယောက်ခန့်ဝိုင်းစားနိုင်သော စားပွဲဝိုင်းကြီးများရှိသည်။ သီးသန့်နေရာဟုဆိုလျှင်လည်းရသည်။ စင်မြင့်နေရာနှင့် ရိုးရိုးနေရာကို ကျောက်ပန်းကျောက်ခက်များ တပ်ထားသော ခါးတစ်ဝက်သာသာတံတိုင်းငယ်လေးဖြင့် ကန့်လန့်ပိုင်းခြားထားသည်။

ဒီဘက်မှာကတော့ လေးထောင့်စားပွဲများဖြစ်သည်။ လေးယောက်ဝိုင်းများနှင့် ရှစ်ယောက်ဝိုင်းလေးများဖြစ်သည်။ ထိုင်ခုံများတတစ်ခုံစီ သီးသီးသန့်သန့်မဟုတ်ပဲ စားပွဲနှင့် ဆက်စပ်ပူးတွဲနေသည်။ နံရံအစွန်နှင့်ကပ်လျက်မှာကျတော့ နှစ်ယောက်စာသီးသန့်စာပွဲများရှိသည်။

မြင့်မိုရ်က ဟိုလူသည်လူဟိုအဖွဲ့သည်အဖွဲ့များနှင့် ခရှောင်၍ နှစ်ယောက်တည်းသီးသန့်အစွန်စားပွဲကို ရွေးထိုင်လိုက်သည်။

သက်ထက်က မြင့်မိုရ်ရွေးချယ်လိုက်သော နေရာကို ကြည့်ပြီး . . .

"ဟာ ကိုကို အဲဒါ အတွဲတွေထိုင်တဲ့နေရာလေ"

"ဘာဖြစ်လဲ ကိုကိုတို့လဲ အတွဲပဲ"

"အို . . ."

ကိုကိုစကားကြောင့် သက်ထက်နည်းနည်းပါးပါး ရှတ်သွားသည်။

မျက်နှာလေးနွေးကနဲ ဖြစ်သွားသည်နှင့် အတူ ရင်တွင်းမှာလည်းအေးကနဲဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နွေးခြင်းနှင့် အေးခြင်း ဆန့်ကျင်ဘက်သဘော သဘာဝ နှစ်ရပ်ကို တစ်ပြိုင်နက်တည်း မကြုံစဖူးထူးဆန်းစွာ ခံစားလိုက်ရ ခြင်းသည်ပင် အချစ်လား။

စဉ်ဆက်မပြတ် ငတ်မွတ်မက်မောစွာ ကြည့်ငေးနေကျ ကိုတို့ မျက်နှာကို မကြည့်ရဲစွာဖြင့် ခေါင်းကို မသိမသာ ငုံ့ချလိုက်မိသည်။

ပြီးတော့ ကြာကြာမနေနိုင်။

ဝန်းကျင် ဝဲယာရှုခင်းများကို လေ့လာစူးစမ်းကြည့်သလို လိုနှင့် တိုတိုဒိဒိ ဝေ့ကြည့်သည်။ မျက်ဝန်းတည့်တည့်ဖြင့် အခြားဝိုင်း များကို ကြည့်နေရင်း မျက်ဝန်းထောင့်စွန်းမှ ကိုကို့ ကိုခိုးကြည့်သည်။

အို

တိုတိုက သတ်ထက်ကို စူးစူးရဲရဲပင် စိုက်ကြည့်နေတာပါလား။

ဘုရား ဘုရား ကိုကိုဒီကနေ့ ငါ့ကို ချစ်ရေးဆိုတော့မှာလား။

ဘယ်လိုပြန်ဖြေရပါ့မလဲ။

ရင်ထဲမှာအဆင်သင့်ရှိနေတဲ့ အလှအပတရားလေးတစ်ခုကို ဖွင့်ဖွင့်လင်းလင်းပင်တုန့်ပြန်လိုက်ပြီး သာယာလှပတဲ့ ချစ်သူဘဝလေး တစ်ခုကို အမြန်ဆုံးဖန်တီးလိုက်ရမလား။

ဒါမှမဟုတ် လိမ္မာယဉ်ကျေးတဲ့ မိန်းကလေးပီသအောင် စဉ်းစားချိန်လေးပေးပါဦးလို့ မလျှော့မတင်း အချိန်ဆွဲထားရမှာလား။ ရင်တွေက ဘရမ်းဘတာ ခုန်လာသည်။

ဒီအချိန်မှာပဲ စားသောက်ဆိုင် အမှုထမ်းလေးက မှာကြား ထားသော Hot Pot စားစရာယူဆောင်လာသဖြင့် အနေရသက်သာ သွားသည်။

စားစရာ သောက်စရာ ပြင်ဆင်ခင်းကျင်းထားပုံလေးက သပ်ရပ်လှပါသည်။

လောင်းလှေပုံစံ ခွက်ရှည်ရှည်လေးထဲတွင် လှေဦးမှ ထင်း တုန်ပစ္စည်းများတင်ဆောင်လာသည့်ပုံနှယ် ငါးဆုပ်လုံးများ၊ အသား လုံးများ၊ ဥများ၊ ပင်လယ်စာများကို သီတံလေးများဖြင့် ထိုးသွင်းထား

www.burmeseclassic.com

www.burmeseclassic.com



သည်၊ ပြောင်းဖူးလေးများလည်းပါသည်၊ အသီးအရွက်လေးများလည်း ပါသည်။

ပြီးတော့ ခေါက်ဆွဲဖတ်လေးများလည်းပါသည်။

လှေဝမ်း၏ အလယ်၌ မီးဖိုငယ်လေးတစ်ခုနှင့်ပြုတ်အိုးငယ် တစ်လုံးပါသေးသည်။

ကိုကိုကပဲ ဦးဆောင်ကာမီးဖိုမှ မီးအလျှော့အတင်ညှိပေးသည်၊

သက်ထက်က စိတ်လှုပ်ရှားနေသဖြင့် ငြိမ်ငြိမ်လေးမနေနိုင်ပဲ ပြုတ်အိုးထဲသို့ အသားလုံးလေးများကို လျှောက်ထည့်လိုက်သည်၊

"နေ . . နေ ကိုကိုလုပ်ပေးမယ်"

"သက်ထက်လည်းလုပ်မှာပေါ့"

"တောသူမလေးတွေ မြို့ရောက်လာရင် ငြိမ်ငြိမ်နေရတယ်၊ ငြိမ်ငြိမ်မနေပဲ ဟိုဟာ ဒီဟာ လျှောက်လုပ်ရင် အရှက်ကွဲတတ်တယ်"

ကိုကိုက ရယ်ရင်းပြောသည်၊

"ဟင့် ဘာဖြစ်လို့လဲ"

"အသားလုံးပြုတ်တာ သိတံ အတိုင်းအချိုရည်ထဲကို နှစ်မထည့် ရဘူး တောသူမလေးရဲ့၊

အလုံးလေးတွေကိုဖြုတ်ဖြုတ်ပြီးမှ ပြုတ်ရတာ၊ ဒါမှ အိုးအဝှုံး လုံးလုံးပိတ်လို့ရမှာ . . ."

သည်တော့မှ သက်ထက်သဘောပေါက်သွားသည်၊

ကိုကိုဦးဆောင်ပြီး လုပ်ကိုင်ပေးသမျှကိုပဲ ငြိမ်သက်စွာ စောင့် စားတော့သည်၊

အာရုံတို့က အစားအသောက်ဖက်သို့ ရောက်သွားသဖြင့် နှလုံးသားခံစားချက်တို့က ငြိမ်သက်၍ သွားရပြန်သည်၊ စကားစ,ခဲ့ သော ကိုကို ကိုယ်တိုင်လည်း တူတစ်လက် ဇွန်းတစ်ချောင်းနှင့်သာရှုံ့ ရှုပ်နေ၍စောစောပိုင်းက စ,ခဲ့သော စကားကို သူ့ဟာသူပြန်ဆက် တော့၊

သည်လိုနှင့်ပဲ လမ်းခွဲ အိမ်ပြန်ခဲ့ကြရတော့သည်၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ပန်းနုရောင် တီရှပ်ကလေးကို သက်ထက်ကိုယ်တိုင်လျှော်ဖွပ်ပြီး ကြိုးတန်းမှာ အကျီချိတ်ဖြင့် ချိတ်၍ လှမ်းလိုက်သည်။

သည်အကျီလေး၏ အရှေ့ဘက်တွင် နှင်းဆီဖူးပန်းရင့်ရောင်လေးပါသည်။လက်မောင်းရင်းနှစ်ဖက်မှာ အပေါက်ကလေးတွေပါသည်။

အဲဒီနေ့တပေါ့

ဒီအကျီလေးဝတ်ပြီးဇူလိုင်နှင့်အတူ ကွန်ပျူတာသင်တန်းတဖြန်ယာတဲ့နေ့တပေါ့။

မဈော်လင့်ဝဲ ကိုတိုနှင့်လမ်းမှာဆုံသည်။ မမျှော်လင့်ပဲ ပန်းနုရောင်သွမ်းသော စားသောက်ဆိုင်ခန်းမကျယ်ကြီးထဲမှာ အတူတူစားသောက်ခဲ့ကြသည်။ အတူတူနေရာယူသည်ပင်လျှင် နံရံထောင့်ကပ်နေသော ချစ်သူတွေသာ ထိုင်တတ်ကြသည့် နှစ်ယောက်ခုံလေးမှာ ထိုင်ခဲ့ကြရတာဖြစ်သည်။

တိုတို့လက်ဖြင့် ယုယကြင်နာစွာ ကျွေးမွေးပြင်ဆင်ပေးသော စားစရာများတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း တကယ့်ချစ်သူများလို စားခဲ့ကြသည်။

သို့သော် . . .

ကိုကို့နှုတ်ဖျားမှ ပွင့်အံ့လုနီးနီး ပန်းလေးတစ်ပွင့်သည် ပွင့်သည့်လန်းသည့် အဆင့်ထိရောက်မလာပဲ ဖူးသည့် ငုံသည့် အဆင့်မှာတင် ရပ်သွားသည်။

နှမြောလိုက်တာကွာ . . .။

စားပွဲထိုးကလည်း ဘာဖြစ်လို့ မှာထားတဲ့စားစရာကို ဒီလောက်မြန်မြန်ပြီး ယူချလာရတာလဲ။ အေးအေးဆေးဆေး ဖြည်းဖြည်းနှေးနှေး ယူလာပေးပါလား။

"သက်ထက် သိပ်ကြားချင်နေတဲ့ စကားလေးတစ်ခွန်း ကိုတို့နှုတ်ဖျားကပွင့်ကျလာပြီးတဲ့ အချိန်ကျမှ ယူလာတာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သက်ထက်အရှုးမလေး တစ်ယောက်လို တွေးချင်ရာတွေ လျှောက်တွေးနေလိုက်သည်။ အဝတ်ဇလုံထဲမှ တစ်ခြားလှန်းစရာရှိသည့် အဝတ်များကို ဆက်လှန်းလိုက်သည်။

တစ်ခုတော့ သေချာပါသည်။

သက်ထက်ရဲ့ အကြီတီရှပ်ပန်းရောင်လေးကို သေသေ ချာချာ ရေမွှေးဖျန်း မီးပူတိုက်ပြီးရင် နောက်ထပ် ထပ်မဝတ်တော့ဘူး။

ကိုကိုနဲ့တွေ့ခဲ့ရတဲ့နေ့ အမှတ်တရ စာတမ်းထိုးပြီး ဘီရိုထဲမှာ သေသေချာချာသိမ်းထားလိုက်တော့မယ်ကွယ်။

✿✿✿✿✿

## အခန်း (၁၄)

ကိုလေး သက်ဝေ၏အခန်းထဲတွင် ကိုလေးနှင့် ကိုတိုမြင့်မိုရ်တို့ ဖြစ်နေကြပုံများကို သက်ထက်ချောင်းကြည့်ရင်း တခစ်ခစ်ရယ်နေ ပါသည်။

တစ်ယောက်တည်းရယ်နေရတာ အားမရ၍ သူတာသူ အေးအေးဆေးဆေး မီးပူထိုးနေသော မေမေ့ကို လက်တို့ခေါ်လာ သည်။ သက်ထက်က သူ့နှုတ်ခမ်းရှေ့တွင် လက်ညှိုးကိုထောင်ပိတ်ပြီး တိတ်တိတ် နေဆိုသည့် သင်္ကေတလုပ်ပြထား၍ ဒေါ်သက်သက်လွင် အသံမထွက်ရဲ။

ဘာများပါလိမ့်ဆိုသော သိချင်စိတ်ဖြင့် သက်ထက်မေးဆတ် ပြရာ သက်ဝေ၏အခန်းတွင်းကိုကြည့်လိုက်သည်။ အခန်းထဲရှိ သက်ဝေ ၏ အိပ်ရာတွင် သက်ဝေက စာအုပ်တစ်အုပ်နှင့် ငုတ်တုတ်ထိုင်နေသည်။ တုတင်နှင့်ယှဉ်ချထားသည့် စာကြည့်စာပွဲကုလားထိုင်မှာ မြင့်မိုရ်က ထိုင်နေသည်။

သူတို့နှစ်ယောက်က မူလတန်းကျောင်းသားလေးများဝတ

www.burmeseclassic.com



တစ်ယောက်ဆိုသောစာကို တစ်ယောက်က မှန် မှားနားထောင်ပေး နေခြင်းဖြစ်သည်။

သက်ထက်တို့သားအမိ နားစွင့်ကြည့်လိုက်သည်။

| | | |
|---|---|---|
| သခွါးသီး | - | CUCUMBER |
| ဒန့်ဒလွန်သီး | - | DRUM STICK |
| ခရမ်းသီး | - | EGG PLANT |
| ဘူးသီး | - | CALA BASH |
| ကြက်ဟင်းခါးသီး | - | BITTER GOURD |
| ရုံးပတီသီး | - | LADY FINGER |
| နောက်တစ်မျိုး | - | OKRA |

တင်းသီးတင်းရွက်နှင့် သစ်သီးများကို အင်္ဂလိပ်လို အခေါ် အဝေါ်တွေကိုမှတ် ပြန်ဆိုနေကြခြင်းဖြစ်သည်။ ဒေါ်သက်သက်လွင်က သက်ထက်ထက်ကို လှမ်းဆွဲပြီး သက်ဝေ၏အခန်းဝမှ ခေါ်ထုတ်လာခဲ့သည်။

"သွားမနှောက်နဲ့ သမီး သူတို့စာကျက်နေကြတာ . . ."

"ကလေးလေးတွေကျနေတာပဲ တစ်ယောက်ကမေး တစ်ယောက်ဖြေနဲ့"

"စာတွေ့တင်မကဘူး သင်တန်းမှာလက်တွေ့လည်း သင်ကြရအုံးမှာ ပင်လယ်ကူး သင်္ဘောကြီးပေါ်မှာ လူမျိုး အမျိုးမျိုးရဲ့ အစား အစာတော်တော်များများကို သူတို့ ချက်တတ်အောင် သင်ကြရမှာ ပြီးတော့ စားပွဲထိုးပညာပါ တတ်ကြရမှာ"

မေမေက သက်ထက်ကို အကျိုးကြောင်းပြောပြနေသည်။ ဘာလိုလိုနဲ့ ကိုကိုနဲ့ခွဲကြရမှာပါလား။

"သူတို့သွားဖို့နီးပြီလားဟင်"

"လိုတော့လိုပါသေးတယ်။ နိုင်ငံခြားသင်္ဘောတက်တယ်ဆိုတာ အတတ်ပညာ၊ အရင်းအနှီး ငွေကုန်ကြေးကျခံနိုင်မှုတင်မက ကံတရား ကလည်း လိုသေးတယ်" မေမေကပြောအပြီး စောပိုင်းက တိုက်

www.burmeseclassic.com



လက်စ မီးပူဆီတို့ လက်ကပြန်ရောက်သွားသည်။

သက်ထက်လည်း ကွန်ပျူတာရှေ့သွားထိုင်ပြီး သင်တန်းမှာ လေ့ကျင့်ခဲ့ရသော လက်ကွက်များကို ပြန်လည်လေ့ကျင့်နေလိုက်သည်။

သက်ထက်လည်း ဒီပညာကို မြန်မြန်တတ်ချင်လှပါပြီ။ ခြေသံတွေကြား၍ သက်ထက်လှည့်ကြည့်လိုက်တော့ ကိုလေးနှင့် ကိုကိုတို့ အနားရောက်လာသည်။ ကိုလေးက အိမ်နေရင်းဝတ်ထားသော တီရှပ်ကို ချွတ်ပစ်လိုက်ရင်းမှ . . .

" ငါရေသွားချိုးလိုက်အုံးမယ် ခဏစောင့် " ကိုကို့ကိုပြောပြီး ရေချိုးခန်းဘက်ထွက်သွားသည်။

ဧည့်ခန်းထဲမှာ သက်ထက်နှင့် ကိုကိုနှစ်ယောက်ပဲရှိနေသည်။ ကိုကိုကသက်ထက်၏ ကွန်ပျူတာ စာပွဲနားလျှောက်လာသည်။

" အင်း သက်ထက်ကို မေးမယ် မေးမယ်နဲ့ မေ့မေ့ပြီးမမေးဖြစ်ဘူး။ သက်ထက်ကျောင်းတက်ရင်း တန်းလန်းစာမေးပွဲတွေလည်း မပြီးသေးပဲနဲ့ ဘာဖြစ်လို့ ကွန်ပျူတာသင်တန်း သွားတက်နေတာလဲ"

သက်ထက်ကမဖြေပဲ ငြိမ်နေလိုက်သည်။ ကွန်ပျူတာရှေ့တွင် ခါးကိုခပ်မတ်မတ်ကလေးထိုင်ကာ လက်မှ mouse ကိုဟိုရွှေ့ သည်ရွှေ့ တစားရင်း pointer ၏အကူအညီဖြင့် မော်နီတာတွင်ပေါ်လွင်နေသော icom လေးများကို နေရာပြောင်း လေ့ကျင့်နေသည်။

" ဟင်သက်ထက်ဘာဖြစ်လို့ ကွန်ပျူတာသင်တန်းသွားတက်တာလဲ၊ ကျောင်းကလည်း DAY တက်တယ်ဆိုတော့ နှစ်မျိုးတစ်ခါတည်းသင်နေတာ ပင်ပန်းမှာပေါ့ " မြင့်မိုရ်က သက်ထက် ပေါ်သို့ အရိပ်မိုးလာသည်အထိ အနားတိုးကပ်ရင်းထပ်မေးသည်။

သက်ထက် mouse ကလေးကို လွှတ်လိုက်သည်။ မြင့်မိုရ်၏ အရည်လဲ့နေသော သူ့မျက်လုံးရွှဲကြီးများနှင့် ပြန်မော့ကြည့်နေရင်း နှုတ်ခမ်းများမှ နှစ်ကိုယ်ကြားသည်ဆိုရုံ တိုးတိုးဖွဖွလေး ပြန်ပြောလိုက်သည်။

" ကိုကို ရေခြားမြေခြားရောက်သွားတဲ့အခါ သက်ထက် E-mail ပို့တတ်ချင်တယ်။ G-mail သုံးတတ်ပြီး G-talk ပြောတတ်

www.burmeseclassic.com



ချင်တယ်လေ"

သာမာန်အားဖြင့် နားထောင်လိုက်လျှင်တော့ ဘာမှအဆန်းတကြယ် မဟုတ်ပါ။ ကွန်ပျူတာပညာတတ်ကျွမ်းထားသူတို့အတွက် လုပ်ငန်းစဉ် အတတ်ပညာလေးတစ်ရပ်သာပဲဖြစ်သည်။

သို့သော် ထိုလုပ်ငန်း ထိုအတတ်ပညာနှင့် သက်ဆက်၍ အဖြေစကားလေးထဲ၌ သံယောဇဉ်များစွာ အတွယ်အတာများစွာ ရေတွက်မနိုင်အောင် ပါဝင်နေတော့သည်ပဲ။

နှစ်ဦးလုံး၏ သက်ပြင်းချသံက ပြိုင်တူညီညာစွာ ထွက်ပေါ်လာခဲ့ရတော့သည်။

✿✿✿✿✿

www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း(၂)

### အခန်း(၁)

ကိုကိုရယ် . . .

ကိုကိုနဲ့တွေ့မှ သက်ထက်ရဲ့ ရင်ခုန်သံလေးတွေ ငြိမ့်ငြောင်းလာရတာပါ။ သက်ထက်ရဲ့လောကလေးလည်း ဆေးရောင်စုံပန်းချီကားတစ်ချပ်လို ကြွရွစိုပြည်လာရတာပါ။

သက်ထက်ရဲ့မျက်လုံးလေးတွေ လင်းလက်လို့ နှုတ်ခမ်းလေးတွေစိုလွင်လို့ . . .၊ သက်ထက်ရဲ့ ပါးပြင်လေးတွေ နီမြန်းလို့ . .၊ သက်ထက်ဆိုတဲ့ ပန်းလေးတစ်ပွင့် အလှစုံ ရနံ့စုံ ထုံသင်းဆွတ်ပျံ့နေရတာပါ။

ကိုကိုတို့လို အတောင်နှစ်ဆယ်ဝတ်မင်းယောကျ်ားတွေနဲ့ သက်ထက်တို့လို သုံးတောင်ဝတ်မိန်းမသား ခွန်အားချင်းမညီနိုင်ပေမဲ့ ချစ်တတ်တဲ့နှလုံးသားတစ်စုံကတော့ သူ့ရင်ထဲ ကိုယ့်ရင်ထဲ အတူတူပါလာကြတာပဲမဟုတ်လား။ ဒါနဲ့များ ချစ်တယ်ဆိုတဲ့ စကားလေးတစ်ခွန်းကိုတော့ ယောကျ်ားလေးတွေ ဘက်ကသာ စတင်ပြောဆို ခွင့်ရှိပြီး ဘာဖြစ်လို့ မိန်းမသားတွေဘက်က စပြော ခွင့်မရှိရတာလဲ။

" ကိုကို့ကို သက်ထက်သိပ်ချစ်တယ်" ဒီလိုစကားမျိုးတိုးတိုးလေးပြောပြီး ဘာဖြစ်လို့ ကိုကို့ရင်ခွင်ထဲ ဇွတ်တိုး ခိုဝင်ခွင့်မရှိ ရတာလဲ။

သက်ထက်လေ ခေတ်မှီတဲ့မိန်းကလေးပီပီ ဖျင်ဘောင်းဘီစကတ်နဲ့ တက်တက်ကြွကြွ လှုပ်လျှောက်ရဲပါတယ်။ ပါဝါဝန်ရှည်ကြီး အဖားဖားနဲ့တလွှားလွှားလည်း သွားရဲပါတယ်။ စတော်ပျော့အိအိလေး

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ နွဲ့နွဲ့လေးလည်းနေရပါတယ်။ ဆံပင်ကလေး တခါခါနဲ့ ခပ်စွာစွာ လည်းပြောရပါတယ်။ ခြေသည်းလက်သည်း ရောင်စုံဆိုးလို့ အမျိုးမျိုး ဖတ်ရှင်ထွင်ရပါတယ်။

တစ်ဦးတည်းသမီး၊ အထွေးဆုံးညီမလေးဘ၀ ပိုလ်ကျခွင့် ရထားလေတော့ တော်ရုံတန်ရုံ လူမျိုးလောက်ကိုတော့ စာရင်းတောင် မသွင်းချင်ခဲ့တာပါ။

အထက်တန်းကျောင်းမှာ၊ တက္ကသိုလ်ကျောင်းမှာ၊ ဆွေမျိုး အသိုင်းအဝိုင်းကြားမှာ မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းတွေကြား မှာ သက်ထက်ကို စိတ်ဝင်စားကြတဲ့ ကောင်လေးတွေ တော်တော်များများ ရှိနေကြပေမယ့် သက်ထက်က သူတို့ကို ဘယ်လိုမှ စိတ်မဝင်စားပါဘူး။

လူတွေထဲက လူတွေပါလားဆိုတဲ့ သာမာန်အသိလောက်နဲ့ပဲ မိတ်မပျက်ဆွေမပျက် ဆက်ဆံခဲ့တာပါ။ ကိုကိုနဲ့တွေ့မှ သက်ထက် လှုပ်လှုပ်ရှားရှားဖြစ်လာခဲ့ရတာ။

သက်ထက်သိပ်ဝါနာပါတဲ့ သီချင်းတွေလည်းနားမထောင်နိုင် တော့ဘူး။ သက်ထက်ဖတ်နေကျ စာအုပ်ကလေးတွေလည်း ဖတ်ချင် စိတ်သိပ်မရှိတော့ဘူး။ သက်ထက်စွဲလန်းနေကျ ရုပ်မြင်သံကြားဇာတ် လမ်းရှည်တွေလည်း သက်ထက်ထိုင်မကြည့်နိုင် တော့ဘူး။ ကိုကိုဘယ် တော့ အိမ်လာမှာလဲ။ ကိုလေးနဲ့ သင်တန်း အတူတူမတက်ခင် အိမ်ဝင် လာမှာလားဆိုတဲ့ မျှော်လင့်ချက်က စက္ကန့်နဲ့အမျှ ကြီးစိုးနေပါတယ်။

ဒါပေမယ့် ကိုကိုရယ် . . . .။

သက်ထက်က မိကောင်းဖခင်သားသမီး လိမ်မာယဉ်ကျေးတဲ့ မြန်မာမိန်းကလေးပါ။ ရင်ထဲမှာ ကိုကို့ကို ဘယ်လောက်ပဲ ချစ်နေ ချစ်နေ နှုတ်ဖျားကဖွင့်ဟပြီး ချစ်တယ်လို့ ဘယ်လိုထုတ်ပြောရမှာလဲ။

ကိုကို့အပေါ် မာနမဲ့အချစ်မျိုးနဲ့ အချစ်ကြီးချစ်မိနေပေမယ့် သိက္ခာမဲ့အချစ်မျိုးနဲ့တော့ ဖွတ်မတိုးရပါဘူး။

သက်ထက် ကိုကို့ကိုအရမ်းလွမ်းလာတဲ့အခါ သက်ထက်မှာ စိတ်ဖြေနည်း တစ်ခုရှိပါတယ်။ သက်ထက်ရဲ့ မှတ်စုစာအုပ် လှလှလေး

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ရင်ထဲရှိသမျှ၊ ခံစားချက်တွေ သွန်ချရေးထည့်လိုက်တာပါပဲ။

ကိုကိုဟာ သက်ထက်အတွက် ရောင်ရှိန်ဝင်းလှတဲ့ နေတစ်စင်းပါ။ နွေးထွေးခြင်းနဲ့ တက်ကြွခြင်းကို ပေးစွမ်းပါတယ်။ ကိုကိုဟာ သက်ထက်အတွက် ရောင်ခြည်လင်းတဲ့ လမင်းတစ်ဆူပါ။ အေးမြခြင်းနဲ့ ငြိမ်းချမ်းခြင်းကို ပေးဆပ်ပါတယ်။ ကိုကိုဟာ သက်ထက်အတွက် ကြယ်ပွင့်တစ်ပွင့်ပါ။ အနာဂါတ် နေ့သစ်များအတွက် တက်ကြွခြင်းကို ခန်ဆင်းပေးပါတယ်။ ကိုကိုဟာ သက်ထက်အတွက် စိမ့်စမ်းအိုင်လေးတစ်အိုင်ပါ။ ဘဝအမော သောကမှန်သမျှ ပြေပျောက်စေပါတယ်။ ကိုကိုဟာ သက်ထက်အတွက် မိုးကောင်းကင်ကြီးပါ။ အစဉ်အမြဲ အေးရိပ်အုံ့ဆိုင်းပေးပါတယ်။

စာရွက်ကလေးတွေ တစ်ရွက်ပြီးတစ်ရွက် ဆက်ဆက်ရေးနေမိပါတယ်။ နေမင်းကိုကို၊ လမင်းကိုကို၊ ကြယ်ပွင့်ကိုကို၊ စိမ့်စမ်းကိုကို၊ ကောင်းကင်ကိုကို။ အိုကွယ် . . .၊ သက်ထက်အ တွက်တော့ ကိုကိုဟာ စကြာဝဠာကိုကို၊ အရာရာ ကိုကိုပါပဲ။

လက်ရေးလှလှလေးတွေနဲ့ စီစီရီရီ ညီညီလေး သက်ထက် ရေးနေမိပါတယ်။ ဒီလုပ်ရပ်ဟာ ကိုကိုဆိုတဲ့လူတစ်ယောက်ကို တိတ်တခိုးချစ်မိတဲ့ မိန်းမငယ်လေးတစ်ယောက်ရဲ့ အပြစ်ကင်းစင်တဲ့ လူမသိသူမသိ အလွမ်းဖြေနည်းတစ်ရပ်ပါပဲ။

✿ ✿ ✿ ✿ ✿

သက်ထက်၏မှတ်စု စာအုပ်ကလေးထဲတွင် ပထမတော့ စာသားလှလှ ခပ်တိုတိုလေးတွေသာ ချရေးဖြစ်သည်။ရေးရင်း ရေးရင်းနှင့် ခံစားချက်လှလှလေးတွေပါလာသည်။

သက်ထက် ကိုကို့ကို သိပ်သတိရတာပဲကွယ်။

မိုးကိုမော့ကြည့်ရင်း မိုးသားတိမ်လိပ်တွေ အကြားမှာ ကိုကို့မျက်နှာကို သက်ထက်ရှာကြည့်နေမိပါတယ်။ ခြံထဲက ပန်းပွင့်လေးတွေကို ငေးကြည့်နေရင်းမှာလည်း ပန်းပွင့်လေးတွေအကြား ကိုကိုဝင်းနေ

www.burmeseclassic.com



သလားလို့ ရှာကြည့်နေမိပြန်ပါတယ်။ သစ်ရွက်ကလေးတွေ လေတိုးလို့ ချိုးချိုးချွတ်ချွတ် မြည်သံထွက်လာရင်လည်း ကိုကိုများ သက်ထက်ကို 'ရွှတ်' လို့ခေါ်လိုက်တာလား ထင်မှတ် မှားရတယ်။

ငှက်ကလေးတွေ ဝေဟင်ထဲလွင့်ပျံတက်နေသလို သက်ထက်လည်း ဝေဟင်ထဲဝဲပျံနိုင်အောင် တောင်ပံကလေးတွေ လို ချင်လိုက်တာ။

သက်ထက်မှာ တောင်ပံကလေးတွေရရင် တောတွေ တောင်တွေ တျော်လွှားဘို့စိတ်မကူးပါဘူး ပင်လယ် သမုဒ္ဒရာကို ဖြတ်သန်းနိုင်ဘို့လည်း စိတ်မကူးဘူး။

ကိုကို့ အိမ်ခေါင်မိုးပေါ်မှာပဲ ဝဲပျံနေမယ်။ ကိုကိုဘာလုပ်သလဲ။ ကိုကိုဘယ်သူနဲ့စကားပြောနေသလဲ။ အမြဲတမ်း စောင့်ကြည့် နေမှာပါ။ ခုဲကြည့်ရလေ . . .။ ဆောင်းရာသီမို့ ရာသီဥတုကိုက နှိပ်စက်နေသလိုပါပဲ။ မှောင်တာမြန်လိုက်တာ။ ကိုကိုတို့၊ ကိုလေးတို့၊ စန္ဒာတို့၊ မမနန္ဒာတို့နဲ့ ဆုတ်တတ်လှုပ်ရှား ကစားခဲ့ကြတဲ့ ကြက်တောင်ကွင်းကိုတောင်မှ သက်ထက်အခန်း အိမ်ပေါ်တပ် ပြတင်းပေါက်တံခါးကနေ လှမ်းကြည့်လို့မမြင်နိုင်တော့။

တိုယ့်ဝင်း တိုယ့်ခြံမို့သာ ဘယ်နေရာမှာ ဘာရှိတယ်သိနေတာ။ မီးတိုင်က မီးချောင်းတွေ မဖွင့်ရင်ဘာမှကို မမြင်ရတော့ဘူး။ ဩော် . . . မိုးချုပ်သွားပြီ။ တစ်နေ့တာ ကုန်ဆုံးသွားပြီပဲ။ ဒီနေ့ တစ်နေ့တော့ ကိုကိုနဲ့ မတွေ့နိုင်တော့ပါဘူး။ စိတ်ပျက်အားပျက်စွာ ငေးနေရင်းစာကြောင်းလေးတွေ ဆက်ရေးနေမိပြန်သည်။

✿ ✿ ✿ ✿ ✿

## အခန်း(၃)

မြင့်မိုရ်သင်တန်းခန်းမထဲမှာ စိတ်မငြိမ်နိုင်အောင်ဖြစ်နေသည်။ သင်တန်းဆရာ ရှေ့မှလုပ်ကိုင်ပြသသွားသော လက်တွေ့ လုပ်ရပ်များကို ကြည့်နေမှတ်နေရင်းမှ စိတ်တို့က ယောက်ယက်ခတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုပဲ အချက်အပြုတ်စားဖို့မှုးနှင့် စာပွဲထိုးသင်တန်းက သင်တန်းဆင်းတော့မည် သင်တန်းအောင်လက်မှတ်ရလျှင် လုပ်ငန်းခွင် ဝင်ဘို့က ဘယ်လောက်မှ မဝေးတော့ပေ။

မြင့်မိုရ်ရော သက်ဝေပါ မိဘများက ငွေရေးကြေးရေး တတ်နိုင်သူများမို့ သင်္ဘောလိုင်းကောင်းတစ်ခုနှင့် ချိတ်ဆက်ထားပြီးသား။ မကြာခင်အချိန်အတွင်း သင်္ဘောတက်ရတော့မှာဖြစ်သည်။ ကိုယ့်ရေကိုယ့်မြေနှင့် ဝေးရပြီဆိုလျှင် ဖေဖေတို့ မေမေတို့နှင့်လည်း ဝေးရတော့မည်။

ဖွားဖွားကြီးတို့၊ မမတို့နှင့်လည်း ဝေးရတော့မည်။ ဒီထက်ပိုဆိုးတာက သက်ထက်နှင့်ဝေးရတော့မည်။

သည်သင်တန်းတက်ဖို့ စတင်လှုံဆော်သူမှာ မြင့်မိုရ်ပင် ဖြစ်ဝါလျက် ခုကျတော့ သင်တန်းတက်ရတာ စိတ်မပါတော့ပေ။

"ဟော့ကောင် မြင့်မိုရ် ဆရာမေးနေတယ်"

သက်ဝေက မြင့်မိုရ်ကို ပခုံးချင်းတိုက်ရင်း သတိပေးလိုက်သည်။ သည်တော့မှ မြင့်မိုရ်သတိဝင်လာပြီး ဆရာ့ကို မော့ကြည့်လိုက်သည်။

" အခု ဆရာတို့ ချက်ပြနေတာ ဘာငါးလဲမြင့်မိုရ် "

" THREADFIN "

သင်္ဘောပေါ်မှာ နိုင်ငံတကာ သုံးစကားနှင့် ပြောရမှာမို့ ဆရာက အစားအစာအမျိုးမျိုး ဟင်းသီးဟင်းရွက်နှင့် သစ်သီးအမျိုးမျိုး၊ အသားငါးအမျိုးမျိုးတို့ကို အင်္ဂလိပ် အခေါ်အဝေါ်ဖြင့် သင်ပေးထားခဲ့သည်။ မြင့်မိုရ်လည်း အင်္ဂလိပ်လို ဖြေဆိုလိုက်သည်။

"မဟုတ်သေးဘူးလေ၊ ဒီငါးကို သေသေချာချာကြည့်လေ၊ မင်းဖြေတာကကကူရမ်။ အခုဒီငါးက ငါးဒန်လေ"

" ဆောရီးဆရာ . . . ။ ဒါ BUTTER CAT FISH "

" အေးဟုတ်ပြီ။ ငါးတော့ ငါးပဲ၊ ဒါပေမယ့် အကြေးခွံတွေတော့ရှိတယ်၊ အရေခွံ၊ အရွယ်အစား၊ နှုတ်သီး၊ ခေါင်း၊ တစ်ခုချင်းစီတွေကိုသေသေချာချာမှတ်ထား "

www.burmeseclassic.com

www.burmeseclassic.com



ဆရာကတစ်ခြား စားပွဲဝိုင်းများဆီတို့ ကူးသွားသည်။ ဆရာ ဝေးဝေးရောက်သွားတော့မှ သက်ဝေက

" မြင့်မိုရ် မင်းဘာဖြစ်နေတာလဲ ငိုင်တိုင်တိုင်နဲ့ အန်ကယ်နဲ့ အဆင်မပြေလို့လား "

" ဟာ မဟုတ်ပါဘူး။ မနက်အစောကြီး ခေါင်းလျှော်လိုက်မိလို့ ခေါင်းတွေအုံခဲနေတာပဲ "

"မင်းမလာတာကြာလို့တဲ့၊ မေမေနဲ့ သက်ထက်ကတောင် မေးနေကြသေးတယ်"

"အေးပါ ပြောလိုက်ပါလာမှာပါလို့ ခုတလော မေမေခိုင်းထားတဲ့ ကိစ္စတွေရှိနေလို့ သင်တန်းကို တန်းဝင်နေရတာ၊ သင်တန်းပြီးတော့လည်း မေမေ့ဆီချက်ချင်းပြန်ပြေးနေရတာ. . ."

မြင့်မိုရ်တ ဣန္ဒြေမပျက် အလိုက်သင့် ပြောလိုက်သည်။ သက်ဝေတ မြင့်မိုရ်အမူအရာပျက်နေသည်ကို ရိပ်မိနေသည်။ သို့သော် သူတစ်ပါးပြောမပြလိုသော ကိစ္စကို အတင်းအကျပ်မမေးလိုသဖြင့် မသိလိုက်မသိဘာသာပဲနေပေးလိုက်ပါသည်။

သက်ဝေတို့ သက်ထက်တို့က ဖိုးစိန်လမ်းထဲတွင်နေသည့်မို့ ယခုတက်ရောက်နေသော စားဖိုမှူးသင်တန်းကျောင်းနှင့် နီးသည်။ မြင့်မိုရ်က ရှစ်မိုင်ဘက်မှလာသူမို့ သင်တန်းသို့မသွားခင် တစ်နာရီ နှစ်နာရီကြိုတင်ပြီး ရောက်ရောက်လာခြင်းဖြစ်သည်။

အချက်အပြုတ်ကောင်းသော အန်တီ ဒေါ်သက်သက်လွင်၏ လက်ရာ စားဖွယ်တစ်မျိုးမျိုးစားရတာပျော်သည်။ ကိုသက်ပိုင်ထံမှ စာအုပ်ကောင်းတွေ ငှါးဖတ်ရတာပျော်သည်။ သူငယ်ချင်း သက်ဝေနှင့် သီချင်းနားထောင်ရတာပျော်သည်။ စာအတူတူကျက်ရတာ ပျော်သည်။

အပျော်ဆုံးကတော့ သက်ထက်နှင့်ဆုံရတာကိုပါပဲ။ သင်တန်းတက်နေရင်း စိတ်တို့က သက်ထက်ထံလွင့်ကနဲ ဝဲပျံသွားသည်။ သက်ထက်လည်း သူ့ကို လှိုက်လှိုက်လှဲလှဲ သတိရနေမိသည်။

✿✿✿✿✿

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

သက်ထက်စိတ်ထဲ ညစ်ညစ်ညူးညူးရှိလှသည်မို့ နန္ဒာ၊ စန္ဒာတို့နှင့် အတူကန်ဘောင်ပေါ် လိုက်ခဲ့သည်။ ခုံတန်းလျားတစ်ခုမှာ ပူးကပ်ထိုင်နေကြရင်း ဝန်းကျင်ရှုခင်းများကို ငေးကြည့်နေပါသည်။

အရှေ့ရေပြင်က လှဲ့လှဲ့လေးစိမ်းကာ ရိရိလေးပြာနေသည်။ လေအဝေ့တွင် ပင်အိုပင်မြင့်များမှ သစ်ရွက်သစ်ကိုင်းများသာ ဆတ်ဆတ်ခါနေသည်မဟုတ် ရေမျက်နှာပြင်သည်လည်း လွန့်လွန့်လေးလူးတက်လေသည်။

အချို့သော ချစ်သူစုံတွဲလေးများက ကြင်ကြင်နာနာ ယုယုယယစကားတွေ ပြောနေကြသည်။ အချို့ကျတော့ စိတ်ဆိုး စိတ်ကောက်တကောက်ကဆ ဖြစ်နေကြသည်။ အချို့ကျတော့ မဝံ့မရဲ ရှက်ကိုးရှက်ကန်း။ အမျိုးမျိုး အဖုံဖုံ ရသစုံ မြင်တွေ့နေရသည်။

နန္ဒာက ကြွေရုပ်လေး ထိုင်နေသော်လည်း စန္ဒာတတော့ အာလူးကြော် တကျွတ်ကျွတ်ဝါးနေသည်။ သူ့အိပ်ထဲမှာ သည်တစ်ထုပ်တုန်သွားလျှင် ထပ်ဖြုတ်ရန် နောက်တစ်ထုပ်က အဆင်သင့်။

"မမနန္ဒာ ဒီနေရာလေးရောက်တော့ ကိုလေးတို့ သတိမရဘူးလား"

သက်ထက်က နန္ဒာကို နောက်ပြောင်ကျီစယ်လိုက်သည်။

"မရပါဘူး သက်ထက်ရယ်"

"မမနန္ဒာက သတိမရပေမယ့် ကိုလေးသာဒီနေရာ ရောက်လာရင် မမနန္ဒာကို သေချာပေါက် သတိရမှာပဲသိလား"

သဘောကောင်းသော နန္ဒာကရယ်နေသည်။

"နေစမ်းပါအုံး။ မမနန္ဒာကိုတော့ ပေါက်ကရတွေ လျှောက်မေးနေပြီး မမနန္ဒာက တစ်ခုပြန်မေးရင်ကော သက်ထက် မှန်မှန်ဖြေမှာလား"

"ဘာအကြောင်းမေးမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သက်ထက်အကြောင်းပေါ့၊ တိတိကျကျပြောရရင် သက်ထက်နဲ့ ကိုမြင့်မိုရ် ဘယ်လိုအခြေအနေလဲဆိုတာ"
ဟာ. . . ဘာဆိုင်လို့လဲဟု သက်ထက်ချက်ချင်းပဲ နှုတ်ကထွက်သည်။

မျက်နှာလေးကတော့ မသိမသာလေးရဲတက်လာသည်။

အစားအသောက် ဦးစားပေးနေသော စန္ဒာကပါ ဝင်ပါလာတော့သည်။

" အေး ဟုတ်တယ် သက်ထက် ဒီကိစ္စကို ငါလည်းသေသေချာချာသိချင်တယ် "

"တဲ့ . . . ဘာမှမှ မဟုတ်ကြတာ ငါကဘယ်လို ဖြေရမှာလဲ" ခပ်တည်တည် မျက်နှာထားဖြင့် သက်ထက် မရမက ငြင်းဆန်သည်။

" ခေနန္ဒာ စိတ်ထင်တာ ပြောရရင်တော့ ကိုမြင့်မိုရ်က သက်ထက်ကို ချစ်နေပုံရတယ်။ သူငယ်ချင်းရဲ့ ညီမလေးမို့ စည်းစောင့်တဲ့အနေနဲ့ ဖွင့်မပြောသေးတာပဲ ဖြစ်မယ်၊ ဒါမှ မဟုတ်ရင်လည်းသက်ထက်အသက်တလေး နည်းနည်းငယ်နေသေးလို့ဖြစ်စေ၊ သက်ထက်ကျောင်းမပြီးသေးလို့ဖြစ်စေ သူအချိန်စောင့်နေ တာပဲဖြစ်မယ် "

နန္ဒာပြောသည့်အတိုင်း သက်ထက်လည်းတွေးကြည့်ဖူးပါသည်။ သည်အချက်အလက်များကြောင့် ပွင့်ပွင့်လင်းလင်း ဖွင့်ဟချစ်ရေးမဆိုသေးသည်ဆိုလျှင် သက်ထက်ဝမ်းသာရမှာပါ။

သို့မဟုတ်ပါက အခြားသော အကြောင်းအရာများရှိနေလျှင်ဖြင့် သက်ထက်ရင်ကွဲရမှာပဲ။

" ရည်စားစကားပြောတာပဲ ဘယ်အချိန်ချိန်ပြောပြောပြောပစ်လိုက်ပေါ့၊ လက်ထပ်ခွင့်တောင်းတာမှ မဟုတ်တာ။ အခြေအနေတွေအချိန်အခါတွေစောင့်ကြည့် နေစရာမလိုပါဘူး။ စန္ဒာတော့ အဲဒီလိုတအုံနွေးနွေးနေတာကြီးကို စိတ်တိုတယ် "
စန္ဒာက အားမလိုအားမရပြောလိုက်သည်။ စန္ဒာပြောတာလည်း ဟုတ်နေတာပါပဲ။

ရည်စားစကားပြောတာပဲ လက်ထပ်ခွင့်တောင်းတာမှ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တာ။ ပထမကိစ္စ ပထမလုပ် ဒုတိယကိစ္စ ဒုတိယလုပ်ပေါ့။ ခုတော့ တိုကိုသူရဲဘောကြောင်လွန်းသည်။

" မမနန္ဒာမှာ သက်ထက်နဲ့ ကိုမြင့်မိုရ်လို ဇာတ်လမ်းမျိုးနဲ့ သူငယ်ချင်း နှစ်ယောက်ရှိတယ်သိလား။ ကောင်မလေးနာမည်က မေမိုးတဲ့။ သူ့ကိုချစ်နေတဲ့ သူငယ်ချင်းနာမည်က ကိုလတ်တဲ့။ မေမိုးတ မိုးကုတ်ဇာတ်လေ . . . "

နန္ဒာက သူငယ်ချင်းနှစ်ယောက်၏ အကြောင်းကို အေးအေး ဆေးဆေးပြောပြနေသည်။

မေမိုးက အရမ်းချောတာပဲ။ ချောရုံတင်မကဘူး သိက္ခာလည်း အရမ်းရှိတယ်။ ဆံပင်အရှည်ကြီးနဲ့ အရမ်းလည်းမဟာဆန်တာပဲ။ သူ့မိဘ ဘိုးဘွားတွေ သိပ်စည်းကမ်းကြီးသလို သိပ်လည်းချမ်းသာကြ တယ်။ မျိုးရိုးစဉ်ဆက် ချမ်းသာလာကြတာ။

မေမိုးကို ဘွဲ့ရပညာတတ် တစ်ယောက်ဖြစ်စေချင်လို့သာ တက္ကသိုလ်တက်ခွင့်ပေးတာ အိမ်နဲ့ကျောင်း၊ ကျောင်းနဲ့အိမ်တလွဲလို့ ဘယ်မှထွက်ခွင့်မပေးဘူး။ ကလေးငယ်ငယ်လေး တစ်ယောက်ကို ထိန်းသလိုကြပ်ကြပ်မတ်မတ် ထိန်းတာ။ ဘယ်သူငယ်ချင်း အိမ်ကိုမှ လိုက်လည်ခွင့်မပေးသလို ဘယ်သူငယ်ချင်းမှ မေမိုးအိမ်ကို မရောက် ဖူးကြဘူး။ သင်္ကြန်ရေပက်ဘို့တို့၊ သီတင်းကျွတ်၊ တန်ဆောင်တိုင်ပွဲဈေး လည်ဘို့ ပွဲလမ်းသဘင်တစ်ခုခုသွားခွင့်ရဘို့ ဆိုတာအဝေးကြီးပဲ။

နန္ဒာကလေသံ အေးအေးလေးဖြင့် ပုံပြင်လေးတစ်ပုဒ် ပြောသ လို ပြောပြနေသည်။ မမနန္ဒာ အပြောကောင်း၍ စန္ဒာနှင့် သက်ထက်ပါ မေမိုးကို လူချင်းမမြင်ဖူးပါပဲနှင့် ဂရုဏာသက်မိ နေကြတော့သည်။

" မေမိုးကို ကိုလတ်ဆိုတဲ့ မမနန္ဒာတို့ သူငယ်ချင်းတစ်ယောက် က ချစ်နေတယ်။ ဒါကို အားလုံးသိသလို မေမိုးလည်းသိပါတယ်။ မေမိုး ကိုယ်တိုင်လည်း ကိုလတ်အပေါ် တော်တော်လေး သံယောဇဉ်ရှိနေ တယ်။ ဒါပေမယ့် ပြန်မချစ်ရဲဘူး။ မေမိုးတို့ တစ်မျိုးလုံးတစ်ဆွေလုံးမှာ က သူ့ဟာနဲ့သူ အသီးသီး စာရင်း ဇယားဆွဲပြီးသား။ ဒါကြောင့်မေမိုးက

www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်ကိုရှောင်တယ်။ ကိုလတ်သူ့ကို ဖွင့်ပြောလိုက်မှာ သိပ်ကြောက်တယ်။ ကိုလတ်ဖွင့် ပြောရင် သူငြင်းလည်း မငြင်းရက်ဘူး။ မငြင်းရက်လို့ လက်ခံရဲသလားဆိုတော့ လက်လည်းမခံရဲဘူးလေ . . . ”

မမနန္ဒာ၏ စကားသံ ခဏအနားမှာ စန္ဒာနှင့် သက်ထက်တို့ နှစ်ယောက်လုံး နှုတ်ဖျားမှ သနားပါ တယ်နော် . . . ဟု ပြိုင်တူထွက်သွားသည်

မမနန္ဒာပြောပြသော ဇာတ်လမ်းလေးကို နားထောင်ရင်းမှ တိုတိုသတ်ထက်ကို ချစ်စကားမဆိုတာ သူ့မှာလည်း သူ့မိဘတွေ သဘောတူထားတဲ့လူ ရှိနေလို့များလားဟု အတွေးဝင်လာခဲ့သည်။ ဒါမှမဟုတ်ရင်လည်း တိုတို့မှာ သတ်ထက်တို့မသိနိုင်တဲ့ ချစ်သူတစ်ယောက်များ ရှိနှင့်နေလို့လား။

*သက်ထက် အရမ်းပဲ ရင်မောသွားမိသည်။*

တန်ဆောင်မှ အပြန်မှာတော့ သက်ထက်ခြေလှမ်းတွေ နှေးကွေးလေးလံနေသည်နှယ် သက်ထက်၏စိတ်တို့ ထိုင်းမှိုင်းနေတော့သည်။

✿✿✿✿✿

## အခန်း(၅)

စန္ဒာတို့ ညီအစ်မနှစ်ယောက်က တစ်ဘက်ခြံထဲသို့ ဝင် သွားပြီး သက်ထက်က ကိုယ့်ခြံထဲကိုယ်ဝင်လာခဲ့သည်။ ဧည့်ခန်းကျယ်ကြီးမှ တစ်ဆင့် အိမ်ပေါ်ထပ်လှေကားသို့ တက်ရန်ပြင် လိုက်စဉ် ထမင်းစားခန်းဘက်မှ မေမေ့အသံက ထွက်လာသည်။

“ သက်ထက်ရေ . . . တစ်ခါတည်း ထမင်းလာစားလေ။ ဒီမှာဖေဖေနဲ့ကိုကြီးစားနေကြပြီ။ မေမေက သမီးလေးကို စောင့်နေတာ” တကယ်ဆို ဘာဆိုဘာမှ စားလိုစိတ်မရှိပါသော်လည်း မေမေ့စကား မပယ်ရှားလို၍ သက်ထက်ထမင်းဝိုင်းထဲသို့ ဝင်လိုက်သည်။ မေမေ ခူးခပ်ပေးသော ထမင်းပုံကိုကြည့်ပြီး မကုန်နိုင်မှန်းသိ၍ သက်ထက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



အနီးဆုံးတွင် ထိုင်နေသော ကိုကိုကြီးသက်ပိုင်၏ ပန်းကန်ထဲသို့ ခွဲထည့်လိုက်သည်

" နည်းလှချည်လား။ Slim ဖြစ်အောင် ထိန်းနေတာလား။ အပိုတွေမလုပ်နဲ့ ညီမလေး။ စားစရာရှိတာစား၊ ညည်းတို့အရွယ်က လျှော့စရာမလိုသေးဘူး " ကိုကြီးက သက်ထက် ညစာလျှော့သည် ထင်ပြီးဆုံးမနေသည်။

" မလျှော့ပါဘူးကိုကြီးရယ်။ ကန်ဘောင်မှာ စန္ဒာတို့နဲ့ ဘရာကြော်တွေ စားလာခဲ့လို့ပါ"

ဖေဖေကတော့ ပင်ကိုယ်စကားနည်းသူမို့ ဘာမှမပြောပဲ ထမင်းကိုသာ သပ်သပ်ရပ်ရပ်စားနေသည်။ သူ့ပန်းကန်ထဲသို့ ဟင်းတစ်တုံးခပ်ထည့်ရန် ပြင်ပြီးမှ သူ့ပန်းကန်ထဲ မထည့်ဖြစ်ပဲ သက်ထက်၏ ပန်းကန်းထဲသို့ ထည့်ပေးလိုက်သည်။

ဖေဖေက စကားသိပ်မပြောပဲနှင့် သက်ထက်ကိုသိပ်ချစ်သူဖြစ်သည်။ ဖေဖေတင်လားဆိုတော့ ဘယ်ဟုတ်မှာလဲ။ မေမေလည်း သက်ထက်ကိုချစ်သည်။ ကိုကိုကြီးလည်း သက်ထက်ကိုချစ်သည်။ ကိုကိုလေးလည်း သက်ထက်ကိုချစ်သည်။

ကိုကိုမြင့်မိုရ်ကတော့ သက်ထက်ကို ချစ်လားသိချင်လိုက်တာကွယ် . . .။

☆☆☆☆☆

## အခန်း(၆)

ညည့်နက်သန်းခေါင် တယ်လီဖုန်းခေါင်းလောင်းသံမြည်လာသဖြင့် သက်ထက်လန့်သွားသည်။

တစ်အိမ်လုံး တိတ်ဆိတ်အိမ်မောကျနေကြပြီ။ သက်ထက်သာ ကိုကို့အကြောင်းတွေ စဉ်းစားနေမိရင်း တလူးလူး လိမ့်လိမ့် အိပ်မပျော်နိုင်တာမို့ ဖုန်းသံကို ချက်ချင်းပဲကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးတို့ ကိုလေးတို့များဖုန်းထထူးကြမလားတွေးပြီး ခဏစောင့်သည်။

ဖေဖေ သို့မဟုတ် မေမေများနိုးလာမလားစောင့်နေမိ ပြန်သည်။

ဘယ်သူကမှ ဖုန်းလာမကိုင်၍ သက်ထက်ပဲ ပြေးကိုင် လိုက်ရသည်။ ဘယ်သူများ ဘာဖြစ်လို့ ခုလိုအချိန်မတော်ဖုန်းဆက် အကြောင်းကြားတာလဲ။ စိုးထိတ်စိတ်ပူစွာ ဖုန်းခွက်ကို မယူလိုက်သည်။

"ဟဲလို. . . ."

"သက်ထက်. . ."

အို. . . တမ္ဘာပေါ်မှာရှိရှိသမျှ ပန်းပွင့်များပြိုင်တူပွင့်လန်းလာကြပြီလား။

လောကကြီးတစ်ခုလုံး ရှိရှိသမျှ ဆည်းလည်းသံများ ချိုလွင်လာကြလေသလား။

"တိုတို ဘာဖြစ်လို့လဲဟင်။ ဘာဖြစ်လို့ အချိန်မတော် ဖုန်းခေါ်ရတာလဲ . . ."

ကြည်နူးပီတိများစွာဖြင့် လှုပ်လှုပ်ခတ်ခတ်လေး သက်ထက်မေးလိုက်သည်။

မြင့်မိုရ်က ဘာမှမပြောပဲ ဖြည်းညှင်းစွာရယ်နေသည်။ ကိုတိုရယ်သံ ချိုချိုသည် သံစဉ်လှလှလေး တစ်ပိုဒ်နှယ် သက်ထက်၏ နားထဲသို့ စီးမျောဝင်လာသည်။

" ကိုကို သက်ထက်မေးနေတာဖြေလေ။ ဘာဖြစ်လို့ ဒီအချိန်ကြီး ဖုန်းဆက်တာလဲလို့ "

" ဒီနေ့ ဘယ်နှစ်ရက်လဲ "

" ၃၁ ရက်လေ "

" ဘယ်နှစ်နာရီလဲ"

" ဟာ ဘာတွေလာမေးနေတာလဲကွာ။ အိပ်ရာထဲက နိုးထလာကာ ဘယ်နှစ်နာရီလဲတော့ ဘယ်လိုလုပ်သိမှာလဲ"

" ဒါဆိုသွားကြည့်လိုက်"

ကိုကိုပြောသည့်စကားကို သက်ထက်မငြင်းချင်၍ နာရီထီ

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်သည်။

"ဆယ့်နှစ်နာရီနဲ့ ငါးမိနစ်၊ အဲဒါဘာဖြစ်လဲ"

မြင့်မိုရ်ကရယ်ပြန်သည်။

"ကိုကို ရူးနေလား။ မဟုတ်တဲ့အချိန်လည်းဖုန်းဆက်သေးတယ်၊ ဘာတွေပြောနေမှန်းလည်းမသိဘူး။သက်ထက်ဖုန်းမကိုင်ဖြစ်ပဲ ဖေဖေတို့ ကိုကိုကြီးတို့ ဖုန်းလာကိုင်တော့ ဘယ်လိုလုပ်မလဲ"

"အဲဒီတော့လဲ သက်ဝေကိုလှမ်းခေါ်လိုက်မှာပေါ့၊ ဒါပေမယ့် ကိုကိုကသေချာပေါက်သိနေတယ် သက်ထက်ရဲ့"

"ဘာသိတာလဲ"

"အန်ကယ်နဲ့ အန်တီအခန်းကဖုန်းနဲ့ဝေးတယ်၊ ကိုသက်ပိုင်နဲ့သက်ဝေက ယောကျ်ားလေးတွေမို့ နှစ်နှစ်ခြိုက်ခြိုက်အိပ်နေမှာပဲ၊ ဖုန်းမြည်လာရင် မနေနိုင်ပဲ ဖုန်းထကိုင်မှာ သက်ထက် တစ်ယောက်တည်းရှိတယ်လို့၊ ဒါနဲ့ပဲ. . ."

စကားကိုဖြတ်ထားလိုက်ပြန်သည်၊

သက်ထက် စိတ်မတို တိုအောင် အသည်းမယား ယားအောင် မြင့်မိုရ်သက်သက် စနေခြင်းပဲဖြစ်သည်၊

"ကဲပါ မစ္စတာရှားလော့ဟုမ်းရယ်၊ ဖုန်းဆက်ရတဲ့အရေးကြီးကိစ္စလေးကိုပဲ အမိန့်ရှိပါတော့ သက်ထက်စိတ်ပူလှပြီ. . ။"

"ပြောပြမယ်၊ သက်ထက်သေသေချာချာလေးနားထောင်နော်၊ ဒီညက ဒီဇင်ဘာ ၃၁-ရက်ည၊ ဆယ့်နှစ်နာရီဆယ်မိနစ်ကျော်လာပြီဆိုတော့ ဇန်နဝါရီတစ်ရက်နေ့ထဲ ဝင်လာပြီ နှစ်သစ်ကူးပြီ သက်ထက်ရဲ့။"

ဟယ်. . . ဟုတ်သားပဲ။ကိုကိုပြောမှ သက်ထက် သတိရတယ်၊

မိနစ်ကလေးစွန်းလိုက်တာနဲ့ နှစ်သစ်ဦးနေ့လေးဆီသို့ ရှိုးနင်းဝင်ရောက်လာပြီပဲ။

"Happy New Year ကိုကို သက်ထက်လုံးဝမေ့နေတယ်"

ပျာပျာသလဲ နှုတ်ခွန်းဆက်လိုက်သည်။ "အရေးတကြီး ကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဒါပါပဲ သက်ထက်ရယ်။ နှစ်တစ် နှစ်ရဲ့ ဦးဆုံးနေ့စွဲလေး။ အစ ဦးဆုံး အချိန်အခါလေးမှာ ကိုကိုအခင်မင်အတွယ်ဆုံး သူလေးရဲ့ အသံကို ကြားချင်တယ်။ ကိုကိုသံယောဇဉ်အရှိဆုံးသူနဲ့ စကားပြောချင်တယ်။ ဦးဦးဖျားဖျားမွန်မွန်မြတ်မြတ်တလေးပေါ့။ ကိုကိုပြောတာနားလည်လား"

အား. . . တု သက်ထက်ရင်ထဲမှာ တိတ်တိတ်ကလေး အော်တစ်လိုက်သည်။

ကြည့်စမ်းပါအုံးတွယ်။ ချိုလိုက်တဲ့ ကိုကို့စကားတွေ နားထဲကို များရည်သမုဒ္ဒရာကြီးတစ်စင်း အရှိန်အဟုန်ပြင်းပြင်းနှင့် စီးမျောဝင် ရောက်လာသလိုပါပဲ။

မပြော မပြောနှင့် ပြောမယ့်ပြောတော့လည်း ဆက်တိုက်ကြီးကို ပြောသွားတာပါပဲလား။

ဒါပေမယ့် တစ်ခုခက်နေတာက ကိုကို့ အခင်မင်ဆုံး ကိုကို့ အတွယ်တာရဆုံး ကိုကို့သံယောဇဉ်အရှိဆုံးဆိုသည့် အသုံးအနှုန်းလေး များကိုသာ ဝေ့ဝိုက်သုံးသွားသည်။ ကိုကို့အချစ်ဆုံးဆိုသည့် အသုံးအနှုန်း လေးက သုံးစပါမလာသေးပါလား။

သက်ထက်ဘယ်လိုမှ ထိန်းချုပ်၍ မနေနိုင်တော့ပါ။

စိတ်တွေအရမ်းပဲ ဆူပွက်လာသည်။ ခံစားချက်တို့က အထွင့် အထိပ်ကို ရောက်လာသည်။ ရင်ထဲမှာ ကြည်နူးမြူးပျော်နေရင်းမှ နာကျင်ကြေကွဲလာတော့သည်။

သက်ထက်စိတ်တို့ကို လွှတ်ပေးလိုက်သည်။

"ကိုကို. . ."

"ပြောလေ သက်ထက် ဘာပြောမလဲ"

"သက်ထက်ဟာ ကိုကို့ အခင်မင်အတွယ်တာဆုံး သံယောဇဉ် အရှိဆုံးပဲလား။ ဒါပဲလား ကိုကို. . ကိုကို့အတွက် သက်ထက်ဟာ ဒီလောက်ပဲလား. . ."

ဖွတ်နှစ်ပြောပစ်လိုက်သည်။

မြင့်မိုရ်ဘက်မှ အသံတိတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သက်ထက်လည်း ဘာမှမပြောပဲ ကိုကို့လိုပဲတိတ်တိတ်ကလေး နေလိုက်သည်။ အချိန်တော်တော်လေးကြာတော့မှ မြင့်မိုရ် စကားစလာသည်။

"ကိုကိုမနက်ဖြန်လာခဲ့မယ် သက်ထက်။ Happy New Year နော်"

" Same To You ကိုကို။ မနက်ဖြန်ဆက်ဆက်လာခဲ့နော်။ သက်ထက်မျှော်နေမယ်"

သက်ထက်အလှဆုံးအပြုံးလေးဖြင့် တယ်လီဖုန်း ချလိုက်သည်။

ဒီညတော့ အိပ်မက်လှလှလေး မက်ပါလိမ့်မည်။

ကိုကိုနှင့်စကားမပြောခင်က ကိုကို့အကြောင်းတွေးပြီး လွမ်းစိတ်နှင့် အိပ်မပျော်နိုင်အောင် ဖြစ်ရသည်။ ကိုကိုနှင့် စကားပြောပြီး ပြန်တော့ ကြည်နူးစိတ်ဖြင့် အိပ်မပျော်ပြန်။

ကိုကို မနက်ဖြန် လာမည်တဲ့။

ကိုကို မနက်ဖြန်လာမည်တဲ့။

အဲဒီ ကျရင်. . .။

တွေးရုံနှင့်ပင် ရင်ထဲ လှိုက်ကနဲ ဖိုရသည်။

✿✿✿✿✿

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (၃)

## အခန်း(၁)

မြင့်မိုရ်အိပ်ရာပေါ်တွင် ကန့်လန့်ဖြတ်မှောက်လျက်နေ ရင်းမှ ဓါတ်ပုံလေးတစ်ပုံကို စူးစူးစိုက်စိုက် ငုံ့ကြည့်နေသည်။

ဓါတ်ပုံထဲမှ သက်ထက်က သွားစွယ်ချွန်ချွန်လေးတွေ ပေါ်သည် အထိ လှိုက်လှိုက်လှဲလှဲပြုံးရယ်နေသည်။ သည်ဓါတ်ပုံလေးက စတူဒီယို ခန်းမမှာ အလှရိုက်ထားခြင်းမဟုတ်ပဲ သက်ထက်တို့ ခြံကြီးထဲမှာ ကြက် တောင်အတူတူ ကစားနေကြရင်းမှ စိတ်ကူးရပြီး ဒစ်ဂျစ်တယ် ကင်မရာ လေးဖြင့် ရိုက်ထားခြင်းဖြစ်သည်။

အဲဒီနေ့က သူ့အိတ်ထဲမှာ ကင်မရာပါလာသည်ကို စန္ဒာမသိ အောင် သက်ဝေမသိအောင် သိုသိုသိပ်သိပ်ကလေးနေပြီးမှ သက်ထက် ကို အသာလက်ကုပ်ခေါ်ကာ ခြံထောင့်သစ်ခွရုံနဘေးမှာ တိတ်တဆိတ် ရိုက်ပေးထားခြင်းဖြစ်သည်။

ဓါတ်ပုံလေးကို ကူးပြီးပြန်တော့ သက်ထက်ကိုလည်း တစ်ပုံ ပေးကာ မြင့်မိုရ်ကိုယ်တိုင်အတွက် တစ်ပုံယူသည်။ သူ့အတွက်သူယူ သည့် သက်ထက်၏ ဓါတ်ပုံလေးကိုပင် ရိုးရိုးမယူခဲ့။ ဓါတ်ပုံနောက် ကျောမှာ စာရေးပေးရမည်ဟု တောင်းဆိုခဲ့သည့်အတွက် သက်ထက် ကစာရေးပေးခဲ့သည်။

မြင့်မိုရ်ရို့ . . .

သက်ထက်ခိုင်

www.burmeseclassic.com

www.burmeseclassic.com



သက်ထက်၏ လက်ရေးသေးသေးညီညီလေးတွေကို မရေမတွက်နိုင်အောင် အထပ်ထပ်အခါခါဖတ်လိုက်၊ သက်ထက်၏ ချစ်စရာမျက်နှာချိုချိုလေးကို မမှိတ်မသုန် ကြည့်လိုက်နှင့် မြင့်မိုရ်ရှူး ချင်တိုင်းရှူးနေသည်။

"ဟိတ်. . ."

အနားနားကပ်ပြီး လှန့်လိုက်သော အသံကြောင့် မြင့်မိုရ်တကယ်ပင် လန့်ဖျက်သွားသည်။

သက်ထက်၏ ဓါတ်ပုံလေးကို ခေါင်းအုံးအောက်ထဲ အလျင်အမြန် ထိုးသွင်းလိုက်ပေမယ့် မမကမြင်သွားပြီ။

"ဘာတွေဖွက်နေတာလဲ မင်းမင်း။ မမကိုတော့ပြပါကွာ"

မမက သူ့ကို အိမ်နာမည် မင်းမင်းဟုပဲ ခေါ်သည်။ မြင့်မိုရ်က ဓါတ်ပုံကိုဖိထားသော ခေါင်းအုံးပေါ် ခေါင်းတင်အုံးထားပြီး ဓါတ်ပုံလေးကို မမနှိုက်မယူအောင်ကာကွယ်သည်။

"မပြရင်လည်းနေပေါ့။ မမက ဓါတ်ပုံမကြည့်ရပေမယ့် အဖြေမှာ မြင်ဖူးပြီးနေပြီ။ ငယ်ငယ်လေး ချောချောလေး အသားဖြူဖြူ မျက်နှာလေးက သွယ်ကျပြီး မေးရိုးမြင့်မြင့်လေးနဲ့ ဆံပင်ကပုခုံးတော့်နေပြီ။"

မမပြောနေသော စကားများကို ရယ်ရင်းမောရင်း နားထောင်နေရင်းမှ မြင့်မိုရ်မျက်လုံးပြူးသွားသည်။

ပထမတော့ မမအိုက်တင်ကောင်းကောင်းဖြင့် သူ့ကို အစ်အောက်နေတာပဲဟုတွေးသည်။

နောက်တော့ မမပြောတာတွေက သေချာတိကျလာသဖြင့် သူနည်းနည်းလန့်လာသည်။

သူနှင့် သက်ထက်ကိစ္စကို သူ့ဘက်မှ ဘယ်သူ့ကိုမှ အသိမပေးချင်သေး။ မမသိလျှင် ဖေဖေသိသွားမည်။ ဖေဖေသိလျှင်မေမေသိသွားမည်။ ဖေဖေနှင့်မေမေသိပြီးလျှင် ဘွားဘွားကြီးသိသွားမည်။ ဒါကို မြင့်မိုရ် အကြောက်ဆုံးပါပဲ။

"ဟားဟား မင်းမင်းတို့ ဝန်မခံသေးဘူးနော်၊ ဒါဆိုမမဆက်

www.burmeseclassic.com



ပြောပြမယ်။ ကောင်မလေးက အဲဒီနေ့က ချောကလက်ရောင် ဂါဝန်လေးနဲ့။ တစ်ခြားလူတွေ အညိုရောင် ချောကလက်ရောင် ဝတ်ရင်ရင့်သွားတတ်ပေမယ့် အဲဒီကောင်မလေး အဲဒီအရောင်ဝတ်တော့ မရင့်ပဲ ဖွေးဥနေတာပဲ။ မင်းမင်းတို့နှစ်ယောက် MR-BROWN ထဲဝင်သွားတယ်”

ဟုတ်ပြီ။ ဒါဆိုသေချာပါပြီ။ မမည္ာဝါးပြီးဖြန်းနေတာ မဟုတ်။ ခြိမ်းခြောက်အစ်အောက်နေတာမဟုတ်။ အမှန်တကယ် တွေ့ခဲ့၍သာ ဝိုင်ဝိုင်နိုင်နိုင်ပြောနေခြင်းဖြစ်သည်ပဲ။

မြင့်မိုရ်က တစ်ခါတစ်ခါမှာ သက်ထက်၏ကွန်ပျူတာသင်တန်းခန်းအောက်မှာ သွားစောင့်နေတတ်သည်။ သက်ထက်ရဲ့ သင်တန်းပြီး၍ ဇူလိုင့်အိမ်ပြန်ကြလျှင် သူတို့သုံးယောက် တစ်နေရာရာမှာ ခုန့်သွားစားတတ်ကြသည်။ များသောအားဖြင့်တော့ ဇူလိုင်က အလိုက်တသိရှောင်သည်။

အကြောင်းတစ်ခုခုပြတာ သူဟာသူအိမ်ပြန်သွားတတ် သည်။

မြင့်မိုရ်နှင့်သက်ထက်နှစ်ယောက်ထဲဆိုလျှင် သန့်သန့်ပြန့်ပြန့်ဆိုင်လေးတစ်ဆိုင်သို့သွားကာ အအေးဖြစ်ဖြစ်၊ အနွေးဖြစ်ဖြစ် တစ်ခုခုသောက်ရင်း ဟိုမရောက် ဒီမရောက်စကားလေးတွေ ပြောတတ်ကြသည်။

သက်ထက်အကျီပန်းရောင်လေးဝတ်လာသည့်နေ့က ပန်းနုရောင်လွှမ်းသောနေရာ ထိုင်ခင်းခင်းကျင်းပြင်ဆင်ထားသော စားသောက်ဆိုင်ကလေးဆီသို့ သွားခဲ့ကြသည်။ မမတွေ့ခဲ့သည်ဟု ပြောသည့်နေ့ကတော့ သက်ထက်က အညိုရောင်ကလေးဝတ်လာသဖြင့် MR-BROWN ကော်ဖီဆိုင်လေးမှာသွားပြီး ကော်ဖီသောက်ခဲ့ကြသည်။

မမက စကားဆက်ပြန်သည်။

“မမနဲ့ဖေဖေက မွတ်ဆလင်ဆေးရုံမှာ ဖေဖေ့မိတ်ဆွေ ဆေးစစ်ခဲ့တာကို သတင်းသွားမေးတာ။ မင်းမင်းတို့ကို အဝေးကြီးကတည်းက မမမြင်လို့ဖေဖေ မမြင်အောင် မမက စကားတွေနင်းကာ်န်ပြောပြီး အာရုံလွှဲကာ”

www.burmeseclassic.com

www.burmeseclassic.com



"မမ. . . မမ ဖေဖေ့ကို တိုင်မပြောဘူးလား"
မြင့်မိုရ် အမောတကော မေးလိုက်သည်။
"မတိုင်ပါဘူး မင်းမင်းရယ်"
"ဘာဖြစ်လို့ မတိုင်တာလဲ"
"မင်းမင်းအဆူခံရမှာစိုးလို့ပေါ့"
မမ၏စေတနာကို မြင့်မိုရ် ပြက်ပြက်ထင်ထင်မြင်လိုက်ရပြီ။
မထူးတော့ပါဘူးလေ။ ဖြစ်ချင်ရာဖြစ် မမတစ်ယောက်ကိုတော့ ဖွင့်ပြောပြထားမည်ဟု မြင့်မိုရ်ဆုံးဖြတ်လိုက်သည်။
"မမနဲ့ ကျွန်တော်ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရအောင်လား။"
"ကောင်းတာပေါ့။ မင်းမင်းပြောစရာ ရှိတာပြောပြီးရင် မမလည်းပြောစရာရှိတာ ပြန်ပြောမယ်နော်။ ခုတော့ ခဏနေအုံး။ ဖေဖေနဲ့မေမေအပြင်သွားမှ ပြောကြမယ်။ ကဲ ပေးပေးလျှော်စရာရှိတဲ့ အကျႌတွေမမလာယူတာ"
မြင့်မိုရ်က သူ့တီရှပ်အပြာနုနှင့် အပြာရင့်အစင်းတျားလေးကို လျှော်ရန်ပေးလိုက်သည်။
မမက မြင့်မိုရ်ပေးလိုက်သော တီရှပ်တင်မက ညအိပ်ဝတ်စုံ အညိုကွက်ကလေးကိုပါ ယူသွားသည်။ မြင့်မိုရ်ကို မမသိပ်ချစ်တာ မြင့်မိုရ်ကောင်းကောင်းသိပါသည်။ မမကိုလည်း မြင့်မိုရ်ချစ်ပါသည်။

✿✿✿✿✿

## အခန်း(၂)

"ဖေဖေနဲ့မေမေ အပြင်ထွက်သွားကြပြီ။ မင်းမင်းခြံထဲဆင်းခဲ့။ မမကြိမ်ဆက်တီတွေချထားတယ်။"
လှေကားရင်းမှ အတင်းအော်လိုက်သော မမ၏အသံကြောင့် မြင့်မိုရ်ချက်ချင်းပဲ အောက်ထပ်ဆင်းခဲ့သည်။ အောက်ထပ်မှာ မမကိုမတွေ့တော့ ခြံထဲဆင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အရိပ်ကောင်းသော ရေတမာပင်အောက်မှာ ကြိမ်ဆက်တီချထားသည်။ စာပွဲခုံပေါ်မှာက သူကြိုက်သော လိုင်ချီးစ်ဖျော်ရည်ဖန်ခွက်။ မမက သူ့အတွက် အစစအရာရာ ဂရုစိုက်တက်သည်ပဲ။

မြင့်မိုရ်နှင့် မမ ပွင့်ပွင့်လင်းလင်းဆွေးနွေးကြသည်။

မြင့်မိုရ်က သူသက်ထက်ကို သိပ်ချစ်ကြောင်း၊ သက်ထက်သူ့ကိုသိပ်ချစ်နေတာလည်း သူရိပ်မိနားလည်နေကြောင်း သို့ပါသော်လည်း မမ၏ စိတ်သဘောထားမည်သို့ မည်ပုံရှိလိမ့်မည်ကို မခန့်မှန်းရဲသည်မို့ သက်ထက်ကို တစ်ခွန်းတစ်စမျှ မဖွင့်ဟသေးကြောင်း ချစ်လျက်နှင့် မြိုသိပ်ကျိတ်မှိတ်ရသည်မှာ နှစ်ယောက်လုံးအတွက် အလွန်တရာမှ ဝင်ပန်းနေပြီမို့ ဖွင့်ဟပြောချင်ပြီဆိုသည့်အကြောင်း၊ သို့ပါသော်လည်း မမတော့နပ်မှသာ သည်ကိစ္စကို မြင့်မိုရ်ရှေ့တိုးမှာ ဖြစ်ကြောင်း၊ မမ သဘောမတူလျှင်ဖြင့် မြင့်မိုရ်ရင်ကွဲခံပြီးနောက်ပြန် လှည့်မှာပဲ ဖြစ်ကြောင်းများကို ပြောပြလိုက်သည်။

"မမအရမ်းဝမ်းသာတာပဲ မင်းမင်းရယ်။ မမက မင်းမင်းမှာ ချစ်သူတွေ ဘာတွေမရှိသေးဘူးမှတ်လို့ မမကိစ္စကိုလည်း မပြောရဲပဲ ငြိမ်နေရတာ။ ယောကျ်ားလေးဖြစ်တဲ့ မင်းမင်းက ဘာဇာတ်လမ်းမှမရှိပဲ မမကအကြီးဖြစ်ပြီးဇာတ်ရှုပ်တယ် ဖောက်ဖျက်တယ်ဖြစ်မှာစိုး လို့မမလည်း ရင်ကွဲခံနေရတာ။"

သည်စကားစုဖြင့် မမက စ,ပြောကာ သူ့မှာလည်း ချစ်သူရှိနေကြောင်း ပထမတော့ ကိုယ့်အကြောင်း ကိုယ်သိနေသဖြင့် အောင့်အည်းစောင့်ထိန်းနေကြောင်း စည်းကမ်းကြီးလှသော ဖေဖေ၊ မေမေ၊ ဘွားဘွားတို့၏ ဩဇာအရှိန်အဝါအောက်မှ ဘယ်လိုမှ အလွတ်ရုန်း၍ မရနိုင်မှန်းသိသဖြင့် တွင်တွင်ငြင်းခဲ့ကြောင်း၊ ခုတော့ဖြင့် မင်းမင်းကျေနပ်သဘောတူနိုင်သည်ကို အံ့ဩစဖွယ်သိလိုက်ရသဖြင့် အရမ်းကို ကျေးဇူးတင်ဝမ်းသာရကြောင်းများကို ကြည်နူးမျက်ရည် အဝဲသားဖြင့် ပြောပြသည်။

"ဒါဆို မမနဲ့ကျွန်တော် လူကြီးတွေကို ရှင်းရှင်းဖွင့်ပြောကြမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ မင်းမင်းပြောမလား၊ မမပြောရမလား"

"ဒီလိုလုပ် တစ်ယောက်ကို တစ်ယောက်စီ တာဝန်ယူကြေး"

"ဘာလဲဟာ မမနားမလည်ပါဘူး"

ပင်ကိုယ်ကရိုးသော အေးသော မမသည် မြင့်မိုရ်၏စကားကို ဘယ်လိုမှ နားမလည်ပါ။

"မမက ဖေ့ဖေ့ကိုပြော။ ကျွန်တော်က မေ့မေ့ကို ပြောမယ်"

"အင်းကောင်းတယ်။ ဒါဆိုကြာတယ်ကွာ။ ဒီညပဲပြောကြမယ်"

မမက တက်တက်ကြွကြွပြောနေသည်။

မူရာမာယာမများတတ်သာ မမသည် ဝမ်းနည်းလျှင်လည်း ဖုံးမနိုင် ဖိမရဝမ်းနည်းတတ်သလို ဝမ်းသာလျှင်လည်း ဖုံးမနိုင် ဖိမရ ဝမ်းသာနေတာပါပဲ။

မမနှုတ်ခမ်းလေးတွေသာ ပြုံးနေသည်မဟုတ်။ မျက်လုံးလေး များပါ ပြုံး၍နေတော့သည်။

မကြာခင်ရက်ပိုင်းအတွင်း မမလိုပဲ သက်ထက်ဆုံးဆိုသော မြင့်မိုရ်၏ချစ်သူလေးသည်လည်း နှုတ်ခမ်းလေးများရော မျက်လုံးလေး များပါ ပြုံးရယ်၍ လာတော့မည်။

ခဏလေးစောင့်ပါ သက်ထက်ရယ်။

* * * * *

အခန်း(၃)

မြင့်မိုရ် မေ့မေ့ကို ဖွင့်ပြောလိုက်သည်။

မမကို ပြောပြခဲ့သလိုသက်ထက်သိပ်ချစ်စရာ ကောင်းပုံတွေ သူ့ကိုလည်း အရမ်းတွယ်တာနေတာတွေ သူကလည်းသိပ်ကိုချစ်နေ မိတာတွေ၊ သက်ထက်တို့မိသားစုတစ်စုလုံး သဘောကောင်းကြပြီး အနေအေးကြတာတွေ၊ သက်ထက်၏ အစ်ကိုနှစ်ယောက်စလုံးနှင့် အစေ့ အရာရာ အဆင်ပြေကြတာတွေ၊ ကောင်မလေးကျောင်းပြီးသော၍

www.burmeseclassic.com



ချက်ချင်းလက်ထပ်ကြမှာလည်းမဟုတ်သဖြင့် ဘွားဘွားကြီး စိတ်ပူစရာလည်းမလိုသေးတာတွေ မေမေ့ကို ကလေးတစ်ယောက် ပူဆာသလို ပြောပြပူဆာနေလိုက်သည်။

သက်ထက်က တစ်ဦးတည်းသောသမီး သူ့မှာအစ်မ မရှိသည်မို့ မမနှင့်လည်း အဆင်မပြေစရာမရှိကြောင်း၊ မမကို သူ့အစ်မရင်းတစ်ယောက်လိုပင် လေးလေးစားစား ချစ်ချစ်ခင်ခင်ရှိမှာ သေ ချာကြောင်းများ ပြောပြလိုက်သည်။ ပြီးတော့ အရေးအကြီးဆုံး အချက်တစ်ချက်တို့ဝါ ပြောလိုက်သည်။

"ဘွားဘွားက သက်ထက်ကို မမြင်ဖူးသေးလို့ပါ။ဘွားဘွား သာ သတ်ထက်ကို မြင်ဖူးပြီဆိုရင် အရမ်းချစ်သွားမှာ သက်ထက်က လူကြီးတွေသဘောကျအောင်လည်း သိပ်ပြောတတ်ဆိုတတ်တာ စိတ်ချပါ မေမေရာ၊ မေမေကသာ သဘောတူခွင့်ပြုမယ်ဆိုရင် ကျန်တဲ့ကိစ္စသား တာဝန်ထား။ သားအကုန်လုံး ဆက်စီစဉ်မယ်နော်"

မေမေက မြင့်မိုရ်ကို ပြုံးကြည့်နေသည်။

စိတ်အားထက်သန်လှစွာပြောဆိုတက်ကြွနေသော မြင့်မိုရ်၏ တန်ပန်အမူအရာကို မြင်နေရ၍ဖြင့် သားတစ်ယောက် သူကောင်မလေးကို ဘယ်လောက်ချစ်သလဲဆိုတာ ခန့်မှန်းနိုင်ပါသည်။ အရွယ်ရောက်လာကတည်းက စားဘို့၊ အိပ်ဘို့၊ စာကျက်ဘို့၊ သူငယ်ချင်းတွေနှင့် ပျော်ပျော်ပါးပါးသွားလာလည်ပတ်ဘို့သာ အာရုံရှိပြီး ချစ်သူရည်းစားကိစ္စကို ဘာဆိုဘာမှ မကြားခဲ့ရဖူးသော သားက ခုကျမှပျာပျာ သလဲဖြစ်နေပြီ။ သားပြောပြသဖြင့် သမီးကြီးလည်းသည်ကိစ္စကိုသိနေပြီ။ သမီးကြီးကလည်း ကန့်ကွက်စရာမရှိဟု ပြောခဲ့ပြီဆိုတော့ သူမလိုသားကို သိပ်ချစ်သော မိခင်တစ်ဦးက ဘာဆိုဘာမှ ငြင်းပယ် စရာမရှိတော့ပါ။

"မေမေ့သားလေး စိတ်ချမ်းသာမယ်ဆိုရင် မေမေလည်း စိတ်ချမ်းသာတာပါပဲ သားရယ်။ ဖေဖေ့ကို ပြောပေးမယ်နော်"

မြင့်မိုရ် မေမေ့ကို တအားဖက်ပြီး ရွှတ်ကနဲနမ်းပစ်လိုက်သည်။

"သွားစမ်းပါဟယ်။ မိန်းမယူတော့မယ့်ကောင်က မအေကို

www.burmeseclassic.com

www.burmeseclassic.com



လာချွဲနေရသေး"

"မိန်းမတော့ မယူသေးပါဘူး မေမေရယ်။ မေမေတို့ မမတို့ သဘောကို မသိရသေးလို့ ရင်ကွဲအောင် ချစ်နေရက်နဲ့ ရည်းစားစကားတောင် ဖွင့်မပြောရသေးဘူး။ အခုမှ သွားပြောရမှာ. . ."

မြင့်မိုရ်မေမေ့အနီးတွင် ထိုင်နေရာမှ ဝုန်းကနဲထရပ်ပြီး အခန်းပြင်သို့ တရှိန်ထိုးပြေးထွက်သွားတော့သည်။

✿✿✿✿✿

## အခန်း(၄)

မမကလည်း သူပြဿနာ သူရှင်းပါသည်။

ညဘက်ဖေဖေ စာကြည့်ခန်းထဲဝင်သွားသောအခါ ဖေဖေ့အတွက် မိုင်လိုဖန်ခွက်ကလေးကိုင်ရင်း စာကြည့်ခန်းထဲ ဝင်လိုက်သွားသည်။

"နားနဲ့မနာ ဖဝါးနဲ့နာပါ ဖေဖေ။ သမီးမှာ ချစ်သူရှိနေပြီ" ဟု အစချီကာ သူကိစ္စကို အစအဆုံးပြောပြခွင့်ပန်သည်။

မကြာခင် နာရီပိုင်းလေးမှာတင် မြင့်မိုရ်၏ကိစ္စကို ဇနီးသည်ပြောပြ၍ သိခဲ့ရသည်။

ခုတစ်ခါ သမီးက သူကိစ္စကို တင်ပြလာချေပြီ။

သူတို့မောင်နှမ စည်းဝါးတိုက်ထားကြပုံပေါ်သည်။

သို့မဟုတ်ပါက နှစ်ယောက်သား တိုးတိုးတိတ်တိတ် [illegible] တိုင်ပင်ထားကြသည်ထင်သည်။ တစ်ချိန်တည်း တစ်ရက်တည်း ပြိုင်တူ ဖွင့်ပြောနေကြသည်။

ကိုယ်တိုင်က လူကြီးမိဘ သဘောတူသူကို ယူလာခဲ့ရ သဖြင့် ချစ်သူနှင့်ခွဲရသည့်ဒဏ် အဘယ်မျှပြင်းထန်သည်ကို ကြုံတွေ့ခဲ့သည်ပဲ။ သူ၏သားသမီးများလက်ထက်မှာတော့ သည်လိုဝေဒနာဆိုးကြီး၏ ဒဏ်ရာ ဒဏ်ချက်များကို မခံစားစေလိုပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ မိဘမေတ္တာပဲလေ။

"စိတ်ချမ်းချမ်းသာသာနေပါသမီးရယ်။ ဖေဖေက သမီးတို့အရမ်းချစ်တာပါ။ သမီးဆန္ဒပြည့်ဝစေရမယ်။ ဘွားဘွားကြီးကို ဖေဖေ ခွင့်တောင်းပေးမယ်နော် . . ."

ဖေဖေ့ကို တင်းတင်းကျပ်ကျပ်ဖက်ထားပြီး ဖေဖေ့ရင်ခွင်ထဲမှာ မမရှိုက်တာ ရှိုက်တာငိုမိသည်။

✿✿✿✿✿

## အခန်း(၅)

သည်အကြောင်းအရာတွေက ရက်ပိုင်းအတွင်းမှာပင် ဆက်ကာဆက်ကာ ဖြစ်သွားခြင်းဖြစ်သည်။ မြင့်မိုရ်နှင့်မေမေ၊ မမနှင့် ဖေဖေ မိသားစုလေးယောက်စလုံး အကျေအလည်ဆွေးနွေးပြီးကြပြီမို့ မြင့်မိုရ် စိတ်သက်သောင့်ဝါး ရှင်လန်းနေရသည်။

သည်ကိစ္စမပြေလည်ခင်က သူသက်ထက်ကို ခပ်ရှောင်ရှောင် နေမိသည်။

သင်တန်းသွားခါနီးမှာလည်း သက်ဝေဆီမဝင်ပဲ သင်တန်းကို တန်းသွားသည်။

သင်တန်းပြီးချိန်မှာလည်း သက်ဝေအိမ်သို့ အတူတူမလိုက်ပဲ ကိုယ့်အိမ်ကိုယ်တန်းပြန်သည်။

ယခုကဲ့သို့ ကိစ္စများအားလုံး ပြေလည်ပြီးသားအခါကျမှ သက်ထက်ထံ ဆက်သွယ်ရတော့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ မနက်ဖြန်မနက်ဆို နှစ်သစ်ဦးနေ့မို့ ချစ်သူကို အမွန်မြတ်ဆုံး၊ အစောဆုံး အဦးဆုံး Happy New Year ဟု နှုတ်ခွန်းဆက်နိုင်ခဲ့ပြီ။

ပြီးတော့ မနက်ဖြန်လာခဲ့မည်ဟုလည်း ကတိပေးပြီးသွားပြီ။ တွေ့ကြတော့မှပဲ ပြည့်ပြည့်စုံစုံ ရှင်းရှင်းလင်းလင်းပြောပြတော့မယ် သက်ထက်ရယ်။

www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်စနေနေ့မို့ သက်ထက်တို့ကွန်ပျူတာသင်တန်းရှိသည်။ သင်တန်းပြီးချိန်လောက်မှန်းပြီးကျောင်းအောက်မှာသွားစောင့်နေတော့မည်။

✿✿✿✿✿

အခန်း(၆)

သက်ထက်ဘာအရောင်ဝတ်လာမှာလဲဟု တွေးရင်းမြင့်မိုရ်သင်တန်းခန်းမအောက်နားမှာစောင့်နေသည်။ လူပျိုပေါက်တောင်လေးတစ်ယောက်နှယ့် ရင်တွေကအခုန်မြန်လွန်းလှသည်။

ဆယ်မိနစ်လောက်ကြာတော့မှ ကျောင်းသူကျောင်းသား တွေပြုဆင်းလာတာတွေ့ရသည်။ လူအုပ်ထဲမှာ သက်ထက်ကို စိတ်မောစွာရှာနေမိသည်။ ဟိုကြည့်ဒီကြည့်နေရင်းမှ မြင့်မိုရ်၏ မျက်ဝန်းရိပ်ထဲသို့ ခရမ်းရောင်တောက်တောက်ဝတ်စုံကလေးနှင့် ချစ်စဖွယ်မင်းသမီးငယ်လေးတစ်ယောက် ခိုဝင်လာသည်။

"သက်ထက်"

ရွှန်းမြစွာပြုံးရင်း ဆီးကြိုနှုတ်ဆက်လိုက်သည်။

ညက ဖုန်းပြောထားသည့် အရှိန်ဖြင့် နှစ်ယောက်စလုံး မဝံ့မရဲဖြစ်နေကြသည်။ ဇူလိုင်က ထုံးစံအတိုင်းအလိုက်သိစွာ လမ်းခွဲပြန်နှင့်သည်။

သက်ထက်က မြင့်မိုရ်နှင့်ဘေးချင်းယှဉ်လျက်နေရင်း ဘယ်သွားကြမလဲဟုမေးသည်။

သက်ထက်၏ အမေးစကားအဆုံးမှာ မြင့်မိုရ်က သက်ထက်၏ဝတ်စုံအရောင်လေးကို သေသေချာချာကြည့်လိုက်သည်။

"ဟား ဟား. . . မကြည့်နဲ့ကိုကို၊ ကိုကိုဘယ်လိုမှ စနောက်ခွင့်မရအောင် သက်ထက်အပိုင်ချည်လာတာ . . တဲ . . ပြောပြော . . ဘယ်ဆိုင်လဲ . . ဟား . . ဟား"

www.burmeseclassic.com

www.burmeseclassic.com



သက်ထက်ရယ်ရင်းနဲ့ပြောကာ သူစကားအဆုံးမှာ သူဟာသူ ဆက်ရယ်နေပြန်သည်။

မြင့်မိုရ်နှင့်သက်ထက်မှာက အစဉ်အလာ မလေ့စရိုက်ဏ လေးတစ်ခုရှိနေသည်။ နှစ်ယောက်သားအေးအေးဆေးဆေး စကား ပြောချင်၍ ဘယ်ဆိုင်မှာ ထိုင်ရမှန်းမသိလေတိုင်း မြင့်မိုရ်က သက်ထက် ဝတ်ဆင်လာသော ဝတ်စုံအရောင်ကိုကြည့်ကာ ဆိုင်ရွေးတက်သည်။

သက်ထက်ပန်းနုရောင်လေး ဝတ်လာသည့်နေ့က ပန်းနုရောင် ထိုင်ခုံများဖြင့် ခင်းကျင်းပြင်ဆင်ထားသည့် သိမ်ကြီးဈေး အောက်ထပ်ရှိ WONDERFUL တို့ ခေါ်သွားဖြစ်သည်။

သက်ထက် ချောကလက်ရောင် အညိုရောင်ဝတ်လာလျှင် MR.BROWN မှာ ကာဖီသွားသောက်ဖြစ်ကြသည်။

သက်ထက် အဖြူရောင်ဂါဝန်ရှည်လေးဝတ်လာသည့် နေ့တွေ မြန်တော့ My Milk မှာ နွားနို့သောက်ဖြစ်သည့်နှယ် အပြာရောင် ထဲ့ထဲ့လေးဝတ်လာပါက COFFEE BLUE ဆိုင်မှာ ထိုင်ဖြစ်သည်။

ရွှေရောင်ဝတ်လာလျှင် ရွှေပုဇွန်မှာ ရေခဲမုန့်သွားစားဖြစ်ပြီး အစိမ်းရောင်လေးဝတ်လာပါက စိမ်းလန်းစိုပြည်ကို သွားဖြစ်ခဲ့ကြသည်။

ဒီညနေ သက်ထက်က ခရမ်းရောင်တောက်တောက်ကလေး ဝတ်လာတော့ မြင့်မိုရ်ရုတ်တရက် ဘယ်ဆိုင်ကိုမှ စဉ်းစား၍မရ တော့ပေ။

သက်ထက်က မြင့်မိုရ် စဉ်းစားရခက်နေသည်ကို ကြည့်ပြီး သူဟာသူ ကျေနပ်နေသည်။နှစ်ယောက်သား မော်တော်ကားထဲမှာ အတူတူဝင်ထိုင်ပြီးသည့်တိုင် မြင့်မိုရ်ကားစက်မနှိုးဖြစ်သေးပေ။ ခရမ်း ရောင် . . . ဆိုတော့ ခရမ်းရောင်ဆိုတော့ . . .

ဟား သိပြီကွ . . . လာလိုက်ခဲ့တော့ သက်ထက်ရေ လေတစ်ချက်ချွန်လိုက်ရင်း မြင့်မိုရ်ကားစက်နှိုးလိုက်တော့သည်။ ထဲ . . . သက်ထက်ကလေး . . . မင်းဘာတတ်နိုင်သေးလဲ။

✿✿✿✿✿

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

ခြံဝင်းကြီးအတွင်းသို့ မြင့်မိုရ်၏ မော်တော်ကားဦးချိုးတွေ့လိုက်သည်နှင့် ရှုမျှော်ခင်းက တစ်မျိုးတစ်ဖုံ ဖြစ်သွားသည်။ ခေတ်ပေါ်ပုံဆန်း ဗိသုကာလက်ရာဖြင့် ဆောက်လုပ်ထားသော ခန်းမဆောင်သည် နန်းတော်လိုလို မျှော်စင်လိုလို လှပခန်းနားလွန်းသည်။ ခန်းမဆောင်ကြီး၏ထိပ်တွင် အင်္ဂလိပ်အက္ခရာအလုံး W ဒဗလျူဟု ရေးထိုးထားသည်။ နောက်တော့ သေသေချာချာကြည့်ပါမှ ဒဗလျူမဟုတ်ပဲ ဗွီဗွီ (VV) ဖြစ်နေသည်။

ကားပါကင်မှာကားထိုးဆိုက်ရပ်လိုက်ကာ ဝန်းကျင်ရှုခင်းကို ဝေ့ပြီး အကဲခတ်လိုက်သည်။ ခြံကျယ်ကြီးထဲမှာ စားပွဲဝိုင်းကလေးတွေချထားသည်။ စားပွဲရော ထိုင်ခုံရော စားပွဲပေါ်မှအလှစိုက်ပန်းအိုးရော ပန်းအိုးထဲမှ ပန်းပွင့်လေးများရော အားလုံးခရမ်းရောင် တွေချည်းပဲ ဖြစ်တော့သည်။

ကိုကိုက ခြံထဲမှာနေရာမယူပဲ ခန်းမထဲသို့ဝင်လိုက်သည်။

အို. . . ခရမ်းရောင်ကမ္ဘာထဲ ရောက်သွားသလိုပါပဲ။ မြင်ရတွေ့ရသမျှ အားလုံးခရမ်းရောင်တွေချည်းပါလား။ သတ်ထတ်နှင့် မြင့်မိုရ်တို့ စုံတွဲခန်းမထဲဝင်လာသည်ကို ရောက်နှင့်နေသူအားလုံးက စိတ်ဝင်တစားကြည့်လိုက်ကြသည်။

မျက်လုံးအစုံပေါင်းမြောက်များစွာကို ရုတ်ချည်းမြင်လိုက်ရသဖြင့် သက်ထက်အနည်းငယ်ရှက်လန့်တကြားဖြစ်သွားသည်။နောက်တော့မှ မိမိကိုယ်တိုင်က ခရမ်းရောင်ဝတ်စုံ ဆင်မြန်းလာ သဖြင့်သူတို့တွေ ထူးထူးခြားခြားကြည့်ကြတာပါပဲဟုနားလည်လိုက်သည်။

သည်ဆိုင်ပိုင်ရှင်ကတော့ ဘယ်နှစ်နှစ် ဘယ်နှစ်မိုးများ တွေးပြီး ရှာဖွေစုဆောင်းလာသည်မသိ။ ရှိရှိသမျှ အရာဝတ္ထုပစ္စည်းမှန်သမျှ ခရမ်းရောင်တွေချည်း။

ချစ်သူစုံတွဲများအတွက် သီးသီးသန့်သန့် ခွဲ်တွင်းထားခုံရ

www.burmeseclassic.com

www.burmeseclassic.com



သော နှစ်ယောက်စာဝိုင်းငယ်မှာ နေရာယူလိုက်သည်။ အစားစားရန် ဆန္ဒသိပ်မရှိပဲ စကားပြောကောင်းရုံသာလာခဲ့ကြသည်မို့ ဆင်းဒဝစ်ချ် တစ်ပွဲနှင့် Coke ပဲမှာလိုက်သည်။

"ကိုကို . . . ဒီဆိုင်ထိပ်မှာ ရေးထားတာVVဆိုတာ ဘာလဲဟင်"

ကိုကို မဖြေပဲ သက်ထက်နှင့် ခပ်စောင်းစောင်းနေရာတွင် ရေးထိုးထားသည့် နဖူးစည်းစာတမ်းကြီးကို ညွှန်ပြလိုက်သည်။ ကိုကို ပြုံတော့မှပဲ သည်ဆိုင်၏နာမည်ကို သက်ထက်မြင်သည်။

သက်ထက်ဖတ်ကြည့်လိုက်တော့မှ သဘောပေါက်သွား သည်။

VIOLET VARIETY ဆိုပါလား။ ဒါကြောင့် ခရမ်းနု၊ ခရမ်း ရင့်၊ ခရမ်းပြာ၊ ပန်းခရမ်း အရောင်အမျိုးမျိုးနဲ့ ခန်းဆီးစတွေ အရော ရောအနှောနှောချခင်းပြင်ဆင်ထားတာပဲ။

"သက်ထက်အပေါ်တည့်တည့်ကိုမော့ကြည့်လိုက်ပါအုံး။"

ကိုကိုကြည့်ခိုင်း၍ သက်ထက်ခေါင်းပေါ်ကိုမော့ကြည့်လိုက်သည်။

သည်စားသောက်ဆိုင်ခန်းမကြီး၏ မျက်နှာကြက်ကို မော့ကြည့် ရသည်မှာ အဆောက်အဦးတစ်ခု၏ မျက်နှာကြက်ကို မော့ကြည့်ရသည် နှင့်မတူပေ။ ခရမ်းရင့်ရောင်တိမ်စိုင်တိမ်လိပ်များ တလွင့်လွင့်မျောနေ သည့် မိုးကောင်းကင်ကြီးကို မော့ကြည့်ရသည်နှင့်တူနေသည်။

မည်သို့ မည်ပုံ တီထွင်ဖန်တီးထားမှန်း ပြောမပြတတ်အောင် လက်ရာက လှပဆန်းပြားသည်။

"သက်ထက်"

ကိုကိုက သူ့ကိုယ်ကို ရှေ့တိုးငုံ့ကိုင်း၍ လေသံသဲ့သဲ့ဖြင့် ခေါ်သည်။ မျက်နှာချင်းဆိုင်ထိုင်နေကြသည်မို့ နဖူးချင်းပင်ထိလုမတတ် နီးကပ်နေသော အနေအထားဖြစ်သည်။ သက်ထက်စိတ်ထဲရင်ထဲမှာ ဝုန်းဒိုင်းကြနေသဖြင့် ကိုကိုခေါ်သည်ကို နှုတ်အားဖြင့်ပြန်မထူးတော့ မျက်လွှာသာပင့်ကြည့်လိုက်တော့သည်။

"ကိုကို သက်ထက်ကို စကားတစ်ခွန်းပြောချင်တယ်"

"ခုလည်း တစ်ခွန်းမကအောင်ပြောနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှက်ကန်ကန်ပြီး ဘုတောလိုက်သည်။ ကိုကိုကလက်ကနဲ တစ်ချက်ပြုံးရင်းမှ "မတူဘူးလေ သက်ထက်ရဲ့ မနေ့ညက ကိုကိုပြောခဲ့တာ ပြန်ဆက်မယ်နော်။ နှစ်တစ်နှစ်ရဲ့။ အဦးဆုံး အစဆုံး ဒီနေ့လေးမှာ ကိုကိုသံယောဇဉ်အရှိဆုံး . . ."

သက်ထက်မျက်လွှာကိုချပစ်လိုက်ရုံသာမက ခေါင်းကိုပါငုံ့ချပစ်လိုက်သည်။

"တော်ပြီကွာ ဆက်မပြောနဲ့ သက်ထက်မှတ်မိတယ်"

ညက တယ်လီဖုန်းပြောသည်ဆိုခြင်းက တစ်ယောက်၏ အသံကို တစ်ယောက်ကြားရသော်လည်း ခုလိုမျိုးတစ်ယောက်မျက်နှာ တစ်ယောက်တွေ့တွေ့ဆိုင်ဆိုင်မြင်နေရသည်မှ မဟုတ်တာပဲ။ ပြောရဲ ဆိုရဲ ချွဲနွဲ့ရဲသည်ပေါ့။

"ပြောတော့ပြောမှာပဲ သက်ထက်ရဲ့ စကားဆိုတာက တန်းလန်းထားရတာမကောင်းဘူး။မပြောရင်လည်း လုံးဝမပြောပဲနေရုံပဲ၊ ပြောပြီဆိုရင်လည်းဆုံးခန်းတိုင်ပြောရတယ်။ ဒါပေမယ့် သက်ထက်ကို ကိုကိုတစ်ခုတောင်းပန်ချင်တယ်"

ကိုကိုက သူ့စကားကို ခဏနားသည် ရှေ့စကားများအတွက် အရှိန်ယူ အချိန်ယူကာလားမသိ သူ့ရှေ့မှ ဖျော်ရည်ကို တစ်ကျိုက်ယူသောက်သည်။

"ကိုကိုရှေ့ဆက်ပြောမယ်ဆိုတဲ့ စကားကို ရှေ့အပတ်ကျမှ ပြောပါရစေ။ကိုကိုတို့အခု မိသားစုကိစ္စ အရေးကြီးလို့ ခရီးတစ်ခုခဏသွားရမယ်။ သွားမှာရယ်၊ နေမှာရယ်၊ ပြန်မှာရယ် စုစုပေါင်းတစ် ပတ်တော့ကြာလိမ့်မယ်။ အဲဒီက ကိုကိုပြန်လာရင် သက်ထက်အတွက် တစ်ဘဝစာတန်ဖိုးမဖြတ်နိုင်တဲ့ လက်ဆောင်လေးတစ်ခု ယူလာခဲ့မယ်။ သက်ထက်စိတ်ရှည်ရှည်နဲ့ ကိုကို့ကိုစောင့်ပေးပါနော်"

သက်ထက် သက်ပြင်းတစ်ချက်ချလိုက်ပါသည်။ စိတ်ကိုလည်းအစွမ်းကုန်လျှော့ပစ်လိုက်သည်။

အလွန်တစ်ရာမှ ကြားချင်လွန်းလှ၍ မျှော်လင့်စောင့်စားခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



သော စကားလေးတစ်ခွန်းသည် သက်ထက်နှင့် အနီးဆုံးဆီသို့ တရွေ့ရွေ့လာပြီးပါမှ ပြန်လည်၍ ဝေးသွားရလေပြီပဲ။ ဘယ်တတ်နိုင်မှာလဲကွယ်။

မိန်းမသားဆိုတာ ပြောသူရှိမှ ကြားခွင့်ရတဲ့ဘဝလေးပဲ။

ကြေကွဲမျက်ရည်များက မျက်ဝန်းဆီသို့ချက်ချင်းပဲဝေ့တက်လာသည်။ မျက်လုံးအိမ်အတွင်းပြည့်လျှံလုနီးဖြစ်သော မျက်ရည်စများ မျက်ခမ်းဖျားပေါ် ကျူးကျော်ပြီး ပါးပြင်ဆီသို့သွယ်ကျမလာစေရန် မျက်တောင်ကို တဖျတ်ဖျတ်ခတ်လိုက်သည်။ မျက်နှာကိုပင့် လည်တိုင်ကိုမော့တာ မျက်ရည်စ, တို့ကို မျက်လုံးအိမ်ထဲ ပြန်သွတ် သွင်းလိုက်သည်။

ခေါင်းကိုမော့လိုက်သည့်အခိုက် မျက်စိအကြည့်က ခန်းမဆောင်မျက်နှာကြက်ဆီမှ ခရမ်းရင့်ရင့်မိုးတိမ်များကို မြင်လိုက်ရပြန်သည်။

"ကိုကို့ ကိုနားလည်ပေးပါလို့ အထပ်ထပ်အခါခါတောင်းပန်ပါတယ် သက်ထက်ရယ်။ခုအချိန်မှာ အားလုံးသော ပြဿနာတွေက ရှုပ်ထွေးနေကြတယ်။ ကိုကိုပြန်လာမှ ကိုကိုနဲ့ သက်ထက်တို့ အသက်ထက်ဆုံးအထိ အတူတူပျော်ကြရအောင်နော်။"

ဧည့်လိုင့် အိမ်ဆီသို့ ပြန်ပို့ရာလမ်းတလျှောက် ကိုကိုက သက်ထက်ကို အနူးအညွတ်တောင်းပန်သည်။ သက်ထက်ဘာဆိုဘာမှ ပြန်ပြောပြမနေတော့။ ခေါင်းမညိတ်ခေါင်းမခါ အသာလေးပဲ ငြိမ်နေလိုက်သည်။

"ကိုကိုသွားတော့မယ် သက်ထက်။ နောက်အပတ်ကျမှ ပြန်ဆုံမယ်နော် . . ."

လက်ပြနှုတ်ဆက် ထွက်ခွါသွားသောကိုကို့ ကိုသက်ထက် မျက်စိတစ်ဆုံး ငေးကြည့်နေလိုက်သည်။

မိသားစုပြဿနာတဲ့။

စည်းစောင့်တက်သော မိန်းကလေးမို့ စပ်စပ်စုစုမေးမဖြစ်လိုက်ပါ။

ကိုကို့မှာ ချစ်သူမရှိတာ သေချာနေသည်မို့ အခြားသောကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



များအတွက်နှင့်တော့ သက်ထက်တုန်တုန်လှုပ်လှုပ်ဖြစ်စရာ သိပ်မရှိလှပါ။

ဇူလိုင်တို့အိမ်ထဲသို့ နွေးကွေးလေးလံစွာ သက်ထက်ဝင်လာခဲ့သည်။

ဇူလိုင်အထင်တကြီးနှင့် နောက်ပြောင်ကျီစယ်နေသည်ကို မပူရုပ်ဟန်လုပ်ပြီး ဖြေရှင်းနေရသေးသည်။ ခရမ်းရင့်ရင့် မိုးတိမ်များနှင့် စားသောက်ဆိုင်လေးအကြောင်းကို ဇူလိုင်သွားရည်ယိုအောင် ပြောပြနေလိုက်သည်။

✿✿✿✿✿

## အခန်း(၈)

"သက်ထက်ရေ .. သက်ထက် .. ကိုလေးရေ ..တိုတို သက်ဝေရေ"

မနက်စောစောစီးစီး စန္ဒာ့အသံ စူးစူးရှရှကြောင့် အိမ်ရှေ့ ဧည့်ခန်းကို ကပျာကယာထွက်ခဲ့ရသည်။တော်ပါသေးရဲ့ ဖေဖေနှင့် ကိုကြီးက ဒီကနေ့ နိုင်ငံခြားဧည့်သည်များကို လေဆိပ်မှာသွားကြိုပြီး ဟိုတယ်ပို့ပေးစရာကိစ္စရှိသည်ဟုဆိုကာ အိမ်မှအစောကြီးထွက်သွားကြသည်။

သို့မဟုတ်ပါက စန္ဒာ့အသံကြောင့် ကာဖီရည်တွေသီးသွားနိုင်သည်ပဲ။

"ဘာဖြစ်လာတာလဲဟာ နင့်ကြည့်ရတာပျာပျာသလဲနိုင်လိုက်တာ။ မမနန္ဒာ လင်နောက်လိုက်သွားလို့လား"

သက်ထက်က နောက်လိုက်သည်။ စန္ဒာက ခါတိုင်းနှယ် ...... ပြန်ခြင်းမရှိပဲ လက်ထဲမှာအသင့်ယူလာသော သတင်းစာကို ...... သည်။ စန္ဒာ့လက်ညှိုးထောက်ထားရာ ကြော်ငြာဆီသို့ ကြည့်လိုက်သော ဘုရား ဘုရား ... ဘုရားသာ တ,လိုက်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မြင့်မိုရ်မိုးမင်း B.Sc (Physics)
နှင့်
မမေမမမိုး B.Sc (Chemistry)

နှစ်ဖက်မိဘဆွေမျိုးများ၏ သဘောတူညီချက်အရ မိုးကုတ်မြို့တွင် လက်ထပ်ပြီးစီးပါကြောင်းတဲ့။ ဟယ် .. ကိုကို မိုးကုတ်မှာ လက်ထပ်လိုက်ပြီ။

ဘယ်လိုဖြစ်တာလဲ။ ဘာတွေဖြစ်ကုန်တာလဲ။

သက်ထက်တစ်ကိုယ်လုံးထုံကျင်အေးစက်သွားသည်။ ရင်ခွင်ကို ဓါးထက်ထက်ဖြင့်ခွဲကာ အသည်း၊ အူ၊ နှလုံးသိမ်းကျုံးဆွဲထုတ်ခြင်း ခံလိုက်ရသည့်နှယ် လပ်ဟာပေါ့ပျက်သွားတော့သည်။ အဆုံးစွန် သောကြေကွဲရခြင်းကြောင့် ငိုရခြင်းအတတ်ကို သက်ထက်မေ့ကာ တောင့်တောင့်ကြီးဖြစ်သွားသည်။

"တဲ့ သက်ထက် သတိထားလေ .. အန်တီတို့ ကိုလေးတို့ သိသွားလိမ့်မယ်။

သက်ထက် ထိုင်ချလိုက် လာလာဆိုဖာပေါ်မှာ သက်သက်သာသာလေးနေလိုက်"

စန္ဒာတပဲ ဖုံးဖုံးဖိဖိ သိုသိုသိပ်သိပ်ကလေးပြင်ဆင်ပေးသည်။ သက်ထက်သောက်လက်စ ကာဖီပန်းကန်နှင့် သူ့အတွက်သူ့ဟာသူ တစ်ခွက်ငှဲ့ထည့်လာကာ ညှော်ခန်းထဲမှာ တွတ်တွတ်ထိုးသည်။

"ကိုကိုသိပ်ရက်စက်တယ်ဟာ။ သူမိုးကုတ်မှာ တစ်ပတ်ပဲကြာမယ်တဲ့။ ပြန်လာရင်ငါ့အတွက် တစ်ဘဝစာတန်ဖိုးမဖြတ်နိုင်တဲ့ လက်ဆောင်လေးယူလာပေးမယ်တဲ့။ မသွားခင်နောက်ဆုံးနေ့ကပြောသွားတာ"

သက်ထက် စန္ဒာ့ကို အခုမှပဲ ရင်ဖွင့်ပြလိုက်မိတော့သည်။ စန္ဒာက သူငယ်ချင်းကောင်းပီသစွာ သက်ထက်ရင်ဖွင့်ပြောပြနေသမျှ ဘာတစ်ခုမှ ဖြတ်မေးခြင်း၊ ဖြတ်ပြောခြင်း မရှိပဲနားထောင်ပေးပါသည်။

"မိုးကုတ်ကအပြန် သူယူလာပေးမယ့်လက်ဆောင်က ဒါပဲလား

www.burmeseclassic.com

www.burmeseclassic.com



စန္ဒာရယ်။ သူယူလာမယ့်လက်ဆောင်က မေမမိုးတဲ့ လားဟာ . . .”

သက်ထက်ကျိတ်ငိုနေသည်ကို ကြည့်ပြီး စန္ဒာလည်းရင်ထဲမှာ မကောင်းနိုင်ပါ။ သက်ထက်သူ့ကိုကို့ ကိုအဘယ်မျှချစ်သည်၊ အဘယ်မျှ စွဲလမ်းသည်ဆိုတာ စန္ဒာကောင်းကောင်းသိနေသည်ပဲ။

“ကိုကိုမြင့်မိုရ် နင့်ကိုသိပ်ချစ်တယ်ဆိုတာ ငါတို့ကောင်းကောင်း သိနေကြပါတယ် သက်ထက်ရယ်။ သူပြောခဲ့သလိုမိသားစု ပြဿနာဆိုတာ ဘာမှန်းမှမသိရတာ။ အဲဒီပြဿနာရှင်းမရလို့ ချက်ခြင်း ကြီးလက်ထပ်လိုက်ရတာဖြစ်မှာပေါ့”

စန္ဒာ မချော့တတ် ချော့တတ်နှင့် ကြံဖန်ချော့လိုက်ပါသည်။

သက်ထက်ကသာ ထုပ္ပနေ၍ ဘာမှသတိရနိုင်လိမ့်မည် မထင်။ စန္ဒာကတော့ မေမမိုးဆိုသည့် နာမည်လေးတစ်ခုကို နားထဲမှာ ကြားဖူးသလိုလို ခံစားနေရသည်။

✿✿✿✿✿

## အခန်း(၉)

လက်ထပ်သည့်သတင်းနှင့်ပက်သက်၍ မြင့်မိုရ်တ သက်ထက်ထံ ဘာဆိုဘာမှ ရှင်းလင်းတောင်းပန်ခြင်းမရှိ သော်လည်း သက်ဝေထံသို့ အမြန်ချောပို့နှင့် စာတစ်စောင် လှမ်းရေးလိုက်သည်။

*သူငယ်ချင်းအချင်းချင်းမို့ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ် သက်ဝေ၊ ငါ့ကိုခွင့်လွှတ်ပါလို့ မတောင်းပန်ချင်ပါဘူး။*

*ဒါပေမယ့် ငါဟာ လူယုတ်မာတစ်ယောက်မဟုတ် ဘူးဆိုတာတော့ အယူခံဝင်ချင်တယ်၊ နန္ဒာ့ဆီမှာ မိုးတုတ်ထော စာလေးတစ်စောင်ရောက်နေလိမ့်မယ်၊ ငါနဲ့နန္ဒာ့ထွေး ခင်မင်နေတယ်ဆိုတာ မမမိုးမသိပေမယ့် နန္ဒာနဲ့မမမိုး သူငယ်ချင်းတွေဆိုတာ မကြာခင်ကမှ ငါသိခဲ့ရတယ်၊ နန္ဒာ*

www.burmeseclassic.com



ဆိ မမမိုးရေးလိုက်တဲ့စာ မင်းယူဖတ်ပြီးရင် မင်းငါ့ကို ခွင့်လွှတ်ချင်လွှတ် ခွင့်မလွှတ်နိုင်ရင်လည်း စွန့်လွှတ်လိုက်ပါ။ ဒါပေမယ့် ငါတစ်ခုတော့တောင်းပန်ပါရစေ။ ဒီကိစ္စတွေ သက်ထက် လုံးဝမသိပါစေနဲ့ အဖြစ်မှန်တွေသိလိုက်ရလို့ သက်ထက်နာကျင်သွားရမှာထက် အကျိုးအကြောင်းမသိရပဲ သက်ထက် ငါ့ကိုနာကျည်းသွားပါစေ။ သက်ထက်ငါ့ကို အသက်ထက်ဆုံးနာကျည်းသွားပါစေ . . .။

တစ်ချိန်က မင်းရဲ့အချစ်ဆုံး
သူငယ်ချင်း မြင့်မိုရ်
ခေတ္တမိုးကုတ်မြို့

✿✿✿✿✿

## အခန်း(၁၀)

မေမမမိုး၏ စာလေးကို ပထမဆုံး နန္ဒာဖတ်သည်။
ပြီးတော့ ကိုသက်ဝေဖတ်သည်။
ပြီးတော့မှ စန္ဒာဖတ်ရသည်။

ချစ်သူငယ်ချင်းနန္ဒာရေ . . .

မေမိုးတို့ ဘွားဘွားကြီးရဲ့ ကျန်းမာရေးအခြေအနေအရ မိုးကုတ်မှာမေမိုးမလွှဲမရှောင်သာပဲ လက်ထပ်လိုက်ရပါပြီ။ သူငယ်ချင်းတွေကို ဘယ်လိုမှ လှမ်းပြီးမဖိတ်ကြားနိုင်တာကိုတော့ နားလည်ခွင့်လွှတ်ပေးစေချင်ပါတယ်။

ကိုလတ်အတွက် မေမိုးတကယ်ပဲ စိတ်မကောင်းဖြစ်ရပါတယ်။ ကိုလတ်ကို နန္ဒာကတစ်ဆင့် မေမိုးအနူးအညွှတ်တောင်းပန် တယ်လို့ ပြောပြပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်အိမ်မှာ မင်းမင်းရယ် မေမိုးရယ် နှစ်ဖက်မိဘတွေရယ် ဆွေးနွေးတိုင်ပင်ပြီး ခွင့်ပြုချက်ရခဲ့လို့ မေမိုး ကိုလတ်ကို အဖြေပေးလိုက်မိတာပါ။ နန္ဒာတို့ စန္ဒာတို့ကိုတောင်မှ မင်္ဂလာပွဲ မကြာခင်လာမယ် အကျီအသစ်တွေချုပ်ထားလို့ သေချာပေါက်ပြောခဲ့မိသေးတာပဲ။

ဒါပေမယ့်နန္ဒာရယ် မေမိုးတို့ တစ်မျိုးလုံးမှာ ဘွားဘွားကြီးရဲ့ ဩဇာနဲ့ အရှိန်အဝါကို ငြင်းဆန်ရဲသူ မရှိကြပါဘူး၊ ခုတော့ ဘွားဘွားကြီးက လူကြီးရောဂါနဲ့ အသည်းအသန် ဖြစ်နေတယ်ဆိုတော့ ပိုပြီးလိုက်လျောကြရပါတယ်။

စန္ဒာသက်ပြင်းမောတစ်ချက်ကို ချလိုက်မိပါသည်။

မမနန္ဒာ သည်စာလေးတစ်စောင် စန္ဒာ့ကို လာဖတ်ခိုင်းတော့ ဘာစာလဲမမနန္ဒာရဲ့။ ဘာဖြစ်လို့ စန္ဒာ့ကိုလာဖတ်ခိုင်းနေရတာလဲ။ သူများကိစ္စစပ်စပ်စုစုမပါချင်ပါဘူးဟု ငြင်းခဲ့သေးတယ်။ မမနန္ဒာတဖတ်မှာသာ ဖတ်စမ်းပါ တဖြည်းဖြည်းသဘောပေါက်လာလိမ့်မယ်ဟု ပြောသည်။

တကယ်တော့ မင်းမင်းနဲ့ မေမိုးက မောင်နှမတွေပါ ပွင့်ပွင့်လင်းလင်းပြောရရင် မေမိုးက ဖေဖေဘက်က ပါလာတဲ့ သမီးဖြစ်ပြီး မင်းမင်း (မြင့်မိုရ်)က မေမေ့ဘက်ကပါလာတဲ့သားပါ။ မေမိုးရဲ့ မေမေအရင်းက မေမိုးမွေးပြီးပြီးချင်းမှာပဲဆုံးပါးဖိတ်စင်သွားသလို မင်းမင်းရဲ့ ဖခင်ရင်းကလည်း ကွယ်လွန်သွားခဲ့လေတော့ ငယ်ချစ်ဦး တွေဖြစ်ကြတဲ့ ဖေဖေနဲ့ မေမေတို့က ဒုတိယအိမ်ထောင် ထူခဲ့ကြပါတယ်။ အဲဒီတုန်းမှာကတည်းက ဘွားဘွားကြီးက အသိသက်သေ ဆွေမျိုးအားလုံးရဲ့ရှေ့မှာ ကတိစကားတစ်ခွန်းနဲ့ မေမေ့ကို နောက်အိမ်ထောင်ပြုဖို့ ခွင့်ပြုခဲ့တာပါ။

မေမိုးရေးလိုက်သော စာရေးစက္ကူ၊ စာတစ်မျက်နှာ ကုန်ဆုံးသွား၍ ဒုတိယမျက်နှာကို စန္ဒာလှန်ပြီးဆက်ဖက်လိုက်သည်။

မိုးကုတ်မြို့မှာ သိန်းပေါင်းမရေမတွက်နိုင်အောင် ချမ်းသာတဲ့ ဘွားဘွားကြီးဟာ သူ့စည်းစိမ်ဥစ္စာ စီးပွါးရေးလုပ်ငန်း တွေတစ်ခြားကို ပြန့်ကြဲသွားမှာ စိုးရိမ်တဲ့အပြင် သူ့မျိုးရိုးစဉ် ဆက်ထဲကို သူစိမ်းတော

www.burmeseclassic.com



ရင်သွေးကွဲအမွေလုကြမှာမလိုလားလို့ ဆွေမျိုး အချင်းချင်းကိုပဲ ပြန်ပြီး လက်ထပ်ပေးတတ်ပါတယ်။ မင်းမင်းနဲ့မေမိုး အရွယ်ရောက်လာရင်လည်း ပြန်လက်ဆက်ပေးရမယ်ဆိုတဲ့ ကတိ စကားနဲ့ မင်းမင်းရဲ့ မေမေနဲ့ မေမိုးရဲ့ဖေဖေကို ပြန်လက်ထပ်ဖို့ ခွင့်ပြုခဲ့တာပါ။

သြော် ဒီလိုကိစ္စမျိုးတွေရှိနေလို့သာ ကိုမြင့်မိုရ်တစ်ယောက် သတ်ထက်ကို ခပ်ရှောင်ရှောင်နေတတ်တာပဲဟု စန္ဒာသဘောပေါက်လိုက်ရတော့သည်။ အကျိုးအကြောင်းအစုံအလင်သိလိုက်ရပြန်တော့ ကိုမြင့်မိုရ်ကိုသူတို့ အပြစ်မတင်ရက်တော့ပါ။ စန္ဒာလည်း ခွင့်လွှတ်နိုင်ခဲ့သည်။ နန္ဒာလည်းခွင့်လွှတ်နိုင်ခဲ့သည်။ သက်ဝေလည်း ခွင့်လွှတ်နိုင်ခဲ့သည်ဟု မမနန္ဒာက စန္ဒာ့ကို ပြောပြပါသည်။

နန္ဒာရယ် . . . မေမိုးမှာသိပ်ချစ်ရတဲ့ ကိုလတ်ရှိနေသလို မင်းမင်းမှာလည်းသူသိပ်ချစ်တဲ့ ကောင်မလေးငယ်ငယ်လေးတစ်ယောက်ရှိနေတယ်ဆိုတာ မိုးကုတ်မသွားခင်လေးကမှ မေမိုးတို့ သိလိုက်ရပါတယ်။ ဖေဖေတို့မေမေတို့ကို အရဲစွန့်ပြောပြပြီး ဖေဖေတို့မေမေတို့ နားလည်လက်ခံပေးကြလို့ မေမိုးတို့တွေ မိုးကုတ်က ဘွားဘွားကြီးဆီကို တပျော်တပါးတတ်သွားကြတာပါ။ ဒါပေမယ့် ဘွားဘွားကြီးက တန့်တွက်ပါတယ်။

စန္ဒာဖြစ်ရပ်အစုံအလင်ကို တဖြည်းဖြည်းချင်း သဘောပေါက်လာခဲ့ပါပြီ။

သို့အတွက်ကြောင့် ကိုမြင့်မိုရ်၏ လက်ထပ်ပြီးစီးခြင်း သတင်းလွှာကို ဖက်ပြီးသက်ထက်ရှိုက်ကြီးတငင် ငိုခဲ့ရင်း "ကိုကိုသိပ်ရက်စက်တာပဲ စန္ဒာရယ်၊ သူမိုးကုတ်ကပြန်လာရင် ငါ့အတွက် တစ်ဘဝစာ တန်ဖိုးမဖြတ်နိုင်တဲ့ လက်ဆောင်ကလေးပေးမယ်လို့ ပြောသွားခဲ့တာ" ဟု သက်ထက်ပြောခဲ့သည်ပဲ။

မေမမမိုးသည် သူရေးလိုက်သော သည်စာထဲ၌ သူမ၏ အကျပ်အတည်းကို ဖွင့်ပြောရှင်းပြနေသည်မှာ ကိုမြင့်မိုရ်၏ အခက်အခဲကိုပါ ရှင်းပြပေးနေသည်နှင့် အတူတူပဲဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်အတွက် မေမိုးအရမ်းပဲ ကြေကွဲထိခိုက်နေရသလို မင်းမင်းလည်းသူ့ကောင်မလေးအတွက် သိပ်ကို စိတ်ထိခိုက်နေပါတယ်။ ဒါပေမယ့် နန္ဒာရယ် "နင်တို့နှစ်ယောက်ဝတ္ထုတွေ ရုပ်ရှင်တွေထဲကလိုဟန်ဆောင်လင်မယားအဖြစ်နေပြီး ကိုယ့်ရည်းစားနဲ့ကိုယ်ပြန်ပေါင်းနိုင်ဘို့အတွက်ငါသေမယ့်ရက်ကိုမျှော်နေကြတယ်ဆိုရင်တော့ ခုကတည်းက ငါ့ကိုယ်ငါသတ်သေပစ်လိုက်မယ်"တဲ့လေ။ ဘွားဘွားရဲ့စကားက မေမိုးတို့အားလုံးရဲ့ မျှော်လင့်ချက်တွေကိုချုပ်ငြိမ်းစေခဲ့ပါပြီ။ ချစ်သူကိုယ်စီရှိကြလို့ ဖွင့်ပြောခွင့်တောင်းမိပါမှ မင်္ဂလာပွဲက အမြန်ဆုံးဖြစ်လာခဲ့ရတော့တာ။ ပြီးတော့ မင်းမင်းနဲ့ မေမိုးကိုစား သောက်စရာအစုံအလင်နဲ့ အိမ်လေးတစ်လုံးထဲမှာ သော့ခတ်ပိတ်ထားခဲ့ကြတာ

ဒုတိယစာမျက်နှာလေးက ကုန်ဆုံးသွားခဲ့ပြန်သည်။

နောက်စာမျက်နှာလေးကို စန္ဒာဖတ်ကြည့်လိုက်သည်။

အခုဒီ စာလေးကိုတောင်မှ အမှိုက်လာသွန်တဲ့ အကူကောင်လေးကို ပိုက်ဆံပေးပြီးအပ့်ခိုင်းရတာ။ မင်းမင်းကိုလည်း ဘယ်သူ့ဆီ စာရေးမလဲလို့ မေးတော့ သူကအားလုံးကိုလက်မြှောက် အရှုံးပေးလိုက်ပါပြီတဲ့။ မမဘယ်သူ့ဆီစာရေးနေတာလဲမေးလို့ မေမိုးက မမအချစ်ဆုံးသူငယ်ချင်း နန္ဒာဆိုတာရှိတယ် ဖိုးစိန် လမ်းထဲမှာနေတာ။ သူ့ဆီစာရေးရင် သူက ကိုလတ်ကိုရှင်းပြပေး လိမ့်မယ်လို့ပြောရတယ်။

နန္ဒာရေ ဆန်းတော့ဆန်းတယ်သိလား။ မမသူငယ်ချင်းက ဖိုးစိန်လမ်းထဲက နန္ဒာလား။ ဒါဆိုလည်းပြီးတာပါပဲ။ မမသူငယ်ချင်းကို ရှင်းပြနိုင်ရင် အတူတူပါပဲလို့ မင်းမင်းကပြောနေတယ်။ မင်းမင်းစကားကို မေမိုးနားမရှင်းပေမယ့် နှစ်ယောက်လုံးအရမ်းကို ကြေကွဲထိခိုက်နေကြတာမို့ ဘာမှထပ်မမေးလိုက်တော့ပါဘူး။ ကြည့်စမ်းပါအုံးတွယ်တိုက်ဆိုင်လိုက်တာ။ မမနန္ဒာနဲ့ မမမိုး သူငယ်ချင်းဆိုတာ ကိုမြင့်မိုရ် သိလိုက်ရပေမယ့် စန္ဒာတို့ နန္ဒာတို့နဲ့ ကိုမြင့်မိုရ် သူငယ်ချင်းတွေဆိုတာတော့ မမမိုးမသိရှာပါလား။

မေမိုးမှာရင်ဖွင့်စရာဆိုလို့ နန္ဒာတစ်ယောက်တည်းပဲရှိ စာ

www.burmeseclassic.com



တော်တော်ရှည်သွားပြီကွယ်။ နန္ဒာအလှည့်မှာ ချစ်တဲ့သူနဲ့ လက်ထပ်ရသူ အတူတူပဲဖြစ်နိုင်ပါစေ။ မေမိုးလည်းသော့ခပ်ထားတဲ့ အိမ်ကြီးထဲက ဘယ်တော့မျှမှ ထွက်ခွင့်ရမလဲမသိပါဘူး။ ဘွားဘွားရဲ့ ရည်ရွယ်ချက်ကို ကြည့်ရတာကတော့ မေမိုးကိုယ်ဝန်ရပြီးနာဖျားမကျန်း ဖြစ်တော့မှပဲ လွှတ်ပေးမယ်ထင်ပါတယ်။ မေမိုးအတွက်ငှက်ကလေး တွေလွှတ်ပြီး ကောင်းမှုပြုပေးပါနော်။ နန္ဒာစိတ်ချမ်းသာနိုင်ပါစေ။

မေမမမိုး

ခေတ္တ မိုးကုတ်မြို့

စာအဆုံးမှာ စန္ဒာမျက်ရည်ပေါက်ပေါက်ကျရသည်။

နဘေးကိုကြည့်လိုက်တော့ မမနန္ဒာလည်းမျက်ရည်ပေါက်ပေါက်ကျနေသည်။

✿✿✿✿✿

## အခန်း(၁၁)

မျက်ရည်တွေဖိုးဖိုးပေါက်ပေါက်ကျရင်းနှင့် လှမ်းပေးလိုက်သော စာလေးတစ်စောင်ကို စန္ဒာလက်ထဲမှ သက်ထက်လှမ်းယူလိုက်သည်။

" ချစ်သူငယ်ချင်း နန္ဒာရေ " ဟု အစချီထားသဖြင့် ဟာသူများစာမဖတ်ချင်ပါဘူးဟု သက်ထက်ငြင်းခဲ့သည်။ စန္ဒာက ဖတ်မှာသာဖတ်စမ်းပါ။ မမနန္ဒာရဲ့ စာဆိုပေမယ့် တို့အားလုံးအတွက် စာပါပဲဆိုသဖြင့် ဖတ်ကြည့်လိုက်သည်။

စာအဆုံးမှာ သက်ထက်ရှိုက်ကြီးတငင်ငိုချလိုက်တော့သည် စန္ဒာက သက်ထက်ကို ပွေ့ပိုက်နှစ်သိမ့်ရသည်။

မမနန္ဒာကိုရည်ညွှန်း၍ရေးခဲ့သော မေမမမိုး၏စာလေးသည် သက်ထက်တို့အားလုံးအတွက်ရည်ညွှန်း၍ ရေးလိုက်သလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



" အဖြစ်မှန်တွေသိလိုက်ရလို့ သက်ထက်နာကျင်သွားရမှာထက် အကျိုးအကြောင်းမသိရပဲ သက်ထက်ငါ့ကို နာကျည်းသွားပါစေ "ဟု မြင့်မိုရ်ကသက်ဝေကို တောင်းပန်ခဲ့သည်။ သက်ဝေပြောပြ၍ နန္ဒာသိခဲ့ရသည်။ နန္ဒာသိတော့ စန္ဒာလည်းသိပါသည်။ သို့သော်လည်း မြင့်မိုရ်၏ တောင်းပန်ချက်ကို စန္ဒာရော၊ နန္ဒာပါမလိုက်နာနိုင်ခဲ့ပါ။

သိပ်ချစ်ကြသော ချစ်သူအချင်းချင်း အထင်မလွဲစေချင်၊ မနာကျည်းစေချင်သည်မို့ မေမမမိုး၏ စာလေးကို သက်ထက်ထံ လက်ဆင့်ကမ်းလိုက်ကြခြင်းပါပဲလေ။

✿✿✿✿✿

## အခန်း(၁၂)

သက်ထက် သူ့အခန်းလေးကို စိတ်တိုင်းကျပြင်ဆင်နေလိုက်သည်။

မူလက အဝါရောင်ဖျော့ဖျော့ရှိသော အခန်းနံရံကို ခရမ်းရောင် သုတ်ဆေး မရရအောင်ဖန်တီးရောစပ်၍ဆေးပြန်သုတ်သည်။ နံရံမှာ သာမက အခန်းမျက်နှာကြက်မှာပါသုတ်သည်။

ပြတင်းတံခါးများနှင့် အခန်းအဝင်အထွက်တံခါးများတွင် ခရမ်းရောင် ခန်းဆီးလိုက်ကာများပြောင်းလဲ တပ်ဆင်လိုက်သည်။

အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ ဖက်အုံးစွပ်၊ စောင်၊ ခြင်ထောင် အစစအရာရာ ခရမ်းရောင်ပစ္စည်းများသာ မရမကရှာဝယ်သည်။ ကုတင်နှင့် ကပ်လျက်ရှိသည့် သက်ထက်၏ စာရေးစားပွဲအခင်းနှင့် ထိုင်ခုံ ကျောမှီ အစွပ်များကိုလည်း ခရမ်းရောင် အဆင်အသွေးများသာသုံးသည်။

အခန်း၏မျက်နှာကြက်တွင် မှောင်မှောင်မည်းမည်းထဲ၌ မီး စုန်းဓါတ်ဖြင့် လင်းနိုင်သော လခြမ်းကွေးကွေးလေးနှင့် ကြယ်ပွင့်လေး များကပ်ထားသည်။ ထိုအခါ သက်ထက်အိပ်ရာထဲ ပက်လက်လှဲအိပ် လိုက်လျှင် ညမှောင်မှောင်ထဲ၌ မျက်နှာကြက်ကို ကြည့်ရသည်မှာ မိုးကောင်းကင်ကြီးကို မော့ကြည့်နေရသည်နှင့် တူလှသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ခြင်ထောင်အမိုးကလည်း ခရမ်းရောင်ပဲဆိုတော့ လေအဝှေ့တွင် ခြင်ထောင်အမိုးတလူးလူးတလွန့်လွန့် လှုပ်ရှားနေသည်မှာ ခရမ်းရောင်မိုးတိမ်လေးများကောင်းကင်ပြင်တွင် ရွေ့လျားနေသည်နှင့် တူလွန်းလှသည်။

ကိုကိုနှင့်သက်ထက်တို့ နောက်ဆုံးတွေ့ခဲ့ကြရသည့်နေ့က နောက်ဆုံးအတူတူထိုင်ခဲ့ကြသည့် ဆိုင်ကလေး၏ အခင်းအကျင်း အပြင်အဆင်နှယ် သက်ထက်မွမ်းမံ ဖန်တီးထားခြင်းပါပဲ။

VIOLET VARIETY ဆိုသည့်နာမည်ကလေးအတိုင်း ခရမ်းရောင်မှာကလည်း ခရမ်းနု၊ ခရမ်းရင့်၊ အပြာရောင်ပိုကဲသော ခရမ်းပြာ၊ အနီရောင်ပိုကဲသော ပန်းခရမ်းစသဖြင့် အမျိုးမျိုး အဖုံဖုံ အထွေထွေအပြားပြား ရှိသည်လေ။ အချစ်ဆိုတာကလည်း ဒီလိုပါပဲ။

သိမ်သိမ်မွေ့မွေ့ ငြင်ငြင်သာသာ ငြိမ့်ငြိမ့်အေးအေးလေး ချစ်သောအချစ်. . . .၊ အရူးအမူး လွန်လွန်ကဲကဲ ချစ်သော အချစ်. . . ချစ်သူကိုမရမနေ အတင်းအကျပ် ပိုင်ဆိုင်ချုပ်ကိုင်လိုသော အချစ် . . . .၊

ချစ်သူအပေါ် အစစ အရာရာ နားလည်ခွင့်လွှတ်နိုင်ပြီး ပေါင်းရသည်ဖြစ်စေ မပေါင်းရသည်ဖြစ်စေ အသက်ထက်ဆုံး နောက်ဆုံး ထွက်သက်တိုင် စွဲမြဲစွာ ချစ်နိုင်သောအချစ်စသဖြင့် အမျိုးမျိုးအဖုံဖုံ အထွေထွေ အပြားပြားရှိလေသည်ပဲ။

သက်ထက်ကတော့ အသက်ထက်ဆုံး ကိုကို့တစ်ယောက်တည်းကိုသာ နင့်နင့်သီးသီး နက်နက်ရှိုင်းရှိုင်းချစ်သွားပါတော့မည်။ ကိုကိုသစ္စာမဲ့၍ ဝေးခဲ့ကြရတာမှ မဟုတ်တာ။ ကိုကို သက်ထက်ကို တကယ်ချစ်၍ မိသားစုပြဿနာဖြေရှင်းနေရင်း မမျှော်လင့်ပဲ ဝေးခဲ့ကြရတာလေ။ သက်ထက် ကိုကို့ကို ဘယ်လိုမှ မနာကျည်းနိုင်ပါဘူး။

" ညီမလေး နာမည်က သက်သက်လား၊ ထက်ထက်လား"

" ဟာ . . . တယ်မိပါလားကွ။ မောင်နှမသုံးယောက်စလုံး နာမည်တွေသိပ်လှကြတာပဲ "

www.burmeseclassic.com

www.burmeseclassic.com



" စိတ်မဆိုးပါနဲ့ သက်ထက်ရယ်။ ကျပ်စေ့တစ်စေ့ကို လေထဲ မြှောက်လိုက်ရင် မြေပြင်ပေါ် ပြန်ကျတဲ့အခါ သူ့ဟာသူ ကျချင် တဲ့ဘက်ကို ကျမှာပေါ့ကွာ။ ကိုကိုလည်း ဘာတတ်နိုင်မှာလဲ "

"နှစ်တစ်နှစ်ရဲ့ ဦးဆုံးနေ့စွဲလေး၊ အစအဦးဆုံး အချိန်အခါ လေးမှာ ကိုကို အခင်မင် အတွယ်တာဆုံးသူလေးရဲ့ အသံကိုကြား ချင်တယ် "

" ကိုကိုပြန်လာရင် သက်ထက်အတွက် တစ်ဘဝစာတန်ဘိုး မဖြတ်နိုင်တဲ့ လက်ဆောင်လေးတစ်ခုယူလာခဲ့မယ် "

ကိုကိုပြောခဲ့ဖူးသည့် စကားလေးများ ကြားယောင်နေပါသည်။

သက်ထက်မှာ ခရမ်းရောင်ကမ္ဘာလေးရှိသည်။ အဲဒီခရမ်း ရောင်ကမ္ဘာမှာ ခရမ်းရောင်မိုးကောင်းကင်ကြီးရှိသည်။ အဲဒီ မိုးကောင်း ကင်မှာ ခရမ်းရောင် မိုးတိမ်ကလေးတွေလွင့်မျောနေကြသည်။

ကိုကိုနှင့် သက်ထက် အပြင်မှာမဆုံဆည်းနိုင်ကြပါသော်လည်း သည်ကမ္ဘာသည်ကောင်းကင်သည် မိုးတိမ်ကလေးများထဲ၌ ဆုံဆည်း နိုင်ကြသည်။

ခရမ်းရောင် မိုးတိမ်ကလေးများက သက်ထက်အတွက် ကိုကို့ ထံမှ လက်ဆောင်လေးတစ်ခုယူလာပေးပါလိမ့်မည်။

အလွမ်းရင့်တော့ မိုးတိမ်ကလေးများသည်လည်း ခရမ်းရောင် ရင့်ရင့်လေး ဖြစ်လာတော့သည်။

BURMESE CLASSIC

မျက်ဘွယ်

www.burmeseclassic.com